www.burmeseclassic.com

# မမသဒ္ဒါမောင်

အသက်လို



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ဒုတိယအကြိမ်၊ ၂၀၀၅၊ မေ။

ထုတ်ဝေသူ - ဦးအေးလွင် (ဝ၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (ဝ၈၂၁ဝ) ရွှေပဒေသာ[illegible]ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ဈေး - ၁၆ဝဝ ကျပ်

အုပ်ရေ - ၅ဝဝ အုပ်

၈၉၅.၈၃

မမသဒ္ဒါမောင်

အသက်လို / မမသဒ္ဒါမောင်။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၀၄ ။

၁၉၂ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) အသက်လို

www.burmeseclassic.com

www.burmeseclassic.com

## မမသဒ္ဒါမောင်

# အသက်လို

www.burmeseclassic.com

www.burmeseclassic.com

အဝ...

www.burmeseclassic.com

www.burmeseclassic.com

အမ...

www.burmeseclassic.com

www.burmeseclassic.com

သချင်းနိုင်က...

[illegible]

ရှေ့ဆက်လျှောက်ပါတော့မယ်...

ရွှေပဒေသာစာပေ

www.burmeseclassic.com

## အခန်း (၁)

ညအချိန်မတော်ကြီး မြည်လာသည့်ဖုန်းကို ထကိုင်လိုက်ရင်း ဒယ်ဒီ က သူ့ကို ဆေးအိတ်အသင့်ပြင်ခိုင်းလိုက်သဖြင့် ဆေးခန်းထဲပြေးဝင်၍ သည့်နေကျဆေးတို့ကို စနစ်တကျထည့်လိုက်၏။ တစ်ခါသုံးအပ်ဘူးကို မမေ့မလျော့ ထည့်ပြီးချိန်မှာ ဒယ်ဒီက ကားကို ဂိုထောင်ထဲမှ အသင့် ထုတ်ပြီးနေလေပြီ။

"မွန်းရေ. . . အိမ်တံခါးကို သေချာပိတ်ထားနော်၊ ကိုယ့်အသံကြား မှ ထဖွင့်ပေး။ ညသိပ်နက်နေတော့ ကိုယ် သားကိုအဖော်ခေါ်သွားမယ်"

"ဟုတ်ကဲ့ပါ ကို"

သူ ရှေ့ခန်းတံခါးကိုဖွင့်၍ တက်အပြီးမှာ ဒယ်ဒီ့ကားလေးက လေး ညို့မှ ပစ်ခွင်းလိုက်သည့်မြားတစ်စင်းလို ခြံထဲမှထွက်ခဲ့ပြီး သုံးလမ်းကျော် လမ်းထဲသို့ ချိုးကွေ့ဝင်ခဲ့သည်။ အချွန်အတက် စုလစ်မွန်းချွန်တို့ဖြင့် ခန့်ဝနေသော သစ်သားအိမ်ကြီးရှေ့ရှိ ဝင်းအဝမှာ ကားဟွန်းကို သုံး



www.burmeseclassic.com

www.burmeseclassic.com



ချက်မှုတ်လိုက်စဉ် ခြံတံခါးကို လူကြီးတစ်ဦးက ပြေးဖွင့်ပေးလေ၏။ ဆင်
ဝင်အောက်သို့ ကားကိုမောင်းဝင်၍ ရပ်လိုက်ပြီးချိန်မှာ ကျွန်းတံခါးကြီးက
အဆင်သင့်ပွင့်နေလေပြီ။ အိမ်ထဲမှာ ခန့်ထည်သော လူကြီးတစ်ဦးက
ရပ်စောင့်နေလေ၏။

"မောင်ရင်က. . ."

"ကျွန်တော်က ဒေါက်တာသစ္စာရဲ့ သူငယ်ချင်း ဒေါက်တာကျော်သ
ပါ. . . ဦး။ သစ္စာ. . . ဆေးရုံမှာ Duty ဝင်နေလို့ ဦးတို့ဖုန်းဆက်တာကို
ကျွန်တော့်ကိုလွှဲပေးလိုက်လို့ လာခဲ့တာပါ"

"ဪ. . . အထဲကိုလာခဲ့ပါ"

ကျွန်းလှေကားကြီးထက်မှ ဘီးဆံထုံးမြင့်မြင့်ကြီး ထုံးထားသည့်
အဘွားကြီးတစ်ဦး ဆင်းလာလေ၏။

"ဟင်! ကိုသစ္စာလည်း မဟုတ်ပါလား"

"ဟုတ်တယ် ဖမကြီးရေ၊ ကိုသစ္စာ မအားလို့ လူချိန်းပေးလိုက်
တာတဲ့"

"ဪ. . . ကြွပါ ဆရာ၊ ကလေးက အပေါ်ထပ်အခန်းထဲမှာပါ"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်၊ တော်တော်များများ အဖျားတက်နေလို့လား"

"မပြောချင်တော့ပါဘူး ဆရာရယ်၊ ခေါင်းလျှော်ပြီး ခြောက်အောင်
မသုတ်ဘဲ အိပ်ပျော်သွားလို့ ခုလိုဖြစ်ကုန်တာပါပဲ"

လှေကားကြီးမှတစ်ဆင့် အပေါ်ထပ်ကိုတက်လာခဲ့ပြီး အခန်းတံ
ကို ဖွင့်လိုက်ပါ၏။ မွှေးကြိုင်သင်းပျံ့သည့်ရနံ့တစ်မျိုးက သူ့နှာခေါင်းဝ
ဆီးကြိုတိုက်ခတ်လာလေ၏။ အင်း. . . အချိန်ကလည်း ညချိန်မတော်
လာရတာက ဘုန်းကြီးကျောင်းလိုလို၊ နတ်ကွန်းလိုလိုအိမ်ကြီးကို၊ ရလိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အနံ့က အမွှေးအကြိုင်။ မုဒွေါ! သူတို့သားအဖတော့ ဥစ္စာစောင့်တွေနေတဲ့အိမ်ကြီးကိုများ ရောက်လာခဲ့လေသလား။ ဖွ! လွဲပါစေ. . . ဖယ်ပါစေ။

"မိမိရေ. . . ဆရာဝန်လာပြီ၊ ခဏဖယ်ပေးဦး"

"ဟုတ်ကဲ့ပါ မယ်မယ်"

ဘီးခုံထိုးနှင့် နောက်ထပ် ခပ်လတ်လတ်အရွယ်အမျိုးသမီးကြီးက ဓာတ်ဘင်ခေါးရှိရုံမှာ ထိုင်နေရာမှ ဖယ်ပေးလိုက်သဖြင့် ကုတင်ထက် ပက်လက်လေး အိပ်ပျော်နေသည့်လူနာကို မြင်လိုက်ရလေ၏။ သူ. . . ကြက်သီးတွေ ဖြန်းခနဲထသွားရင်း နှလုံးခုန်သံက ဒိန်းခနဲမြည်ဟီးသွားလေတော့သည်။

ကြည့်ပါဦး. . . တစ်ပတ်နွမ်းအင်္ကျီဖြူကို ချိတ်လုံချည်အနက်လေးနှင့်တွဲဝတ်၍ လဲလျောင်းနေသည့် ဖြူဖျော့ဖျော့မိန်းကလေးကား သူဖတ်ခဲ့ဖူးသည့်စာအုပ်တွေထဲမှ နတ်သမီးလေးတစ်ပါးလို အပြစ်ကင်းစွာ လှပလွန်းနေ၏။ နက်မှောင်လွန်းပါသည့်ဆံနွယ်တို့က မွေ့ရာခင်းအဖြူရောင်ထက်မှာ ဖြာနေပုံက ကဗျာဆန်ဆန်။

ကျွန်တော်က ဘူးလေးထဲမှ Thermometer ကို ငွမ်းဖြင့်သုတ်၍ သူ့ဂါလျှာအောက်သို့ထည့်ရန်ပြင်စဉ် မိမိဟု အခေါ်ခံရသည့်အမျိုးသမီးထံမှ အသံထွက်လေ၏။

"မယ်မယ်. . . ရွှေရွှေကိုကုမှာ ဒီဆရာဝန်ငယ်ငယ်လေးလား။ မဖြစ်ဘူးထင်တယ်"

"မဟုတ်ပါဘူးခင်ဗျား ဆေးကုပေးမှာက ကျွန်တော်ပါ။ ကျွန်တော့်သားက အခုမှ 2nd MB တက်တုန်းပဲရှိပါသေးတယ်။ သားက ကူညီရုံ



www.burmeseclassic.com

www.burmeseclassic.com



ဖါပဲ”

“ဪ”

သူ ကောင်မလေး၏နှုတ်ခမ်းကို လက်ဖြင့်အသာဟလိုက်ပြီး လျှာ အောက်သို့ ပြဒါးတိုင်ကို ထည့်လိုက်ပါ၏။ တော်တော် အသားအရေလှတဲ့ မိန်းကလေးပါလား။ နဖူးအလယ်တည့်တည့်မှာ နုတ်မှောင်စိမ်းဖန့်နေသည့် ငရုတ်ကောင်းစေ့အရွယ် မှဲ့လေးကြောင့် သူမမျက်နှာလေးက ပို၍နုနယ်ဆ နေလေ၏။

“Handred and three... ဒယ်ဒီ”

ဒယ်ဒီက သွေးပေါင်ချိန်နေရာမှ သူ့ကိုခေါင်းညိတ်ပြလိုက်၏။ ဒ ကြောင့် အပူရှိန်တော်တော်များနေတာကိုး။ သူက ဆေးသေတ္တာထဲမှ ဆေ သုံးမျိုးကိုထုတ်၍ တစ်ခါသုံးအပ်ဖြင့် အသင့်ထည့်ပေးကာ Syringe ထ မှလေကို ထိုးထုတ်လိုက်ပါသည်။ ထို့နောက် ဒယ်ဒီ ဆေးထိုးပေးနေတ ကို ကျောခိုင်းထားလျက် ဆေးမှတ်တမ်းစာအုပ်ကို ထုတ်လိုက်ပါ၏။ ရက် နှင့်အချိန်ကို အတိအကျအရင်သတ်မှတ်လိုက်ပါသည်။

“လူနာရဲ့အမည်ရယ်၊ အသက်ရယ်၊ အိမ်လိပ်စာရယ် သိပါရ ခင်ဗျာ”

အဘွားကြီးက သူ့ကိုမျက်မှောင်ကြုတ်၍ ကြည့်လိုက်သဖြင့် ဒယ် ထံမှ စကားသံထွက်လာလေ၏။

“ကျွန်တော့်သားက ဆေးခန်းမှာပြုစုတဲ့စာရင်းအတိုင်း အတိအ လုပ်ပေးတာပါ ဒေါ်ဒေါ်”

“ဪ. . . နာမည်က ရွှေအဆင်းပါ”

“ဗျာ”



www.burmeseclassic.com

www.burmeseclassic.com



"ရွှေအဆင်းလေး၊ ဘာဖြစ်လို့လဲကွယ့်"

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူး ဘွားဘွား။ အသက်ကရော"

"(၁၆)နှစ်ပါ၊ လိင်စာက. . ."

သူ ဘွားဘွားဒေါ်မမကြီးပြောသည့်အတိုင်း ရေးမှတ်လိုက်ပြီးလျှင် အောက်ဘက်မှတ်ချက်နေရာမှာ (Pneumonia) (နမိုးနီးယား)ဟု ရေးလိုက်ပါ၏။ သောက်ဆေးပုလင်းလေးလုံးကိုထုတ်၍ ဆေးသုံးခွက်စာကို Plastic အိတ်ထဲထည့်လျက် Stapler ဖြင့် ချုပ်လိုက်သည်။

"ဒါက ဒီညအတွက်ရယ်၊ မနက်အတွက်ရယ်၊ နေ့ခင်းအတွက်ရယ် ဆေးသုံးခွက်စာပါ အဘွား"

"ဪ. . . အေးအေး"

သူ ဘွားဘွားကို ဆေးလှမ်းပေးလိုက်ပြီး ဖေဖေ့ထံမှ သုံးပြီးသား Syringe နှင့် ဆေးပုလင်းခွံတို့ကို Plastic အိတ်ဖြင့် သေချာထည့်၍ သေတ္တာထဲ ပြန်ထည့်သိမ်းလိုက်ပါ၏။

"မနက်ဖြန်ညနေကို သစ္စာမဲ လာကြည့်ပေးပါလိမ့်မယ် ဒေါ်ဒေါ်။ ဆေးက အစာမစားဘဲ သောက်လို့ရပါတယ်။ လေဆေး ထည့်ပေးထားပါ တယ်"

"ဟုတ်ကဲ့ပါ၊ ဆေးကုသခက ဘယ်လောက်ကျပါသလဲကွယ်"

"အဲဒါ သစ္စာနဲ့ပဲရှင်းပါ ဒေါ်ဒေါ်၊ ကျွန်တော်တို့ကိုခွင့်ပြုပါဦး"

"ညည်းခန်းမှာ ခဏလောက် ထိုင်ပါဦးလားကွယ်။ တစ်ခုခုတိုက်ပါ ရစေ"

"နေပါစေတော့ ဒေါ်ဒေါ်၊ ည(၁၂)နာရီကျော်နေပြီမို့လို့ပါ။ ဒီမှာ ကျွန်တော့်ဇနီးပဲ ကျန်ခဲ့တာမို့ မသောက်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ကွယ်"

သူနှင့် ဒယ်ဒီ ပြန်လာခဲ့တော့ သန်းခေါင်ကျော်နေလေပြီ။ ကား ပြတင်းပေါက်မှ လေအေးတို့က တသုန်သုန်တိုက်ခတ်ဝင်ရောက်လာ နိုးပေါ်ကာလမင်းကို မော့ကြည့်စဉ် နဖူးမှာ မှည့်နက်လေးရှိနေသည့်မျက်နှာ လေးကို ကွက်ခနဲမြင်လိုက်ရ၍ တစ်ယောက်တည်း ကြိတ်ပြုံးလိုက်မိ ရွှေအဆင်းတဲ့. . .၊ နာမည်ရော လှပါ ကျက်သရေ သိပ်ရှိတဲ့ချာတိတ် လေးပါလား။

♡ ♡ ♡



www.burmeseclassic.com

ဘဝဆိုတာ...

အနိမ့်အမြင့်နဲ့ အပြောင်းအလဲများစွာ ဖြစ်နေတဲ့

သံသရာစက်ဝိုင်းကြီးတစ်ခုပါ။

www.burmeseclassic.com

၂

## အခန်း(၂)

"ဗျာ!"

ရုတ်တရက်မို့ သူ့နားကိုပင် မယုံနိုင်ဘဲ ကြောင်နေမိ၏။ မာမိ သူ့လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်လိုက်လေ၏။

"သား... ဘာဖြစ်တာလဲ"

"မာမိ၊ ဒယ်ဒီ... ဒယ်ဒီ... Shock... ဖြစ်ပြီး လဲသွားလို့ ကျွန်တော်တို့ ဆေးရုံကိုအမြန်လိုက်မှပဲ"

"ဘယ်လို"

သူနှင့်မေမေ ဆေးရုံကိုရောက်တော့ ဒယ်ဒီက သတိရလျက် ၏။ ဆေးရုံမျက်နှာကြက်ကို မော့ကြည့်လျက် ကြောင်တောင်တော င် နေသည့်ဒယ်ဒီကိုမြင်တော့ မာမိက မျက်ရည်မဆည်နိုင် ငိုချ သည်။

"ဖြစ်မှဖြစ်ရလေ ကိုရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းပြောပြီး မိုင်းခနဲလဲကျသွားတာပဲ သော်တာ၊ အာရုံကြောကို ထိသွားတာ။ အားလုံးကို သူကြားတော့ကြားတယ်၊ ဒါပေမဲ့ ဘာမှမသိ ဘာမှပြန်ပြောနိုင်တော့မှာ မဟုတ်ဘူး"

"ဘယ်လိုဖြစ်ရတာလဲ ကိုသစ္စာရယ်"

"ကျွန်တော် နောက်မှ အေးအေးဆေးဆေးရှင်းပြပါ့မယ် သော်တာ၊ အခုလောလောဆယ် သူ့ကို တစ်ပတ်လောက်တော့ ဆေးရုံတင်ထားပါ။ နောက်မှကျန်တာကို တိုင်ပင်ပြီး စီစဉ်ကြတာပေါ့။ သား. . . လမင်းသော ဆော"

သူ လေးလေးသစ္စာ ခေါ်ရာနောက်သို့ အသာထလိုက်လာခဲ့၏။ အခန်းပြင် Corridor အရောက်မှာ လေးလေးက သူ့ကိုတီးတိုးမေးလိုက် သည်။

"လမင်းရေ. . . မနေ့က ရွှေနန်းသာစံအိမ်က ကလေးကိုထိုးပေးခဲ့ ထဲ့ပစ္စည်းတွေနဲ့ သောက်ဆေးစာရင်းတွေ သားမှာ ရှိသေးရဲ့လား"

"ဗျာ! ဘာအခိုပ္ပာယ်လဲ လေးလေး"

"သားဖေဖေအတွက် အရေးကြီးလို့ပါ"

"ရှိတယ်. . . အိမ်ထဲက အမှိုက်ပုံးထဲမှာပဲ ထည့်ထားတာ။ ဒီမနက် သွန်မပစ်ရသေးဘူး။ နဂိုအထုပ်အတိုင်းပါပဲ"

"အေး. . . အဲဒါကို သေချာသိမ်းထားပါ၊ ပြီးတော့ သားတို့ဆေး စာတ်တမ်းစာအုပ်ပါ အရေးကြီးတယ်နော်"

"ဘာတွေလဲ လေးလေးရယ်၊ ကျွန်တော်တော့ ဘာတစ်ခုမှ နား လည်တော့ဘူး"

"ဒီလို သားရေ၊ မနေ့က သားဒယ်ဒီ ကုပေးခဲ့တဲ့ ကလေးမလေး



www.burmeseclassic.com

www.burmeseclassic.com



အောက်ပိုင်းသေသွားတယ်ကွယ့်"

"ဗျာ! ဟာ. . . မဟုတ်ရဲ့လား လေးလေးရယ်"

"မဟုတ်လို့ပြောနေတာပေါ့ သားရယ်၊ အခု အဲဒီအိမ်က လူကြီးတွေ
က သားဇယ်ဒီကိုတရားစွဲမယ်လို့ ဖုန်းဆက်ရင်း ဒီလိုတွေဖြစ်ကုန်တာပဲ"

"ဟာ! ဘာတွေဖြစ်ကုန်တာလဲဗျာ၊ မဖြစ်နိုင်တာ။ ကျွန်တော်ကိုယ်
တိုင် ဆေးစပ်ပေးတာပါ။ ဘာမှအမှားအယွင်းမရှိနိုင်ဘူး။ မဖြစ်နိုင်ဘူ
လုံးဝမဖြစ်နိုင်ဘူး"

"ဟုတ်တယ်. . . ဒါကို လေးလေးလည်းသိတယ်။ အခုကိစ္စက သာ
ကိုပါ ထိခိုက်မှာ။ ဘာမှမတတ်သေးတဲ့ ဆေးကျောင်းသားပေါက်စလေ
စပ်ပေးတဲ့ဆေးကို မစစ်ဆေးဘဲ ရမ်းတိုးလို့တဲ့"

"ဒါဖြင့် ကျွန်တော်တို့ တရားရင်ဆိုင်ရတော့မှာပေါ့။ ဟာဗျာ! ဖေဖေ
ဆေးခန်းမှာ ကျွန်တော် အမြဲဝင်ကူပေးခဲ့တာ။ ဘာတစ်ခုမှ မမှားခဲ့ဖူးဘူ
ဘာတွေဖြစ်ကုန်ပြီလဲ"

"သိပ်လည်း စိတ်မလှုပ်ရှားပါနဲ့ သားရယ်၊ အမှန်က သူခေါင်
ကျော်တဲ့ကိစ္စကြောင့်ဖြစ်တာ သေချာပါတယ်။ ဒါပေမဲ့ သူတို့မှာက ရှားရှ
ပါးပါး ဒီမိန်းကလေးတစ်ယောက်ပဲ ရှိရှာတာ။ ငွေကြေးကလည်း တ
နိုင်တော့ ပြဿနာရှာတာပါပဲ။ လေးလေးလည်း စိတ်မကောင်းပါဘူ
အမှန်တကယ် ဒီကိစ္စကိုရင်ဆိုင်ရမှာက လေးလေးပါ။ အခုတော့ သ
မဆိုင်ညာမဆိုင် သားတို့သားအဖက ဓားစာခံဖြစ်ရတယ်လို့"

"လေးလေးရယ်၊ ဒယ်ဒီတော့ ဒုက္ခတွေခံစားနေရတာ သနာ
ကောင်းပါတယ်။ ကျွန်တော် မကြည့်ရက်ဘူး"

"စိတ်ကိုထိန်းပါ သား။ ညနေ သားတို့အိမ်ကို လေးလေး လို

www.burmeseclassic.com



ာခဲ့မယ်။ တရားကို နတ်စောင့်ပါတယ် သားရယ်"

သူ မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငြိမ်သက်နေမိ၏။ ဘုရားရေ! ကြမ္မာက ဘယ်လိုများဖန်တီးလိုက်တာတဲ့လဲ။ နှလုံးသားကို စတင်လှုပ် ာက်စေခဲ့သည့်မျက်နှာလေးကို မြင်ယောင်မိရင်း ရင်ထဲမှာ နာကျင်နေမိ သည်။

ဒယ်ဒီရယ်. . . ကျွန်တော်တို့မိသားစု ကံဆိုးမိုးမှောင်ကျဖို့အတွက် ား အဲဒီ ရွှေနန်းသာစံအိမ်ကြီးကို ရောက်ခဲ့ရတာလား။ ဒယ်ဒီ အခုလို ကွဲတဝေဒနာခံစားရဖို့ သူမ အခုလို မထင်မှတ်ဘဲ အောက်ပိုင်းသေခဲ့ရ တာပေါ့လေ။

အိမ်ကိုပြန်ရောက်တော့ အမှိုက်ပုံးထဲမှ Plastic ထုပ်ကိုယူ၍ Tape တ်ကာ Date ရေးထားလိုက်၏။ ဆေးမှတ်တမ်းစာအုပ်မှမှတ်ချက်ကို င်နီဖြင့် သေချာမျဉ်းသားလိုက်ပါသည်။ မျက်ရည်တစ်ပေါက်က မှတ်ချက် ေးထားသည့်စာလုံးတွေအပေါ်ကို ကျသွားသည်။ ရက်စက်လှချည်လား ောကကြီးရယ်။ အေးအေးချမ်းချမ်းနေနေတဲ့ သူတို့မိသားစုကိုမှ မုန် တိုင်းဝင်သလို စမွှေရက်ပြီပေါ့။

"သား. . . လေးလေး ရောက်နေပြီ"

စာကြည့်ခန်းထဲမှာ တစ်ယောက်တည်းရှိနေရာမှ ဧည့်ခန်းဆီ လှမ်း ခဲ၏။ လေးလေးနှင့်အတူ သူစိမ်းနှစ်ဦးကိုပါ တွေ့ရလေသည်။ လက်ထဲ ပါလာသည့် ဆေးမှတ်တမ်းစာအုပ်နှင့်အထုပ်ကို စားပွဲပေါ်အသာတင် ိုက်၏။

"သား. . . ဒါ လေးလေးရဲ့တူ၊ ဒုရဲအုပ်ကျော်စွာပဲ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ကိစ္စကို သူ အများကြီးကူညီပါလိမ့်မယ်"

"ဒါ လေးလေးပြောတဲ့ပစ္စည်းတွေလား ကိုလမင်းသာ"

"ဟုတ်ပါတယ်"

"ကျွန်တော်တို့ ဒီပစ္စည်းတွေကို သိမ်းရပါလိမ့်မယ်"

"ဟုတ်ကဲ့. . . ဒယ်ဒီရဲ့ အရေးကြီးတဲ့ ကုလက်စလူနာစာရင်း ကျွန်တော် သတ်သတ်ကူးထားပြီးပါပြီ။ သိမ်းလိုက်ပါခင်ဗျာ"

"ကိုလမင်းသာတို့ ဖဲ့ဆေးသွားကုတော့ ကလေးမလေးက သတိ နေသေးလား"

"သတိတော့ မလစ်ပါဘူး။ ကိုယ်တွေ တအားပူပြီး အဖျားအ တက်နေတာပါ"

"ခေါင်းလျှော်ပြီး အိပ်ပျော်သွားတာလို့ သိရတယ်နော်"

"ဟုတ်ပါတယ်၊ ဒယ်ဒီ စစ်ဆေးကြည့်တော့ နမိုးနီးယားဖြစ်ချင် ဆိုတာ သေချာလို့ ဆေးထိုးပေးခဲ့တာပါ"

"ထိုးပေးခဲ့တဲ့ဆေးအမျိုးအစားကရော သေချာမှန်ကန်ရဲ့လား"

"ကျွန်တော် ဒယ်ဒီ့နှုတ်ထွက်စကားအတိုင်း ဆေးစပ်ပေးခဲ့တာ ဘာမှမှားစရာအကြောင်းမရှိပါဘူး။ ဆေးအမည်တွေကို မှတ်တမ်းထဲမှာ ရေးထားသလို ဆေးပုလင်းခွံတွေမှာလည်း ပါပါတယ်။ မယုံရင် တိုက်ကြည့် နိုင်ပါတယ်ခင်ဗျာ"

လေးလေးနှင့် ကိုရဲကျော်စွာက ကျွန်တော်ပြောသလိုပင် ဆေး အမည်များကို သေချာတိုက်၍ စစ်ဆေးလိုက်ပြီး ခေါင်းညိတ်လိုက်ကြ

"ဆေးအမည်ကတော့ မလွဲပါဘူး"

"ဖြစ်တဲ့ရောဂါနဲ့ ကုသတဲ့ဆေးက မှန်ကန်ပါတယ်မောင်ရဲ။ လေ



www.burmeseclassic.com

www.burmeseclassic.com



လေးကတော့ ကျော်သာ့ခေါင်းကုထုံးကို ယုံကြည်ပါတယ်။ ကျော်သာဟာ သူ့ဆရာဝန်သက်တမ်းတစ်လျှောက်မှာ ဘယ်လိုအမှားအယွင်းမျိုးမှ မရှိခဲ့ဘူး။ ပြီးတော့ သူ့ကို နာမည်ကြီးခေါင်းခန်းတွေ၊ ခေါင်းရုံတွေက လစာကောင်းကောင်းပေးပြီး ခေါ်တာတောင် သူမသွားခဲ့ဘူး။ တာဝန်ကျရာ ခေါင်းရုံမှာ Duty... အချိန်ပြည့်ဝင်တယ်။ သူ့ခေါင်းခန်းကို သူ့ခြံလေးထဲမှာပဲဖွင့်ပြီး၊ စေတနာသဒ္ဓါကြေးနဲ့ပဲ ခေါင်းကုသပေးနေတဲ့သူပါ။ အခု သူစီးနေတဲ့ကားက နိုင်ငံပိုင်ကားပါ။ ဒီလိုငွေငမ်းငမ်းတက် မယူတတ်တဲ့ ရိုးသားတဲ့ဆရာဝန်တစ်ဦးက ဒီလိုပြစ်မှုမျိုး ဘယ်နည်းနဲ့မှ မပြုလုပ်နိုင်ပါဘူး"

"ဟုတ်ကဲ့. . . ကျွန်တော်တို့လည်း တာဝန်အရ လုပ်တာပါ လေးလေး"

"အေး. . . လေးလေး နားလည်ပါတယ်။ အကယ်၍ပေါ့၊ အသားဆေးကို အကြောထဲ မှားထိုးမိခဲ့ရင်တောင် ခုလို အောက်ပိုင်းသေတဲ့အထိ မဖြစ်နိုင်ဘူး မောင်ရဲ။ အနည်းဆုံး အကြောထိပြီး ခြေတစ်ဖက် မသန်မစွမ်းဖြစ်သွားမယ်. . . အဲဒါ ဖြစ်နိုင်ခြေ အများဆုံးပါ။ ခုဟာက သူ့ဦးနှောက်ထဲက အာရုံကြောတစ်ခုခုကို ထိခိုက်ပြီးဖြစ်တာလို့ လေးလေး ယူဆတယ်"

"လေးလေးပြောတာကို ကျွန်တော်တို့ လက်ခံပါတယ်။ ရုံးတော်မှာ ဒီအကြောင်းတွေကို ကျွန်တော် သေချာတင်ပြမှာပါ"

"ကျေးဇူးတင်ပါတယ် ကိုရဲကျော်စွာ"

"ရပါတယ် ကိုလ ာင်းသာ၊ ကျွန်တော်လည်း ဒေါက်တာကျော်သာ့သတင်းကြားရတာ စိတ်မကောင်းပါဘူး။ ဒေါက်တာ အမြန်ဆုံးနေကောင်း

www.burmeseclassic.com



ပါစေလို့ ဆုတောင်းပေးပါတယ်ဗျာ"

သူ ဘာမှပြန်မပြောနိုင်ဘဲ ငိုင်ကျသွားသည်။ မာမီ ညှော်ခဲ့ထား သော ကော်ဖီနှင့်မုန့်များကိုပင် မစားနိုင်ကြတော့ဘဲ ကိုရဲကျော်စွာတို့ ထပြန်သွားလေ၏။

"သား. . . လမင်းသာ၊ လေးလေးမိတ်ဆွေ ရှေ့နေတစ်ဦးကို ဒီ ကိစ္စတိုင်ပင်ပြီးပြီ။ ဘာမှမပူပါနဲ့"

"ဟုတ်ကဲ့ပါ လေးလေး၊ ကျေးဇူးတင်ပါတယ်"

"ဒီလိုပဲပေါ့ သားရယ်၊ ဘဝဆိုတာ ဆူကြိုနိမ့်မြင့် ရှိစမြဲမို့ ဒါတွေ ကို ခံနိုင်ရည်ရှိအောင် သားကြိုးစားပါ။ ကျော်သာ့ကို နှစ်ရှည်လများ ဆေးကုသဖို့လိုသလို သား ကျောင်းပြီးအောင် ဆက်တက်ဖို့လည်း ငွေလို လိမ့်မယ်။ အဲဒီတော့. . ."

"ကျွန်တော့်အတွက်က အရေးမကြီးပါဘူး လေးလေးရယ်။ ဒယ်ဒီ့ အတွက်က ပိုအရေးကြီးတာပါ။ တကယ်လို့ အဆင်မပြေရင်တောင်မှ ကျွန်တော် ကျောင်းထွက်အလုပ်လုပ်ပြီး ဒယ်ဒီ့ကို ဆေးကုပေးမယ်"

"အို! အဲဒီလိုတော့ မလုပ်ပါနဲ့သားရယ်၊ သားကြိုးစားလာခဲ့သမျှ အလကားဖြစ်ကုန်မှာပေါ့"

"ဒါ အလကားမှမဟုတ်ဘဲ လေးလေးရယ်။ ဒယ်ဒီ့အတွက် ကျွန် တော် ဒီလောက်တော့ ပေးဆပ်ရမှာပေါ့။ ကျွန်တော့်ဘဝမှာ ဒယ်ဒီဟာ အရေးအကြီးဆုံးပဲ။ ဒယ်ဒီဟာ ကျွန်တော့်အတွက် လမ်းပြကြယ်တစ်စင် ပါ။ ကျွန်တော် အားထားရာ သူရဲကောင်းတစ်ဦးပါဗျာ"

"အေးလေ. . . လောလောဆယ် အမှုကိစ္စက ပိုအရေးကြီးနေတာ ကို။ ကျွန်တာကို နောက်မှပဲ လေးလေးတို့စီစဉ်ကြတာပေါ့ကွာ! လေးလေး



www.burmeseclassic.com

www.burmeseclassic.com



မြန်ဦးမယ်"

"ဟုတ်ကဲ့ပါ လေးလေး"

လေးလေးပြန်သွားတော့ ဒီကိစ္စကို မာမီနှင့်ဆက်ဆွေးနွေးဖြစ်၏။ မာမီ့မှာ ခင်ပွန်းအတွက်ရော သားအတွက်ပါ ပူပန်နေရရှာလေပြီ။

"ကိုသစ္စာပြောသလိုပဲ သားသဘောကို မာမီလည်း လက်မခံဘူး နော် သား။ မာမီနဲ့ဒယ်ဒီက သာမန်လူတန်းစားဘဝထဲမှာ ရှင်သန်ခဲ့ကြတဲ့လူတွေပါ သားရဲ့။ တိုက်အိမ်ကနေ တဲအိမ်ကိုပဲဆင်းရစေဦးတော့၊ မာမီ နေရဲတယ်။ နေဝံ့တယ်။ ဒါ ဘာမှအောက်ကျအရှက်ရစရာမှ မဟုတ်တာ။ ဒီတော့ သားဒယ်ဒီအမှုကိစ္စရှင်းပြီးရင် မာမီတို့ ဒီအိမ်ကိုရောင်းမယ်။ သားဒယ်ဒီကို ဆေးဆက်ကုမယ်။ သားလည်း ကျောင်းဆက်တက်ရမယ်။ မာမီပြောချင်တာ ဒါပဲ သား"

"မာမီရယ်. . . ဒီအိမ်လေးကို သားရောင်းတာ ဒယ်ဒီသိရင် ပိုပြီး စိတ်ထိခိုက်မှာ။ မဖြစ်သေးပါဘူးဗျာ"

"ဘာလို့မဖြစ်ရမှာလဲ သားရဲ့၊ သားဒယ်ဒီ နားလည်မှာပါ။ မာမီကတော့ ဒီအတိုင်းပဲလုပ်ချင်တယ်။ ကိုသစ္စာ ဒီကိစ္စကိုကူညီမှာ မှန်ပေမယ့် မာမီ့သားကို သူတစ်ပါးလောင်းရိပ်အောက်ကနေ ဆရာဝန်ဘွဲ့ရတာကို မာမီ မလိုလားဘူး။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်၊ ကိုယ့်အားကိုယ်ကိုး လိုစိတ်နဲ့ပဲ ရှေ့ကိုဆက်လျှောက်ပါ သား။ ကဲ! မနက်ဖြန် ရုံးချိန်းနော်၊ မာမီ့သားလည်း တစ်လလုံးလုံး ကျောင်းပျက်ရဦးမယ်။ စောစောအိပ်တော့ သား"

အခန်းထဲမှထွက်သွားသည့် မာမီ့ကျောပြင်ကို ငေးမောနေရင်း သူ့ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဓာမီရယ်. . . မာမီရော အိပ်ပျော်မှာမို့လို့လား။ အနာဂတ်အတွက် ကြိုတင် ရင်မောနေမိရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုတာ တိုက်ပွဲတစ်ခု...



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

တစ်လလုံးလုံး ရုံးချိန်းတွေ ဆင်းနေရသောကြောင့် စိတ်ရောလူပ
န္ဟန်းချိနေရ၏။ ရုံးချိန်းရောက်လာတိုင်း မျက်ထောင့်နီကြီးဖြင့် ရန်စော
ကြည့်တတ်သည့် ဦးသော်က၏မျက်ဝန်းတွေကို သူ ရွံ့ကြောက်ကြီးဖြစ်နေ
ရသည်။ နှစ်ဖက်စလုံးမှ ဒိတ်ဒိတ်ကျဲရှေ့နေတို့၏မေးခွန်းတွေ တစ်သီကြီး
ကို ဖြေအပြီးမှာ တစ်ရက်ပြီးတစ်ရက် ထပ်ထပ်ချိန်းခဲ့သည့် ရက်ချိန်းတို့
သည် ယနေ့အမိန့်ချမှတ်မည့် နောက်ဆုံးရက်သို့ပင် ရောက်ခဲ့လေပြီ။

"အမိန့်ချမှတ်မယ်၊ အမှုဖွင့်တိုင်ကြားခဲ့သည့် တရားလို ဦးသော်က
(အဘ– ဦးမာဃ) တင်ပြတိုင်ကြားခဲ့သည့် သေကြောင်းကြံစည်မှုတွင်
တရားခံ ဒေါက်တာကျော်သာ (အဘ– ဦးမင်းသာ)သည် နိုင်ငံတော်က
တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေသည့် နိုင်ငံ့အကျိုးပြုဆရာဝန်တစ်
ဦးဖြစ်ပြီး ဆေးကုသမှုသက်တမ်း ဆယ်နှစ်ကျော်ကာလ၌ မည်သည့်ပြစ်မှု
မျိုးမှ တစ်စုံတစ်ရာ ကျူးလွန်မှားယွင်းခဲ့ခြင်းမရှိခဲ့ပါ။ ယခုဖြစ်ပျက်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အရွှံ့ ကာယကံရှင်၏ ခံစားနေရသောဝေဒနာနှင့် လျော်ညီသည့်ဆေးဝါး များကိုသာ သုံးစွဲကုသခဲ့ခြင်းဖြစ်ပေ၏။ ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာပါရဂူ များ၏ လေ့လာစစ်ဆေးချက်များအရ ဆေးပညာထုံးတမ်းနှင့်အညီ မှား ယွင်းမှုတစ်စုံတစ်ရာ မရှိသည့်အတွက် ဤတိုင်ကြားသည့်အမှုအား ရုံး တော်မှ တရားဝင်ပယ်ချလိုက်၏။ တရားခံအား အမှုမှ ကွင်းလုံးကျွတ် လွှတ်စေ!"

မာမီက သူ့လက်မောင်းကို တင်းတင်းဆုပ်ကိုင်လျက် မျက်ရည် အသွယ်သွယ်ကျနေလေ၏။ ဦးသော်ကာ၏မီးဝင်းဝင်းတောက်နေသည့် မျက် ခုံးများကို သူအသာငေးကြည့်နေမိသည်။ ရုံးတော်မှထွက်ခဲ့စဉ် ဦးသော်က ဘ ကားပေါ်တက်ခါနီး အံကြိတ်၍ပြောလိုက်သံကို နံ့သေးမှုဖြတ်သွားရင်း အတိုင်းသား ကြားလိုက်ရ၏။

"အင်းပေါ့လေ၊ တရားသဖြင့် အနိုင်ရသွားလို့ ငါတို့ရှုံးခဲ့တာ မှန် တယ်။ ဒါပေမဲ့ ရွှေလိုဉပြီး ပိုးမွေးသလို မွေးခဲ့ရတဲ့ ငါတို့ရဲ့တစ်ဦးတည်း သော ရွှေမျိုးဆက်လေးကို ဘဝတုံးအောင်လုပ်ပြီး မျိုးဆက်ပြတ်စေခဲ့တဲ့ အတွက် သင်းတို့ကို ဘယ်တော့မှ မကျေဘူး။ ဒီကမ္ဘာကြီး ပျက်သုဉ်းစေ ဦးတော့၊ ငါကတော့ သင်းတို့ကို ဥဒါန်းမကျေဘူးဟေ့"

ဩော်. . . ဘိုးဘိုးရယ်၊ ဘိုးဘိုးတို့မြေးမလေးက ဘယ်သူမပြု မိမိ မှုဆိုသလို ရေချိုးမှားပြီးဖြစ်လာတဲ့အကျိုးဆက်ကို ခံရတာပါဗျာ။ ကျွန်တော့် ခင်က တာဝန်ရာ လက်ဝင်လျှိုမိတဲ့အဖြစ်မျိုးနဲ့ ကြုံခဲ့ရတာပါ။ အင်မတန် တန်ဖိုးရှိတဲ့ ဆရာဝန်တစ်ယောက်ရဲ့ ပျောက်ကွယ်သွားရတဲ့ အနာဂတ် ကို မြင်မပေးနိုင်တော့ဘူးလား။ ကိုယ်ချင်းစာနာမပေးနိုင်ဘူးလားဗျာ။

အိမ်ရောက်သည်နှင့် သားအမိနှစ်ယောက်သား သိမ်းသည်းသင့်



www.burmeseclassic.com

www.burmeseclassic.com



တာကို သိမ်းဆည်းကြ၏။ ဪ. . . လူမှုန်း ဘတ်စအရွယ်ကတည်းက ပျော်ရွှင်စွာနေခဲ့ကြတဲ့ သူတို့အိမ်ကလေးကို ကျောခိုင်းရတော့မှာပါလား။ ဒယ်ဒီ့အိပ်ခန်းထဲသို့ မာမီဝင်သွားသဖြင့် နောက်မှ အသာလိုက်လာခဲ့သည်။ ဒယ်ဒီ့မျက်ဝန်းများက ယခုထိ ဘာခံစားမှုကိုမှ မပြသေးချေ။

"ကို. . . မွန်းတို့ ဒီအိမ်ကြီးကိုရောင်းပစ်ဖို့ စီစဉ်ပြီးပြီ"

မျက်နှာကြက်ဆီ ငေးမောနေသည့်မျက်ဝန်းများက ရွေ့လျားခြင်း မရှိဘဲ ငေးကြောင်နေဆဲ။

"ကို့ကို ဆေးကုဖို့၊ ကို့သားလေး ဆရာဝန်ဖြစ်ဖို့အတွက် မွန်း အခုလိုလုပ်လိုက်ရတာပါ။ အခိုက်အတန့်ကာလလေးတော့ မွန်းတို့ ဒုက္ခခံ လိုက်ကြတာပေါ့နော်။ သိပ်တော့ မကြာပါဘူးကွယ်၊ အလွန်ဆုံး ကြာလှ နောက်ငါးနှစ်လောက်ပေါ့။ သား ဆရာဝန်ဖြစ်ပြီဆိုရင် မွန်းတို့ အသက် ရှူချောင်လောက်ပါပြီ။ အဲဒီအခါမှ ဒီလိုအိမ်မျိုး၊ ဒီလိုခြံမျိုးကို မွန်းတို့ ပြန်ဝယ်ပြီးနေကြမယ်. . . နော်. . . ကို"

မာမီက ဒယ်ဒီ့လက်ဖျားလေးကိုဆုပ်ကိုင်လျက် မျက်ရည်ကို ကျိတ် သုတ်နေလေ၏။ သူ ဒယ်ဒီ့အခန်းလိုက်ကာကို အသာခွဲဖွင့်လိုက်၏။ ညနေ ဆည်းဆာနေက အခန်းထဲသို့ဝင်လာလေသည်။

"မွန်းကိုနားလည်ပေးပါ ကိုရယ်"

"တင်း. . . တောင်! "

အိမ်ရှေ့လူခေါ် Bell သံကြောင့် သူ အိမ်ရှေ့ကိုထွက်လာခဲ့၏။ အိမ်တံခါးကိုဖွင့်လိုက်စဉ် သွားတက်ကလေး လှစ်ခနဲပေါ်အောင်ပြုံးရင်း သည့် ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

"ချီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ ဖိုးလရယ်၊ နင့်မလည်း ငါ့ကို ဖုန်းလေးတောင်မှ တစ်ချက်ဆက်မဖော်မရဘူး။ အန်တီရော"

"ဒယ်ဒီ့အခန်းထဲမှာ"

"အန်ကယ် နေကောင်းတယ်မဟုတ်လား"

"အင်း. . . လာလေ"

ချိန့်သာက သူနှင့်အတူ ဒယ်ဒီ့အခန်းထဲ လိုက်ဝင်လာခဲ့သည်။ အမီက ခုံမှထပေးလိုက်ပြီး ဒယ်ဒီ့ကုတင်ပေါ် ပြောင်းထိုင်လိုက်လေ၏။

"ထိုင်ပါ သမီး၊ မာမာ နေကောင်းရဲ့လား"

"ဟုတ်ကဲ့. . . အန်တီတို့ကိစ္စအတွက် တိုင်ပင်ချင်လို့ ဖိုးလကို လာခေါ်တာပါ အန်တီ"

"ရှိစေက ဘာများပြောဦးမှာလဲ သမီးရယ်"

"မာမာရော ပါပါပါ ပြောမှာ အန်တီရဲ့ ညှိနှိုက်သွားရင် ချိန့်ပို့ပေးမှာပါ"

"ရပါတယ် သမီးရယ်၊ သူငယ်ချင်းတွေအိမ်ပဲဟာ။ ကဲ သား လိုက်သွားလိုက်ပါ"

"ဟုတ်ကဲ့ မာမီ"

ချိန့်သာ ကားပေါ်ကိုတက်လိုက်စဉ် ရင်ထဲမှာ အောင့်သက်သည့်ခံစားချက် ဖြစ်ထွန်း၏။ သြော်. . . သူ့ဘဝက အစကတည်းက ပြည့်စုံတာ မဟုတ်ဘဲလေ။

"ငါအရင်ဆုံးပြောထားမယ်နော် ဖိုးလ၊ နင့်မာမီနဲ့ ငါ့မာမာဟာ သူငယ်ချင်းအရင်းခေါက်ခေါက်။ ပြီးတော့ နင်နဲ့ငါလည်း ငယ်သူငယ်ချင်းတွေပဲ။ ခုချိန်ထိ အတူ တစ်ကျောင်းတည်းတက်လာခဲ့တဲ့ငယ်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး မာမာနဲ့ပါပါပြောတာကို နင် တလေ. စား နားထောင်ပြီး လက်ခံ
ပေးပါ"

"အေး. . . တခြားကိစ္စဆိုရင်တော့ စဉ်းစားပေးမယ်။ နင်နဲ့ငါ့ကို
လက်ထပ်ပေးဖို့ဆိုရင်တော့ No! ပဲ"

"အောင်မာ! ခွေးကောင်၊ လေသိပ်ကျယ်မနေနဲ့။ နင့်လို ဘဝင်လေ
ဟပ်နေတဲ့ ဆောင့်ကြွားကြွားအကောင်မျိုးကိုလည်း ငါက စိတ်ကူးမယ်
မှတ်နေသလား။ ဟွန်း. . . ဝေးသေး"

"ငါသိပါတယ်၊ နင်က Roll No. (1) ရထားတဲ့ မင်းမင်းလတ်ကို
ပဲ စိတ်ဝင်စားနေတာမဟုတ်လား။ ဟိုကောင် တစ်ချက်လေးကြည့်လိုက်
တာနဲ့ ကြွေမယ့်ရုပ်"

"ကြည့်စမ်း! အယုတ်တမာကောင်၊ ငါ့ကို အဲဒီလိုပြောရလားဟဲ့
နင်သာ လီလီကျော်ထွန်းကို ကျိတ်ခိုက်နေပြီးတော့"

"သွားစမ်းပါ. . . အဲဒီကောင်မလေးကသာ ငါ့လာကြိုက်နေတာ
စာရင်းမရှိဘူး"

"ခွေးစုတ်! ခွေးနာ! ပြောလိုက်ရင် မိန်းကလေးတွေကို မှိုချိုးမျှစ်ချိုး
နဲ့။ အဲဒါတွေကြောင့် နင့်ကိုပြန်ကြိုက်တဲ့သူ မရှိတာ"

"ငါကရော ကြိုက်ပါ ကြိုက်ပါ ပြောနေလို့လား"

"ကြည့်ပါလား. . . စကားကောင်းပြောနေတာတောင် ဘယ်ရောက်
သွားမှန်း မသိတော့ဘူး"

စိတ်ကောက်၍ နှုတ်ခမ်းစူသွားသည့်ချို့ကိုကြည့်ရင်း သူပြုံးလိုက်
မိ၏။ ဤသူငယ်ချင်းမလေးဟာ အမြဲပဲ သူနှင့်ရန်ဖြစ်၊ နောက်တော့လည်း
သူ့ကိုမနိုင်ဘဲ အရှုံးပေးရတာတောင်မှ ဖွဲကမလျှော့။ ခဏနေတော့စိတ်ကောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လည်း သူမဘာသာသူမ စိတ်ပြန်ပြေပြီး သူ့ကိုပြန်ခေါ်ခဲ့တာပဲ နှစ်ပေါင်းမနည်းတော့ချေ။

ကားက ခြံကျယ်ကြီးထဲသို့ ဝင်ချလိုက်၏။ အိမ်ဝမှ အန်တီရှိန်တာက အသင့်ကြိုနေလေသည်။

"လာ. . . သား"

"အန်ကယ်ရော ပြန်ရောက်ပြီလား အန်တီ"

"ရောက်ပြီ သားရေ့၊ အပေါ်မှာ ရေချိုးနေတုန်း။ ထမင်းအတူတူ စားကြတာပေါ့။ ဒီမှာပဲ ခဏစောင့်လိုက်. . . နော်"

သူ ဆက်တီမှာဝင်ထိုင်လိုက်စဉ် ချိုက ကားထဲမှသစ်သီးထုပ်တွေကိုယူ၍ မီးဖိုခန်းဘက် ဝင်သွားလေ၏။

"မာမာရေ. . . ဖိုးလက တခြားကိစ္စပြောသမျှကို စဉ်းစားမယ်တဲ့၊ ချိုနဲ့လက်ထပ်ဖို့စီစဉ်ပေးရင်တော့ No! ပဲတဲ့။ ကြိုပိတ်ထားတယ်နော်"

"ဟဲ့!"

"ဟာ. . . ချိုကလည်း"

"ဟင်းဟင်း. . . ဒီကလေးနှစ်ယောက်ဟာလေ ခုချိန်ထိ ပြောမနာဆိုမနာ ရန်ဖြစ်ကြတုန်း။ ဒီလိုသားရေ့. . . အခု သားတို့အိမ်ကိုရောင်းဖို့စီစဉ်တာ အဆင်ပြေပြီလား"

"လေးလေးပဲယူဖြစ်မယ်ထင်တယ် အန်တီ။ သူပဲစီစဉ်ပေးတာပဲ"

"သားတို့ ဘယ်မှာနေမယ်စိတ်ကူးလဲ"

"ဒယ်ဒီ့ကျန်းမာရေးအတွက်က အဓိကပါ။ မြေကျယ်ကျယ်ငွေးနဲ့ သုံးချင်းအိမ်လေးလောက်နေရရင် ဖြစ်ပါတယ်။ ငွေကိုတော့ သိပ်မသုံးဖြစ်ဘူး။ အိမ်ပဲငှားနေရနေရ ငွေကို လက်ကျန်ထားထားမှဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့၊ သားဒယ်ဒီက နဂိုကတည်းက စေတနာဆရာဝန်ဆိုတော့ ရုစုဆောင်းဆောင်းဘယ်ရှိပါ့မလဲ၊ အန်တီတို့နားလည်ပါတယ်"

"ဟော. . . ဖိုးလ ရောက်နေပြီကိုး"

"ဟုတ်ကဲ့ အန်ကယ်"

အန်ကယ်ဦးတင်အောင်က အပေါ်ထပ်မှဆင်းလာပြီး သူ့ရှေ့ရှိခုံမှာ ဝင်ထိုင်လိုက်သည်။

"ရှိစ် ပြောပြီးပြီလား"

"ဟင့်အင်း"

"ဒီလို သားရေ့. . . ကိုသစ္စာကူညီတာက ကူညီတာတစ်ပိုင်းပေါ့ အန်ကယ်တို့လည်း တစ်ဖက်တစ်လမ်းက ကူညီပါရစေဦး။ သားတို့မိသားစုမာနကိုတော့ အန်ကယ် အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ အန်ကယ်စီစဉ်ပေးမှာကိုတော့ လက်ခံစေချင်ပါတယ်ကွယ်"

"ဘာများလဲ အန်ကယ်"

"ဒီလို သားရဲ့၊ အန်ကယ့်မှာ ဈေးပေါပေါနဲ့ရထားတဲ့ ခြံတစ်ကွက်ရှိတယ်။ တိုက်ပုလေးတစ်လုံးပါတယ်။ မြေက ပေ (၅၀ × ၈၀)ပေါ့။ သားတို့မိသားစု နေပျော်မှာပါ။ ရပ်ကွက်ကလည်း ဆိတ်ငြိမ်ရပ်ကွက်ဆိုတော့လေ"

"ဈေးများရင်တော့ ကျွန်တော်တို့တတ်နိုင်မှာမဟုတ်ဘူး အန်ကယ်"

"ဩော်. . . ကိုယ်အချင်းချင်းတွေကို မတန်တဆဈေးနဲ့ ရောင်းပါ့မလား သားရဲ့၊ ဒီလိုလုပ်. . . လောလောဆယ် သားတို့ ငွေစိုက်ချေပြီး ပြောင်းနေနှင့်။ နောက် အေးအေးဆေးဆေးမှ ကျန်တာကို ပေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ကြာမှာပေါ့ အန်ကယ်"

"ကြာပါစေပေါ့ သားရဲ့၊ အခုလည်း အဲဒီခြံကို ဒီအတိုင်းပိတ်ထားတာလေ"

သူ ဆံပင်တွေကို ထိုးဖွလိုက်မိသည်။ ခက်တာပဲ။ သူက မျှော်လင့်ချက်တစ်မျိုးနှင့် ဒီကိုလာခဲ့တာ။ အခုတော့ စေတနာဗရပွနှင့် ကူညီနေသည့် အန်တီတို့မိသားစုကို ဘယ်လိုပြောရမလဲ။

"ဘာတွေ ဒီလောက်တောင် စဉ်းစားနေတာလဲ သားရယ်"

"ဟိုလေ. . . အိမ်ကိစ္စကို ကျွန်တော် တခြားမှာပဲရှာကြည့်ပါ့မယ် အန်ကယ်။ ကျွန်တော် ချီနဲ့လိုက်လာတာ အန်တီ့ဆီက အကူအညီလိုချင်လို့ပါ"

"အမယ်လေး. . . ဘာကူညီရမှာလဲ. . . ပြောသာပြော။ အားနာမနေနဲ့။ အိမ်ကိုယ့်ဟာဖြစ်အောင်ယူပါ သားရယ်။ သားဒယ်ဒီအတွက်ပါ"

"ဟိုဥစ္စာပါ၊ ကျွန်တော် ကျောင်းတစ်ဖက်နဲ့အလုပ်လုပ်ချင်လို့။ အဲဒါ. . ."

"ဟဲ့! ကျောင်းစာတွေ ဒီလောက်ပိနေတဲ့ဟာ။ ဘယ်ဖြစ်မှာလဲ သားရယ်"

"အချိန်ပိုင်းအလုပ်ပါပဲ အန်တီ၊ ဒယ်ဒီ့အတွက် ဆေးဖိုးငွေကုန်ချိန်မှာ အိမ်မှာ ဝင်ငွေမရှိလို့မဖြစ်လို့ပါ။ ကျွန်တော်က ကျောင်းတောင်ထွက်လိုက်ချင်တာ"

"ဟာ! မလုပ်ပါနဲ့ ဖိုးလရာ၊ ဆေးကျောင်းဆိုတာ တက်ချင်တိုင်းတက်ခွင့်ရတဲ့ကျောင်းမျိုးမဟုတ်ဘူးလေကွယ်။ ဘယ့်နှယ်"

"ကဲ! ဒီလိုလုပ်. . . အန်တီ့ဆေးခန်းမှာ ညနေ(၅)နာရီကနေ (၇)



www.burmeseclassic.com

www.burmeseclassic.com



နာရီ သား လာကူပါ။ အဲဒီအတွက် သားကို အန်တီ လခပေးမယ်"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်တော် အန်တီတို့ကျေးဇူးကို ဒီတစ်သက် မမေ့ပါဘူး"

"အမယ်လေးနော်. . . ပြောရမယ့်လူတွေ ကျနေတာပဲ။ မာမာ၊ အနံကယ့်အတွက် ဆေးတွေ ပေးလိုက်မယ်ဆို"

"အေးပါ. . . မာမာ မမေ့ပါဘူးသမီးရဲ့၊ အဲဒီဗီရိုထဲကအထုပ် ယူပေးလိုက်ပါ"

သူပြန်လာတော့ ညတော်တော်မှောင်နေလေပြီ။ ဒယ်ဒီ့အခန်းထဲ ခေါးထုပ်ဝင်အထားမှာ ပုတီးစိပ်၍ ဒယ်ဒီ့ကိုထိုင်စောင့်နေသည့်မာမီက လှည့်ကြည့်လာ၏။

"သား ဆာနေရောပေါ့"

"ချိုတို့အိမ်မှာပဲ စားလာတယ် မာမီ၊ ဒယ်ဒီ အိပ်နေပြီလား"

"အေး"

"ဒါဆို ဧည့်ခန်းမှာ ကျွန်တော်နဲ့မာမီ စကားပြောရအောင်နော်"

"အေးအေး"

မာမီက ဒယ်ဒီ့ကို စောင်လုံအောင်ခြုံပေးပြီး သူ့နောက်မှ လိုက်လာခဲ့၏။ ဧည့်ခန်းမှာထိုင်၍ ပြောအပြီးမှာ မာမီက မသက်မသာ သက်ပြင်းချလိုက်သည်။

"ကြည့်လည်းလုပ်ပါဦး သားရယ်၊ တော်ကြာ မာမီ့သားကို ဟိုလူတို့ အကြွေးနဲ့သိမ်းသွားမှ ဒုက္ခ"

"အန်တီရှိစ်က မာမီ့သူငယ်ချင်း မဟုတ်ဘူးလား"

"သူငယ်ချင်းက သူငယ်ချင်းပဲလေ သားရယ်။ ချိုလေးနဲ့ သားတို့



www.burmeseclassic.com

www.burmeseclassic.com



နှင်ဦး မေတ္တာရှိလို့ပေးစားလိုက်ရတာ အကြောင်းမဟုတ်ဘူး။ ဒီလိုအကြေး နဲ့သိမ်းတာမျိုးကိုတော့ မာမီ မလိုလားတာအမှန်ပဲ"

"ကျွန်တော်ကလည်း လက်ခံပါ့မလား မာမီရယ်၊ ဒီလောက်တော့ ကျွန်တော် နားလည်ပါတယ်။ ပြီးတော့ ချိုကလည်း ကျွန်တော့်လိုလူမျိုး ကို အလွယ်တကူ ခေါင်းညိတ်မယ့်သူမှမဟုတ်တာ"

"မာမီ့သားက မာမီ့အတွက်တော့ အဖိုးတန်သားလေးပါ"

"ဒါကတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တာပေါ့ မာမီရယ်။ ကဲ! မာမီ လည်း ပင်ပန်းလှပြီ၊ အိပ်တော့နော်။ ကျွန်တော် ဒယ်ဒီ့ကို တစ်လှည့်စောင့် အိပ်ပေးမယ်"

"နေပါစေ သားရယ်၊ သားက မနက်ကျောင်းတက်ရမှာ။ မာမီပဲ စောင့်အိပ်ပါ့မယ်။ နေနေ. . . သား နားတော့"

ဩော်. . . မာမီ. . . မာမီ၊ သူ့လို လက်ထဲခြူးတစ်ပြားမှမရှိတဲ့သူ မျိုးနဲ့ ဘယ်လိုမိသားစုက သူတို့သမီးနဲ့ပေးစားမှာတဲ့လဲ။ အာရုံမှာ မျက်နှာ တစ်ခုကို ကွက်ခနဲမြင်လိုက်ရ၍ ခေါင်းကိုခါယမ်းလိုက်ရသည်။

ရွှေအဆင်း. . . တဲ့။ သူ့နှလုံးသားထဲက ရွှေစင်ရုပ်လေးကိုတော့ ဘယ်သူမှမမြင်နိုင်ခဲ့။

♡ ♡ ♡

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဟာ...
ချိုမြိန်တဲ့အပြုံးပွင့်တွေကို ဖန်ဆင်းနိုင်စွမ်းရှိတယ်...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

မျက်စိရှေ့မှာ သန့်ရှင်းသပ်ယပ်စွာ ဝတ်ဆင်ထားပြီး မတ်တပ်ရပ်နေသည့်ကောင်လေးကို သူ တအံ့တဩကြည့်လိုက်၏။

"ဘယ်လို. . . အချိန်ပိုင်း Taxi မောင်းချင်လို့၊ ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အချိန်ပိုင်းမောင်းရုံနဲ့ မင်း ငွေသိပ်ရမှာမဟုတ်ဘူးဆိုတာကိုရောနားလည်ရဲ့လား"

"ဟုတ်ကဲ့. . . ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ည (၇)နာရီနောက်ပိုင်းမှ နားချိန်ရှိလို့ပါ"

"သိပ်ညဥ့်နက်ရင် ကားကို ကုမ္ပဏီပြန်ထားလို့မရဘူး"

"ကျွန်တော် သူဌေးမင်းရဲ့ကားကို ဘာပစ္စည်းတစ်ခုမှ မပျောက်ပျက်အောင် စောင့်ရှောက်မှာပါ"

"ဒါဖြင့် မင်းအိမ်မှာပဲ သိမ်းမယ်ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မြင့်မြတ် ပြုံးလိုက်မိသည်။ အနည်းဆုံး သူ့ထက် ရှစ်နှစ်မျှ ငယ်ပုံရသည့်ကောင်လေး၏မျက်ဝန်းမှ မျှော်လင့်ချက်ရောင်ခြည်က တဖျပ်ဖျပ် လက်နေ၏။

ကြည့်စမ်း၊ သိပ်ကိုတက်ကြွနေသည့် လူငယ်လေးပါလား။

"မင်း ဘာကြောင့် Taxi မောင်းချင်တာလဲ"

"ငွေလိုလို့ပါ"

"ခုနစ်နာရီနောက်ပိုင်းမှ အားတယ်ဆိုတော့ ရှေ့အချိန်တွေမှာ မင်း အလုပ်လုပ်နေတာပဲ မဟုတ်လား"

ကောင်လေး ပါးစပ်ပိတ်သွားလေ၏။ မျှော်လွှာကိုအသာချသွားခဲ့သဖြင့် သူ ထိုင်ရာမှ အသာထရပ်လိုက်သည်။

"မင်းမှာ တော်တော်အခက်အခဲရှိနေပုံရတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော့်အဖေကို ဆေးကုသဖို့ ငွေလိုနေတာ အမှန်ပါပဲ"

"ဒါကြောင့်ကိုး. . . ကောင်းပြီလေ၊ မင်းပြောတဲ့စကားအတိုင်း အာမခံပေးနိုင်ရင်တော့ မင်းကို ငါ ကားတစ်စီးအပ်ထားမယ်။ မနက်စောစောကို ကုမ္ပဏီပြန်ပို့ရမယ်။ ညခုနစ်နာရီမှာ Taxi ကိုလာယူပါ။ ကဲ! ထုံးစံအတိုင်း စာချုပ်မှာဖြည့်ပြီး လက်မှတ်ထိုးပါ"

"ကျေးဇူးအများကြီးတင်ပါတယ်ဗျာ"

"မလိုပါဘူး၊ အလုပ်သဘောအရ လုပ်ရတာပါ"

"ကျွန်တော် စပေါ်ငွေ ဘယ်လောက်သွင်းရမှာလဲ ခင်ဗျာ"

"စပေါ်ပေးဖို့မလိုပါဘူး၊ ဒါ မင်းအတွက် ခြွင်းချက်ပါ။ ဒီကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဝန်ထမ်းကိုမှ မပေါက်ကြားပါစေနဲ့"

ကောင်လေးက စာချုပ်ထဲမှာ ခပ်သွက်သွက်ရေးခြစ်၍ လက်မှတ်ထိုးလျက် သူ့ထံပြန်လှမ်းပေးလိုက်သည်။

"မနက်ဖြန်ညကစပြီး မင်းအလုပ်စလို့ရပြီ"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

သူခေါင်းညိတ်ပြလိုက်စဉ်မှာ အရှိအသေပြု၍ ကျောခိုင်းထွက်ခွာသွားသည့် ကောင်လေးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး စာချုပ်ကိုစစ်ဆေးလိုက်သည်။

ဗုဒ္ဓေါ! လမင်းသာ၊ အဘ ဦးကျော်သာတဲ့။ ဒါ. . . ဒါ ရွှေလေးနဲ့ မြသနာဖြစ်တဲ့ ဆရာဝန်သားအဖပါလား။

စာချုပ်ကို ဖိုင်ထဲမညှပ်မိဘဲ ကိုင်ထားမိသည်။ သူတို့ အတော့်ကို အကျပ်ရောက်နေတယ် ထင်ပါရဲ့။ ဒီလောက် စာတွေမတရားကျက်ရသည့် ဆေးကျောင်းသားလေးက စာကျက်ချိန်မရှိအောင် အလုပ်လုပ်မလို့ ဆိုပါလား။

ခြံအသစ်လေးက နေချင့်စဖွယ်လေးဖြစ်နေ၏။ တစ်ထပ်တိုက်ပုလေး အဆင်သင့်ပါတာမို့ သူတို့မိသားစုအတွက် အတော့်ကိုအဆင်ပြေသွားပါသည်။

အန်တီရှိစ်က Male Nurse... တစ်ဦး ပို့ထားပေးသည့်အတွက် မာမီ ပင်ပန်းတာ သက်သာသွားပါ၏။ ရောက်လာသည့်ကောင်လေးက သူ့ထက်ငယ်သလို လိမ္မာယဉ်ကျေးတာကြောင့် အတော့်ကို ဝမ်းသာရသည်။

"အစ်ကိုလေးရေ. . . မမချိုက စာမေးပွဲဖြေဖို့နီးရင် သူ့ဆီမှာ စာလာကျက်ဖို့ မှာသွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . မိုးလွင်ရေ့၊ ဒယ်ဒီ ထမင်းစားရဲ့လား"

"ဟုတ်ကဲ့၊ ဦးဦးက ကြက်သားသုပ် ပိုကြိုက်ပုံရတယ်၊ ထမင်း ပိ ဝင်တယ်ခင်ဗျ"

"ဟုတ်လား. . . နောက်ဆို အသုပ်တစ်မျိုးမျိုး အမြဲထည့်ကျွေး မာမီ့ကိုပြောရဦးမှာ။ ရော့! ဒီမှာ ဒယ်ဒီ့အတွက် ဆေးတွေ။ ဆေးတိုက်ချိန် မှန်ပါစေနော်။ လေးလေး လာသေးလား"

"ဟုတ်ကဲ့၊ ဘဘလည်း ဆေးတွေ ပေးသွားသေးတယ်"

"ဩော်. . . မာမီရော"

"မီးဖိုခန်းထဲမှာ"

သူ မီးဖိုခန်းထဲဝင်၍ ဝယ်လာသည့်ပစ္စည်းတွေ လာထားစဉ် မာမီ က လှည့်ကြည့်လာသည်။

"သားရယ်. . . စနေ တနင်္ဂနွေတောင် မနားရပါလား။ စာလည်း ကျက်ဦးနော်"

"ကျွန်တော့်စာ ကျွန်တော်နိုင်ပါတယ် မာမီ။ စာမေးပွဲနီးရင် သေချာ ဖိလုပ်မှာပါ။ မပူပါနဲ့။ ဒယ်ဒီ့ဖို့ Wheel Chair မှာထားတာ ရောက်ပြီ လား"

"ရောက်ပြီ သား၊ ညနေကတောင် မောင်မိုးလွင် လိုက်တွန်းပေး သေးတယ်"

သူ ရေမြန်မြန်ချိုး၍ ဒယ်ဒီ့အခန်းထဲဝင်ခဲ့၏။ ဒယ်ဒီက Wheel Chair ပေါ်ထိုင်လျက် ပြတင်းပေါက်မှ အပြင်သို့ငေးနေလေသည်။ သူ ဒယ်ဒီ့ခြေဖျားလေးတွေကို ဆုပ်နယ်ပေးစဉ် ဒယ်ဒီ့အကြည့်တွေက သူ့ထံ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်ဒီ. . . ကျွန်တော့်ကိုသိလား။ မှတ်မိလားဟင်"

ဒယ်ဒီ့အကြည့်တွေက သူ့ထံမှာပဲ တစိုက်မတ်မတ်ရှိနေပြန်သည်။ သူ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်မိ၏။ ဩော်. . . လောကကြီးတစ်ခုလုံးကိုပါ မေ့လျော့သွားတာပဲလား ဒယ်ဒီရယ်။ တအောင့်အကြာမှာ သူ အိမ်ထဲမှထွက်လာခဲ့သည်။

လမ်းထိပ်သို့ ခပ်မှန်မှန်လျှောက်၍ ကားဂိတ်ဘက်လမ်းကိုချိုးလိုက်စဉ် မထင်မှတ်သည့်မြင်ကွင်းက သူ့မျက်စိရှေ့ကိုရောက်လာ၏။ လူပါလာသည့် Wheel Chair တစ်ခုက တစ်ဖက်ကုန်းအဆင်းလမ်းမှ အရှိန်လွန်၍ ကားလမ်းမကို ကန့်လန့်ဖြတ်၍ ထွက်လာ၏။

Wheel Chair ပေါ်မှလူက မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလျက် ဘီးကိုမထိန်း။ သူ ကားလမ်းကိုအပြေးကူး၍ လမ်းအလယ်ရောက်စဉ် ဘီးကိုဆီးထိန်းလိုက်၏။ ကားဂိတ်မှလူတွေ တစ်ယောက်တစ်ပေါက် အော်လိုက်သံကို ကြားရ၏။

"အမယ်လေး. . . အမယ်လေး. . . အမယ်လေး"

ဘုရားရေ! ဒါ. . . ရွှေအဆင်းပါလား။ တစ်ပတ်လျှိုထုံးထားသည့် ဆံထုံးက ပြေလျော့လျော့။ အထိတ်တလန့် မော့ကြည့်လိုက်သည့် နက်မှောင်တောက်ပနေမှုမှာ သူ ခဏမျှအငိုက်မိသွားသည်။ ကြည့်စမ်း! အင်မတန်လှပလွန်းပါသည့် မျက်ဝန်းလေးတွေပါလား။ သူမက သူ့လက်ကို ဖျတ်ခနဲ လှမ်းကိုင်လိုက်လေ၏။ အေးစက်စက် လက်ဖျားလေးနှစ်ဖက်ကို သူ ပြန်ဆုပ်ကိုင်လိုက်ပါသည်။

"မကြောက်နဲ့တော့နော်၊ ဘာမှမဖြစ်တော့ဘူး သိလား။ ဒါထက် နေ ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ထဲမှာ တွန်းလှည်းနဲ့လျှောက်သွားရင်း၊ မြို့ပြင်ထွက်ချင်တယ် ပြောလို့ ထွက်ခဲ့တာ အစ်ကိုလေးရဲ့။ ကုန်းဆင်းမှာ မိတ္တာ ချော်လဲကျန် ခဲ့တုန်း မမလေးက ကုန်းကို ဒီအတိုင်း ဆက်ဆင်းသွားတာ"

"ဘယ်လို"

သူ တအံ့တဩကြည့်လိုက်တော့ သူမက မျက်နှာလေးရဲလျက် မျက်လွှာကို အသာချသွားလေ၏။ ဒါ တမင်သက်သက် သေကြောင်းကြံ စည်မှုပဲ။ ဘယ်လိုလုပ်လိုက်တာလဲ ရွှေလေးရယ်။

"နောက်ကို အဲဒီလိုမလုပ်ရဘူးနော် ရွှေလေး။ အန္တရာယ်ရှိတယ်"

"ရှင်"

"ကဲ! လာ. . . ကျွန်တော် ပြန်လိုက်ပို့ပေးမယ်"

"ကျေးဇူးတင်လိုက်တာ အစ်ကိုလေးရယ်၊ မမလေးသာ တစ်ခုခု ဖြစ်သွားရင် ဦးဦးတို့က မိတ္တာကိုအသေသတ်မှာ"

သူ ကုန်းတက်ကို အားစိုက်၍တွန်းလိုက်သည်။ မိတ္တာ ညွှန်ပြရာ လမ်းထောင့်ခြံဝအထိ လိုက်ပို့ဖြစ်၏။ လသာဆောင်ကြီး ထုတ်ထားသည့် တိုက်အဖြူကြီးက တင့်တယ်ခမ်းနားလွန်းလှသည်။ ဒါ ရွှေအဆင်းရဲ့မိဘ တွေနေတဲ့တိုက် ထင်ပါရဲ့။

"အိမ်ထဲဝင်ပါဦးလားဟင်"

"မဝင်တော့ပါဘူး ရွှေလေး"

"နာမည် ဘယ်လိုခေါ်လဲဟင်"

သူ တစ်ချက်ပြုံးလိုက်မိ၏။ မျက်ဝန်းထဲမှ ကြင်နာခြင်းပုံရိပ်များ ကို အတိုင်းသားမြင်နေရသည်။ ဒါ. . . သံယောဇဉ်ရဲ့အစတဲ့လား ရွှေလေး ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးပါ"

"ရွှေလေးနာမည်ကို ဘယ်လိုသိတာလဲဟင်. . . ရွှေလေးကို သိလို့လား"

"သိတာပေါ့"

"ဘယ်တုန်းကလဲ"

သူ ပါးစပ်ကို အမြန်ပိတ်လိုက်ရသည်။ အင်း. . . ကိုယ်က ရွှေလေးရဲ့ရန်သူပါကွယ်။ ရွှေလေးကို ဒီဘဝရောက်အောင် လုပ်လိုက်တယ်ဆိုတဲ့ ပဋိပက္ခကြားထဲမှာ ညပ်ခဲ့ရတဲ့သူပါ။

"ကြာပြီ"

"ဘယ်နေရာမှာ သိခဲ့တာလဲဟင်၊ ရွှေလေးက ကိုလေးကို တစ်ခါမှမမြင်ဖူးဘူး"

"ဟုတ်မှာပေါ့၊ ကိုယ်က ရွှေလေးကို အိပ်မက်ထဲမှာ တွေ့ဖူးတာကိုး။ ကဲ. . . သွားပြီနော်"

နှုတ်ခမ်းလေးဟလျက် အံ့ဩစွာကျန်ရစ်ခဲ့သည့်သူမကို ကျောခိုင်း၍ သူထွက်လာခဲ့သည်။

သူ့နောက်ကျောပြင်ကို ငေးကြည့်ရင်း သူမရင်ခုန်သံတွေ မြန်နေသာမို့ ရင်ဘတ်ကို အသာဖိထားလိုက်မိ၏။ ကြည့်ပါဦး. . . ကိုကိုမြတ်အက် ပိုငယ် ပိုချောတဲ့လူတစ်ယောက်ကို ဒီနေ့မှ သူမ မြင်လိုက်ရတာပါဘား။

ထူးဆန်းလိုက်တာနော်။ ဒီ Wheel Chair နဲ့ ခြံပြင်သာ ထွက်ဆော့ရင် သူနဲ့ခုလိုတွေ့ရမှာမဟုတ်ဘူး။ သူမ လှစ်ခနဲပြုံးလိုက်ပြီး Wheel Chair လေးကို အသာဖွဖွလေး ပွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား. . . ဘုရား. . . ကံကြီးပေလှချေသောသဘော့ သမီးရယ်၊ မေမေ တော့ ရင်ကျိုးရချည်ရဲ့။ မေမေတို့ဆွေမျိုးထဲမှာ ရှားရှားပါးပါးမျိုးဆက်ဆို လို့ သမီးတစ်ယောက်တည်းရှိတာကို ဘယ်လိုလုပ်လိုက်တာလဲ"

"ရွှေလေး ပျင်းလို့ မြိပြင်ထွက်ဆော့မိတာပါ မေမေ"

"အမယ်လေး! ဆော့စရာရှားလို့ မြိပြင်ကိုမှ ထွက်ဆော့ရသတဲ့လား သမီးရယ်။ မေမေတော့ နေစရာမရှိအောင် အပြောခံရမှာ။ မေမေကြီးတို့ သာ သိသွားရင် မိုးမီးလောင်တော့မှာပဲ"

သူမနှာခေါင်းလေး ရှုံ့သွားမိ၏။ ဟွန်း! မယ်မယ်ကြီးတို့၏အိမ်မှာ မနေချင်တာနဲ့ အခုလိုတွေဖြစ်လာတာပေါ့ မေမေရယ်။ နေရာတကာ မျက် စိဒေါက်ထောက်ကြည့်ပြီး၊ လူကို လိုက်အမိန့်ပေးနေတာမို့ အရွဲ့တိုက်ပြီး ခေါင်းလျှော်ရာက ခုတော့ ဒုက္ခတဘာဝကိုရောက်ရော။ ဘာမဆိုင်ညာမဆိုင် ဟိုဆရာဝန်ကြီးတို့သားအဖပါ သူမအတွက်နဲ့ ဒုက္ခရောက်ခဲ့ရတာလေ။

"ကောင်လေးကို အိမ်ထဲမခေါ်ခဲ့ဘူးလား မိတာ"

"ခေါ်ပါတယ် ဒေါ်လေးမေရဲ့၊ သူအလုပ်နောက်ကျနေလို့ မဝင် တော့ဘူးဆိုပြီး ပြန်သွားတာပါ"

"အင်း. . . မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေတော်။ ဘေး မသီရန်မခဘဲ လိုတရဆုနဲ့ ပြည့်ဝပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

"ဟဲ့! မေမေက ဟိုကောင်လေးကို ဆုတောင်းပေးနေတာလေ သမီး ရဲ့. . . ဘယ့်နှယ်"

"သူ့ကိုယ်စား ပြောပေးတာပါ မေမေရဲ့။ ကိုလေးက ချောချော လေး. . . သိလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိလေး သမီးဖြစ်သူကို မျက်လုံးပြူး၍ကြည့်လိုက်တော့ သမီးက ဟက်ဟက်ပက်ပက် ရယ်ချလိုက်လေ၏။

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းကြောင့် လက်ခံရရှိတဲ့ချက်ဆောင်းတစ်ချက်တာ
သာယာတဲ့ တေးပြုသံစဉ်တစ်ခုပါ...။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

"Taxi...အားလားကွယ်၊ (. . .)ရိပ်သာကို သွားမလို့"

"အားပါတယ်ခင်ဗျာ. . . တက်ပါ"

သူ စာကျက်နေရာမှ စာအုပ်ကိုပိတ်လိုက်ပြီး နောက်ခန်းတံခါးကို ဆင်းဖွင့်ပေးလိုက်၏။ သူ့ကားထဲ ဝင်ထိုင်လိုက်သည့်အမျိုးသမီးကြီးကို ကြည့်၍ သူလန့်သွားမိသည်။

ဒါ. . . ဒါ. . . ရွှေအဆင်းတို့အိမ်မှာ တွေ့ခဲ့တဲ့အမျိုးသမီးကြီးပါလား။ ရွှေလေးနဲ့ရုပ်ချင်းတူတာမို့ ရွှေလေးမေမေ ထင်ပါရဲ့။ ဒီကွတော့ ရောက်ပြီထင်တယ်။ သူစိတ်ကိုထိန်း၍ ကားကိုမောင်းထွက်ခဲ့၏။ ရိပ်သာရောက်တော့ အမျိုးသမီးကြီးက ကားတံခါးကိုဖွင့်ဆင်းလိုက်သည်။

"ဪ. . . သားရေ၊ ဆယ့်ငါးမိနစ်လောက် စောင့်ပေးနိုင်မလား ကွယ်။ အန်တီ အထဲမှာ ပေးစရာရှိတာပေးပြီးရင် တစ်ခါတည်း အိမ်ပြန်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လိုမဟုတ်ဘူးကွယ့်၊ သူ့အဘွားနဲ့ ကျောင်းပိတ်ရက်အတွင်း သွားနေရင်း ဘွားအေကိုအရွဲ့တိုက်ပြီး ခေါင်းလျှော်ရာက ဖြစ်သွားတာ"

"ဟုတ်တယ် သားရဲ့. . . အဲဒီည သူ့ဖျားတော့ လာကုသပေးတဲ့ ဆရာဝန်ကြီးသားအဖတောင်မှ ပြဿနာဖြစ်သွားရသေးတယ်။ အန်တီတို့က ဒီလောက်တော့ နားလည်ပါတယ်။ အမှုမဖွင့်ဖို့ပြောတာကို မယ်မယ်တို့က အတင်းကြီးလုပ်ခဲ့တာ။ ခမျာ မိသားစုဒုက္ခရောက်ပြီး အိမ်ရောင်းပြောင်းသွားတဲ့အထိပဲ။ သူတို့အကြောင်းကို အန်တီတို့ စုံစမ်းပါသေးတယ်။ ကူညီသင့်ကာ ကူညီရင်း တောင်းပန်ချင်တာပါ။ ခုတော့ သတင်းအစအနတောင် မရတော့ဘူး"

သူ မျက်နှာပူစွာဖြင့် ခေါင်းကိုငုံ့လိုက်ရ[illegible]ဘုရားရေ! အန်တီက သူ့ကိုလုံးဝမမှတ်မိတာကို။

"အခုတော့ မယ်မယ်နဲ့မိမိကြီးက ရိပ်သာဝင်နေကြပြီလေ။ ကိုယ့်အပူကိုယ်ရှာပြီး ပြန်ငြိမ်းကြရတာပေါ့"

"ဟို. . . မိမိကြီးဆိုတာ"

"အန်တီ့အမြွှာအစ်မလေ သားရဲ့၊ သမီးဖြစ်တုန်းက သူက ပိုဆိုးတာ။ တစ်အိမ်လုံးကို ဝုန်းဒိုင်းကျဲပြီး သတ်မယ်ဖြတ်မယ်တွေ ဖြစ်ခဲ့တာပေါ့"

ဩော်. . . ဒါကြောင့်ကိုး။ သူက အန်တီနှင့်ဒေါ်မိမိကြီးကို တစ်ယောက်တည်း ထင်နေခဲ့မိလို့ စိတ်တွေ ပူနေလိုက်ရတာ။

"ကဲ! သမီး။ ရေချိုးဖို့ပြင်လေ။ ခဏနေ ဒေါက်တာ လာတော့မှာ"

"ဖေဖေကလည်း ရွှေလေးက ကိုလေးနဲ့စကားပြောချင်သေးတာကို"

"ဩော်. . . သူ့မှာလည်း အလုပ်နဲ့လေ သမီးရယ်၊ နားလည်



www.burmeseclassic.com

www.burmeseclassic.com



...နောက်တော့ သမီးအစ်ကို ဒီကို မကြာမကြာလာလည်မှာပဲဟာ"

"ဖေဖေပြောတာ ဟုတ်လားဟင် ကိုလေး"

"အင်း. . . အဲ. . ."

သူ ယောင်ရမ်း ခေါင်းညိတ်လိုက်မိရင်း ရှက်အမ်းအမ်းဖြစ်သွား...မို့ လူကြီးနှစ်ဦးက ကျိတ်ပြုံးလိုက်သည်။

"သားဖေဖေကို ဘယ်ဆရာဝန်နဲ့ပြသလဲ"

"ဖေဖေ့အသိမိတ်ဆွေ ဆရာဝန်ကြီးနဲ့ပါ"

"ဩော်. . . သမီးကိုတော့ ဒေါက်တာ ဒေါ်ခင်လေးဆွေနဲ့ ပြတာ...ည်"

"ဗျာ"

"သားနဲ့သိလို့လား။ ခဏနေ လာတော့မှာ"

"ဟို. . . ကျွန်တော် ပြန်တော့မယ်ခင်ဗျာ။ ခွင့်ပြုပါဦး"

"အေးအေး. . . ရော့! ဒီမှာ သားအတွက် မုန့်ဖိုးနော်"

"ဟာ. . . မယူပါရစေနဲ့ အန်တီ"

"ယူလိုက်ပါ သားရယ်၊ ဒီ့ထက်မက အန်တီတို့ပေးချင်တာပါ။ ဘယ်...ာက်မှ မရှိပါဘူး။ လက်ခံပါကွယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

သူ ကားဖြင့် တစ်ချိုးတည်းလစ်ခဲ့ရ၏။ အမယ်လေး! တီချယ်နဲ့...ူလို့မဖြစ်ပါဘူး။ တော်ကြာ သူ့အကြောင်းတွေ သိကုန်ရင် ရွှေလေးနဲ့...တ်သက်ခွင့်မရဘဲနေမှာလေ။ ကုမ္ပဏီမှာ ကားအပ်၍ထွက်လာစဉ် နောက်...မှ ကားဟွန်းသံကြောင့် သူ ဘေးကပ်၍ ရပ်လိုက်၏။

"လမင်း. . . အခု ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရ. . . ရပါတယ်ခင်ဗျ"

အမျိုးသမီးကြီးက တစ်ချက်ပြုံးလိုက်ပြီး ရိုပ်သာထဲ ဝင်သွားလေ၏။ သူ့ကိုမှတ်မိပုံမရသဖြင့် တော်ပါသေးသည်။ တအောင့်အကြာမှာ ပြန်ထွက်လာသဖြင့် သူ ကားကိုမောင်းထွက်ခဲ့၏။ သူမတို့ခြံထဲ ကားကိုမောင်းဝင်လာခဲ့စဉ် ခြံထဲမှာ နှင်းဆီပွင့်တွေကို လက်ညှိုးထိုးပြနေသည့် ရွှေလေးကို လှမ်းမြင်လိုက်ရသည်။ သူမမျက်ဝန်းလေးများ အရောင်တလက်လက်တောက်လာပြီး Wheel Chair ကိုတွန်း၍ ကားနားသို့ရောက်လာလေ၏။

"ကိုလေး"

"ဗျာ"

"သမီးက ဒီသူငယ်ကိုသိလို့လား"

"မနေ့က သမီးပြောတဲ့ကိုလေးဆိုတာ သူပဲလေ မေမေရဲ့"

"ဟယ်! ဟုတ်လား။ လာလေ. . . သား။ အိမ်ထဲခဏဝင်ပါဦး"

"ဟို. . . နေပါစေ အန်တီ၊ ကျွန်တော်. . ."

"ဩော်. . . အားနာနေပြန်ပါပြီ၊ လာပါ သားရဲ့။ အန်တီ ကားခ လည်းပေးရဦးမှာ။ အထဲဝင်ယူရမှာမို့ ဆင်းခဲ့ပါကွယ်"

သူ ခေါင်းကိုကုတ်လိုက်ပြီး ဆင်းလိုက်တော့၊ ရွှေအဆင်းက သူ့ ၏နောက်ကျော်ခုံကို အသာပုတ်ပြလိုက်သဖြင့် Wheel Chair ကို သူ တွန်းလိုက်ရသည်။

"ဟော! ငါ့သမီးကတော့ လှမြင်တာနဲ့ ဖမ်းခိုင်းတော့တာပါပဲလား"

"ကိုလေးနဲ့သမီးက သိပြီးသားပါ မေမေရဲ့"

"ဟုတ်ပါပြီ. . . ဟုတ်ပါပြီ။ ကဲ! ထိုင်ပါ မောင်ရင်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းရှိခုံမှာ ဝင်ထိုင်လိုက်တော့ သူမက Wheel Chair ကို သူနှင့်မလှမ်းမကမ်းမှာ ရပ်လိုက်သည်။ သူမမေမေက အတွင်းခန်းမှထွက်လာပြီး ကော်ဖီနှင့်မုန့်ကို ချပေးလေ၏။

"သားရေ. . . ကော်ဖီနဲ့မုန့်စားဦးကွယ်၊ မနေ့က မိတာ ပြောလို့ အန်တီတို့သိလိုက်ရတာ။ လူ့ကို ထူပူသွားတာပဲ။ သူကတော့ ရယ်မောပြီး ပျော်လို့ သားရေ့။ အသက်အန္တရာယ်ဖြစ်မှာကို မကြောက်မရွံ့နဲ့ လုပ်ရတယ်လို့"

"ကျွန်တော် သူတို့နှစ်ယောက်ကို ပြောထားပါတယ် အန်တီ။ နောက်ကို မြို့ပြင်မထွက်ခိုင်းပါနဲ့"

"မိတာကိုလည်း သူက ငယ်နိုင်ဆိုတော့ သူခိုင်းသမျှ ဟိုက လိုက်လုပ်ပေးနေရတာကိုး သားရဲ့။ သားက ဘာအလုပ်လုပ်သေးလဲ။ နေတာကရော"

"ကျွန်တော် Taxi ပဲမောင်းတာပါ အန်တီ။ ညဘက်ဆွဲတာ များပါတယ်။ ဒီစနေ တနင်္ဂနွေတွေပဲ နေ့ခင်းမောင်းတာပါ"

"သားမိဘတွေကရော"

"ဖေဖေက ရွှေလေးလိုပဲ Wheel Chair နဲ့နေရတဲ့လူမမာပါ အန်တီ"

"ကျွတ်. . . ကျွတ်. . . ဖြစ်မှဖြစ်ရလေ။ ဘယ်လိုဖြစ်ရတာလဲ သားရယ်"

"ချော်လဲပြီး အာရုံကြောထိသွားတာပါ။ ဖေဖေက စကားကိုပဲပြောသာတာ။ ဘာမှမသိသလို မေ့ကုန်တာပါပဲ"

"အန်တီစိတ်မကောင်းလိုက်တာ သားရယ်။ သမီးကတော့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတောင်ကြားလမ်းဘက်ပါ ခင်ဗျာ"

"လာ. . . ကားပေါ်တက်"

"ဗျာ"

"တက်ပါ၊ ကိုယ် မင်းကိုပြောစရာရှိတယ်"

သူ ရှေ့ခန်းတံခါးကိုဖွင့်၍ တက်လိုက်ရ၏။ ကားထဲမှာ Aircon လွှတ်ထားသဖြင့် စိမ့်ခနဲအေးသွားလေသည်။

"မင်း စာရော လိုက်နိုင်ရဲ့လား"

"ဗျာ! "

"မင်းဘယ်သူလဲဆိုတာ ကိုယ်သိတယ် လမင်း။ အခု ဒေါက်တာ ရှိစိတ္တာရဲ့ဆေးခန်းမှာ အလုပ်ဆင်းမလို့မဟုတ်လား"

"ဟုတ်. . . ဟုတ်ပါတယ်"

"မင်းမှာ စာကျက်ချိန်ရော ရှိရဲ့လား"

"ရှိပါတယ်ခင်ဗျာ၊ ဒီလိုပဲ အိပ်ချိန်ထဲက လုရတာပေါ့"

"ဟင်း. . . ပင်ပန်းလိုက်တာ လမင်းရယ်၊ ကျောင်းစရိတ်အတွက် ငွေရှာနေတာဆိုလည်း ကိုယ်ကူညီနိုင်ပါတယ်"

"နေပါစေ သူဌေးမင်း။ ကျွန်တော့်ကို နားလည်မှုနဲ့ ကားမောင်းခွင့် ပေးတာကိုပဲ ကျေနပ်လှပါပြီ"

"ကျွတ်! မင်း ကိုယ့်ကို အဲဒီလိုမခေါ်ပါနဲ့ကွာ၊ နားထဲမှာ တောင့် တောင့်ကြီးဖြစ်နေတယ်"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ အစ်ကို"

"အေး. . . မင်းရဲ့စိတ်ဓာတ်နဲ့မာနကိုတော့ ကိုယ် လေးစားတယ် ညီ။ ဘာ့ပဲဖြစ်ဖြစ် အကူအညီတကယ်လိုအပ်ရင် ကိုယ့်ကို ပွင့်ပွင့်လင်း



www.burmeseclassic.com

www.burmeseclassic.com



ာင်းပြောပါ။ ဟုတ်ပြီလား"

"ဟုတ်ကဲ့ အစ်ကို. . . ကျေးဇူးတင်ပါတယ်"

မြင့်မြတ်က ဆေးခန်းရှေ့တစ်ဖက်လမ်းမှာ ကားကိုထိုးရပ်လိုက်လေ ၏။ သူ ကားလမ်းကိုကြည့်ကူး၍ ဆေးခန်းထဲဝင်လာခဲ့သည်။

"ဟဲ! ကိုယ်တော်လေး။ ဘယ်က စီးတော်ယာဉ်နဲ့ ကြွမြန်းလာတာ ာန်း"

"လုပ်လိုက်ပြန်ပြီ၊ အသိကားပါဟ"

"ကြည့်စမ်းပါ ဖိုးလရယ်၊ တော်ဝင်ကုမ္ပဏီပိုင်ရှင်နဲ့ နင်သိနေတာ ဘုံးဝမဖြစ်နိုင်ဘူး"

"ဩော်. . . မယုံလည်း မတတ်နိုင်ဘူး ချိုရာ၊ ငါ အမှန်အတိုင်း ပြောတာပါ"

"ထားပါတော့၊ နောက် အလိမ်ပေါ်မှ ထမအော်နဲ့"

"နင်သိချင်ရင် ငါမိတ်ဆက်ပေးမယ်ဟေ့။ လိုက်အစ်မနေနဲ့"

"ကြည့်စမ်း! ခွေးနာ"

သူ ချိုကို နိုင်အောင်ပြောပြီး အန်တီ့ဆေးခန်းထဲ ဝင်ခဲ့၏။ လူနာ တွေက တန်းစီစောင့်နေလေပြီ။ List ထဲမှာ နာမည်ကို တစ်ဦးချင်းခေါ် ၍ ထည့်လိုက်ပြီး ခဏလေးအတွင်း အလုပ်ရှုပ်သွားတော့သည်။

*♡ *♡ *♡



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းသာ ရှိမနေရင်...
လောကကြီးဟာ နေပျော်စရာကောင်းတဲ့ ဘုံတစ်ခု
မဖြစ်နိုင်တော့ဘူး...



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

လမ်းထဲကို ကားဖြူလေးတစ်စီး ဝင်လာ၏။ စက်သံညက်သလို ဟွန်းလည်း မတီးသောကြောင့် ကားသံကိုမကြားရ။ ကားရှေ့မီးသီးကြီး ကို မထွန်းဘဲ အောက်မီးသီးအသေးကိုသာ ထွန်းထားသောကြောင့် မီး မှိန်မှိန်လေးသာ လင်းနေ၏။ ကားက ခပ်ဖြည်းဖြည်းလေးဝင်၍ လမ်း ထောင့်မှာ ကွေ့ဝိုက်လိုက်သည်။ လမ်းကျယ်မို့ ကားသေးသေးလှည့်ရတာ သွယ်ကူလေ၏။

"ရှီ...ရှီး...ရှီ..."

လေချွန်သံငြိမ့်ငြိမ့်လေးကြောင့် လသာဆောင်မှာရှိနေရာမှ သူမ ဆတ်ခနဲ ခေါင်းထောင်လာ၏။ မှောင်မှောင်မည်းမည်းထဲမှာ အဖြူရောင် အရိပ်လေးကို မှုန်ပြပြလှမ်းမြင်နေရသည်။ တဖြည်းဖြည်းဖြင့် ကားလေးက ခြံဝမှ တရွေ့ရွေ့ထွက်ခွာသွားတော့၏။

သူမ အမှောင်ထဲမှာ ပြုံးလိုက်မိသည်။ ရွှေလေး သိင်္ဂါတယ် ကိုလေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ဘယ်သူမှ မသိမမြင်အောင် ကိုလေး လာပေမယ့် ရွှေလေး မြင်တယ်
ရွှေလေးနှလုံးသားက အလိုလိုသိနေတာပါ။ အာရုံမှာ ရှင်းသန့်သည့် ကို
လေးမျက်နှာကို မြင်ယောင်မိသည်။ ရွှေလေးကိုကြည့်တဲ့ ကိုလေးမျက်ဝန်း
တွေထဲကအရိပ်တွေကို ရွှေလေး နားလည်ချင်တာ ကိုလေး သိပါရဲ့လား

"သမီးရေ. . . ကိုကိုမြတ် ဖုန်းလာနေတယ်"

"ဟုတ်ကဲ့. . . လာပါပြီ မေမေ"

သူမ အိမ်ထဲသို့ Wheel Chair ကိုလှည့်ပြီး ဝင်လိုက်ပြီး နာရီကို
မော့ကြည့်လိုက်သည်။ ည (၇)နာရီ (၁၅)မိနစ်ပါလား။ ကိုလေးရဲ့ Taxi
စထွက်ပြီပေါ့နော်။ ညဘက်ရှုခင်းတွေကို ကိုလေးနဲ့အတူ ရွှေလေး ကြည့်
ချင်တယ်။ ခံစားချင်တယ်။ ကိုလေးနဲ့ စဆုံစဉ်တုန်းကလို ရွှေလေးလက်
ကိုဆုပ်ကိုင်ခဲ့တဲ့ နွေးထွေးမှုမျိုးကို ကိုလေးဆီက အမြဲရချင်တယ်။

"ဟဲလို. . . ကိုကိုမြတ်၊ ရွှေလေးပါ"

"ညမိုးချုပ်ကြီး ဘာဖြစ်လို့ အပြင်မှာထွက်နေရတာလဲ ရွှေလေး
ရယ်။ တော်ကြာ ဖျားနာနေဦးမယ်"

သူမ ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ ကိုကိုမြတ်လည်း
ဘိုးဘိုးလိုပဲ တစ်သွေးတစ်သံတစ်မိန့်။ အမျိုးတွေ မဟုတ်လား။

"ရွှေလေး မွေးနေ့ရောက်တော့မှာနော်၊ မွေးနေ့လက်ဆောင် ဘာ
လိုချင်လဲ. . . ပြော"

"ဟင့်အင်း. . . ရွှေလေး ဘာမှမလိုချင်ပါဘူး ကိုကိုမြတ်"

"မဟုတ်ဘူးလေ၊ တောင်းရိုးတောင်းစဉ်မဟုတ်ဘဲ ရွှေလေးစိတ်ထဲ
ရှိတာကို တောင်းပါလား။ တစ်ခုခုပေါ့။ စဉ်းစားပြီးပြောလေ"

ဟင့်အင်း. . . ရွှေလေး ကိုကိုမြတ်ဆီက ဘာမှမလိုချင်ပါဘူး။ ရွှေ

www.burmeseclassic.com

www.burmeseclassic.com



သား လိုချင်တာ ကိုလေးဆီကပါ။ ဒါပေမဲ့ ကိုလေးက ရွှေလေးကိုပေးနိုင်မလား။ အချိန်လုပြီးအလုပ်လုပ်နေရတဲ့ ကိုလေးဆီက ရွှေလေးလိုချင်သမယ့် ရွှေလေးကြောင့်ကိုလေးစိတ်ညစ်မှာကို မလိုလားတာ အမှန်ပါ။

"ရွှေလေး. . . ဟဲလို. . . ရွှေလေး"

"ပြောပါ ကိုကိုမြတ်"

"အသံတိတ်လှချည်လား။ အရင်လို ပေါက်ပေါက်ဖော်အောင်စကားတွေပြောပါဦးလား ရွှေလေးရယ်"

"ရွှေလေး အိပ်ချင်လာလို့ပါ"

"သြော်. . . ဒါဖြင့်လည်း အိပ်တော့လေ။ နောက်မှ ကိုယ့်ကို ဖုန်းဆက်ပြီး ပူဆာပေါ့။ ကဲ! ဒါပဲ. . . Good night."

"ဟုတ်"

ဖုန်းကိုအသာချလိုက်သည်။ ဒီလိုမျိုးသာ ကိုလေး ဖုန်းပြောရင် ရွှေလေး သိပ်ပျော်မှာပဲ။ ကိုလေးရဲ့စကားသံတွေကို ညတိုင်းကြားချင်လိုက်တာ။ ကိုလေးရယ်. . . အားငယ်ရိပ်သန်းနေတဲ့ ကိုလေးရဲ့မျက်နှာလေးကို အမြဲလန်းဆန်းစေချင်တာ ရွှေလေးရင်ထဲက စေတနာပါ။

"သမီး. . . ဘာတွေ ဒီလောက်အတွေးလွန်နေတာလဲ။ သမီးကြည့်ရတာ ငူငူငိုင်ငိုင်နဲ့ကွယ်"

"မေမေ. . . ကိုကိုမြတ်က ရွှေလေးမွေးနေ့မှာ ဘာလိုချင်လဲတဲ့"

"ဟုတ်လား။ သမီးလိုချင်တာကို ပြောလိုက်လေ"

"ရွှေလေး. . . ရွှေလေးမွေးနေ့မှာ အလိုချင်ဆုံးက ရွှေလေးခြေထောက်တွေ ပြန်ကောင်းချင်တာပါပဲ မေမေ"

"သမီးရယ်. . . မေမေတို့လည်း ကြိုးစားကုပေးနေတာပါပဲ။ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ရှည်ရှည်နဲ့စောင့်ရမှာပေါ့။ အားမငယ်ရဘူးလေ"

"ဟင့်အင်း. . . ရွှေလေး အားမငယ်ပါဘူးမေမေ။ ဒီခြေထော

တွေ လုံးဝပြန်မကောင်းရင်လည်း နေပါစေတော့"

"အို! သမီးရယ်. . . မဟုတ်တာ"

"ညမီးရောင်နဲ့ လမ်းမကြီးက သိပ်လှမှာပဲနော် မေမေ"

ဒေါ်မိမိလေး သမီးဖြစ်သူကို အသာငေးနေမိ၏။ သမီးက ပြတ

ပေါက်လိုက်ကာကို အသာဟ၍ ငေးကြည့်ရင်း ဆက်ပြောနေလေသည်

"အဲဒီညရှုခင်းတွေကို စိမ်ပြေနပြေနဲ့ လိုက်ကြည့်ချင်လိုက်တာ

ရွှေလေးမွေးနေ့မှာ တစ်ညလုံးလိုက်ပို့ရင် သိပ်ကောင်းမှာပဲ"

"ကိုကိုမြတ်ကို လိုက်ပို့ခိုင်းလေ သမီးရဲ့"

"ဟင့်အင်း. . . ရွှေလေး ကိုကိုမြတ်နဲ့သွားချင်တာမဟုတ်ဘူး"

"ဟင်! ဒါဖြင့် ဘယ်သူနဲ့သွားချင်တာလဲ"

"ကိုလေးနဲ့"

"ဘာရယ်"

"ဟုတ်တယ်၊ ကိုလေးနဲ့ပဲ သွားချင်တာ"

"သမီးရယ်. . . ဒီကလေးနဲ့ရင်းနှီးတာ ဘာကြာသေးလို့လဲ။ စိ

ကို ဒီလောက်အထိ အလိုမလိုက်ရဘူးလေ။ မေမေ မကြိုက်ပါဘူး။ ဖေ

လည်း ကြိုက်မှာမဟုတ်ဘူး။ သမီးမယ်မယ်ကြီးတို့သိရင်. . . "

"ဟင့်အင်း. . . ရွှေလေးက စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်တာ

မေမေ။ ရွှေလေးလိုချင်တာကို တကယ်တမ်း ဘယ်သူမှပေးနိုင်မှာမဟုတ်

ဘူးဆိုတာ ရွှေလေး သိပါတယ်"

သမီးက မျက်ရည်ကို ကျိတ်သုတ်လိုက်သဖြင့် ဒေါ်မိမိလေး ရင်

www.burmeseclassic.com

www.burmeseclassic.com



ဆိုသွားရ၏။ လက်ဝါးလေးနှစ်ဖက်ကို ပွတ်သပ်လျက် ငြိမ်သွားသည့်သမီးကို သနားလွန်းလှသည့်ခံစားမှုက ရင်ထဲမှာ ပြည့်လျှံလာလေ၏။

"သမီးရယ်. . . ကိုကိုမြတ်ကို လိုက်ပို့နိုင်းရင်"

"နေပါစေတော့ မေမေ၊ ရွှေလေး ဘာကိုမှမလိုချင်တော့ပါဘူး"

"မဟုတ်သေးဘူးလေ၊ ကိုကိုမြတ်ဆို သမီးကို ဘယ်လောက်အလိုလိုက်သလဲ။ သမီးစိတ်တိုင်းကျ. . ."

"ဟင့်အင်း. . . ရွှေလေးက ကိုကိုမြတ်ကို အစ်ကိုတစ်ယောက်လိုသက် သံယောဇဉ်မရှိဘူး မေမေ။ မယ်မယ်ကြီးတို့ဆုံးပေးလို့ ကိုကိုမြတ်နဲ့ ရွှေလေး အလိုက်သင့်ပြောနေရတာ။ ရွှေလေးစိတ်ချမ်းသာအောင် ကိုကိုမြတ် မထားနိုင်ဘူး"

"ဒါပေမဲ့ ကိုကိုမြတ်နဲ့သမီးက အတွင်းသိအစင်းသိလေ သမီးရယ်"

'ရွှေလေးလိုချင်တာ မေမေတို့အတွက် တန်ဖိုးသိပ်ကြီးနေလို့လားဟင်။ ပြောပါဦး မေမေ။ ရွှေလေးက ရိုးသားစွာပြောမိတာပါ။ မေမေ သိသားဖို့က ရွှေလေးလို ဒုက္ခိတတစ်ယောက်ကို ဘယ်ယောကျာ်းလေးကမှ စိတ်ဝင်စားမှာမဟုတ်ပါဘူး။ ဒါကို ရွှေလေးသိပြီးသားပါ။ အနည်းဆုံး ကရုဏာသက်ရုံနဲ့ လိုက်လိုက်လျောလျော ဆက်ဆံရုံပါ မေမေရယ်"

ဒေါ်မိမိလေးမျက်ဝန်းမှ မျက်ရည်တွေ တပေါက်ပေါက်စီးကျသွားသည်။ သမီးရယ်. . . သမီးရဲ့စကားတွေက မေမေ့ရင်ကို ခွဲနေသလိုပါပဲလား။ သမီး ဘယ်လိုပဲ ရိုးသားပါတယ်ပြောပြော၊ သမီးဟာ မေမေမွေးထားတဲ့ မေမေ့သမီးပါ။ သမီးရင်ထဲကို မေမေမြင်နေရတယ်။ သမီးရင်ထဲမှာ ဘာတွေရှိနေသလဲဆိုတာ မေမေ သိပါတယ်ကွယ်။

သူမ Wheel Chair ပေါ်ကို ခေါင်းမှီချလိုက်ပြီး ခေါင်းကိုမော့၍



www.burmeseclassic.com

www.burmeseclassic.com



မျက်စိကိုမှိတ်ထားလိုက်မိသည်။ ကိုလေးရယ် . . . ကိုလေးလည်း ရွှေလေ
လိုချင်တာကို ပေးနိုင်မှာမဟုတ်ဘူး။ ဒါကို ရွှေလေး သိပါတယ်လေ။

"ရွှေလေး အိပ်တော့မယ် မေမေ"

ဒေါ်မိမိလေး သမီး၏ Wheel Chair လေးကို နောက်မှအသ
တွန်းလိုက်၏။ အိပ်ခန်းရှိကုတင်ပေါ်သို့ မိတာနှင့်အတူ ထူမ၍ တင်လို
သည်။ သမီး၏မျက်ဝန်းမှ မျက်ရည်တို့ စီးကျလာ၏။

"ရွှေလေးကြောင့် ခံဝင်းရဲဒုက္ခပိုင်းခံနေရတာကို ရွှေလေး မလို
တာ အမှန်ပါမေမေ။ တကယ်ဆို အဲဒီညမှာကတည်းက ရွှေလေး သေသ
သင့်တာပါ။ ရွှေလေးမှာ အနာဂတ်ပျောက်နေပြီမေမေ။ လူဖြစ်ပြီး လူ
ရကျိုးမနပ်မှတော့ လောကကြီးထဲမှာ အသက်ရှင်နေလို့လည်း အပိုပါ
ရွှေလေးကို မွေးပေးတဲ့မေမေ့ကို ဒုက္ခပေးဖို့ လူဖြစ်လာတာမို့"

"တော်ပါတော့ သမီးရယ်၊ တော်ပါတော့။ မေမေ့ကို ရင်ကွဲအော
မပြောပါနဲ့လား။ မေမေ သမီးကိုသိပ်ချစ်တာပါ သမီးရယ်"

"ယုံပါတယ် မေမေ၊ ရွှေလေး အခုလိုဖြစ်ခဲ့ရတာတွေဟာလည
ရွှေလေးကို အကုန်စုပုံပြီး ပိုင်းချစ်ခဲ့ကြလို့ ဖြစ်ရတာပါ။ လူတစ်ယော
ကို လူလို့မမြင်ဘဲ ငှက်ကလေးတစ်ကောင်လို လှောင်ချိုင့်ထဲထည့်ထ
သလို ထည့်ထားမှတော့ ရွှေလေးလောက် စိတ်ဆင်းရဲတဲ့လူ လောက
ရှိတော့မှာမဟုတ်ဘူး။ နေရာတကာ မျက်စိဒေါက်ထောက်ကြည့်ပြီး
နေတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ အခုဆို ရွှေလေး (၁၇)နှစ်ပြည့်
မယ်။ ရွှေလေးဘဝမှာ အပျော်ဆိုတာမရှိခဲ့ဘူး မေမေ။ လူဆိုတာ အ
ခံရလည်း ဒုက္ခပဲဆိုတာကို ရွှေလေး သိလာခဲ့ပြီ။ ရွှေလေး . . . ရွှေ
က ကိုယ့်စိတ်နဲ့ကိုယ့်ကို ရှင်သန်နေရတာမှမဟုတ်ဘဲ အားလုံးအကြ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးရဲ့စိတ်နဲ့ ရှင်သန်နေခဲ့ရတာလေ"

ဒေါ်မိမိလေး ဝမ်းနည်းပက်လက် ငိုချလိုက်လေ၏။ သူမ မေမေ့လက်ဝါးလေးကို အသာဆုပ်ထားလိုက်သည်။

"မငိုပါနဲ့ မေမေ၊ ရွှေလေးကြောင့် မေမေ ပင်ပန်းလှပါပြီ။ ရွှေလေးကြောင့် မေမေစိတ်ဆင်းရဲနေရတာ တောင်းပန်ပါတယ်"

လက်အုပ်ချီလိုက်သည့် သမီး၏လက်ကလေးကို ပြန်ဆုပ်ကိုင်ထားလိုက်မိသည်။ ဟုတ်တာပေါ့။ မွေးလာကတည်းက မယ်မယ့်လက်ထဲကိုရောက်အပ်ခဲ့ရတာ သမီး (၁၆)နှစ်ပြည့်တဲ့အထိပါပဲလား။ စည်းစနစ်ကြီးတဲ့အိမ်မှာ သမီးအနေကျုံ့မှာကို တွေးမိပေမယ့် အခုသမီးတွေးသလို ဘာကြောင့်မတွေးခဲ့မိတာပါလိမ့်။ ဆံစကနေစပြီး ခြေဖျားအထိ အပြစ်ပြောစရာမရှိအောင် လှပနုနယ်လွန်းသည့် မျိုးဆက်သွေးကို တယုတယနဲ့ ပြုစုစောင့်ရှောက်ကြတာ၊ ခုတော့ သမီးကို အားလုံးက ဝိုင်းသတ်သလိုဖြစ်ခဲ့ရတာပါလား။ ဖြစ်မှုဖြစ်ရလေ သမီးရယ်။

"သမီး. . . သမီးလေးမွေးနေ့မှာ သမီးဖြစ်ချင်တာကို မေမေ ဖြည့်ဆည်းပေးပါ့မယ်။ မေမေ ကတိပေးပါတယ် သမီးရယ်"

သမီးမျက်နှာမှာ မဲ့ပြုံးလေးတစ်ခုဖြစ်ထွန်း၏။ ဒေါ်မိမိလေး သမီးနဖူးလေးကို ဖွဖွလေးနမ်းရှိုက်လိုက်၏။ စောင်ကိုလုံအောင် နွေးနွေးထွေးထွေးလေး ခြုံပေးလျက် ညအိပ်မီးသီးလေးဖွင့်ကာ အခန်းမီးကိုပိတ်၍ ထွက်သွားတော့သည်။

ညမီးသီးအပြာရောင်လေးကို ငေးနေမိသည်။ ဒီအချိန်ဆို ကိုလေးဆဲ ခွဲနေဦးမှာပေါ့နော်။ ရွှေလေးက အိပ်ရာထဲမှာ ငြိမ်ငြိမ်သက်သက်ကြီး နေတဲ့အချိန်မှာ ကိုလေးက ကားမောင်းပြီး ငွေရှာနေရတာ သနားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ လောကကြီးက မတရားဘူးနော်။ ပြုံးညှိုစိတ်ဘဝမှာ ရှင်သန်ခွ
ရတဲ့ရွှေလေးက ဒုက္ခိတဘဝနဲ့ စိတ်မချမ်းမြေ့နိုင်သလို၊ ဘဝကိုမပြည့်
နဲ့ ရှင်သန်ခွင့်ရတဲ့ကိုလေးကတော့ ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ငွေ
နေရတယ်လို့။

ကိုကိုမြတ်လို ပြည့်စုံတဲ့ဘဝမျိုးနဲ့ ကိုလေးကို ရွှေလေး မြင်ချင်
တယ်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မေချစ်ခကြောင့် ...

ပဒေသ ပန်းနုညွှန့်ရမယ် ...

ဇုဂန္ဓာ ပန်းသောရမယ် ...

ငြိုးရုပ် လွမ်းအဆွေးရမယ် ...



www.burmeseclassic.com

www.burmeseclassic.com

၊

## အခန်း (၇)

"မမလေးဖို့တဲ့၊ ဈေးထဲမှာ အစ်ကိုလေးနဲ့တွေ့ပြီး ပေးလိုက်လို့ ယူလာခဲ့တာ"

မိတာပေးလာသည့် နှင်းဆီဝါလေးတစ်ပွင့်နှင့် စာအိတ်လေးကို သူမ ယူလိုက်မိပါသည်။ ရင်တွေခုန်လိုက်တာနော်။ မိတာက အခန်းတံခါး ကိုပြန်စေ့လျက် ထွက်သွားတော့မှ နှင်းဆီဝါလေးကို အသာဖွဖွမွှေး၍ မှန်တင်ခုံရှိ ရေပုလင်းထဲမှာ ထည့်ထားလိုက်၏။ စာအိတ်လေးကို ညီညီ ညာညာလေး ဖြလိုက်သည်။

***ညီမလေး...***

***နေကောင်းတယ်နော်၊ ကိုလေး အခုမအားသေးလို့ ညီမလေး ကို လာမလည်ဖြစ်တာ ခွင့်လွှတ်ပါ။ လူမရောက်ပေမယ့် စိတ်ကတော့ အမြဲရောက်ပါတယ်ကွာ။ ညီမလေးရေ... ကိုလေးက ညဘက်မှာ Ta... မောင်းရတော့ ညမင်းသားဖြစ်မှန်းမသိ ဖြစ်နေရပြီသိလား။ ညဘက်***



www.burmeseclassic.com

www.burmeseclassic.com



ဘတ္တရာလမ်းမည်းမည်းကြီးပေါ်မှာ ကားမောင်းရတာ စိတ်ချမ်းသာဖို့ သိပ်ကောင်းတယ်။ နီယွန်မီးရောင်အောက်မှာ လေညင်းခံပြီးသွားရတဲ့ အရသာမျိုးကို ညီမလေးလည်း ခံစားစေချင်တယ်။ ဒါပေမဲ့ ညီမလေး ရယ်…ညီမလေးကို အန်တီတို့က ဘယ်လွှတ်ပါ့မလဲ။ ကိုလေး နောက် ဆယ်ရက်ကျော်မှပဲ Taxi ပြန်ဆွဲဖြစ်မယ်။ ကိုလေးရဲ့မိတ်တွေလည်း နေကောင်းကြပါတယ်။ ညီမလေးလည်း မိတ်တွေစကားကို နားထောင် နော်။ လိမ္မာပါ ညီမလေးရယ်၊ တဇွတ်ထိုးစိတ်နဲ့ မဆာဆော စိတ် မကောက်ပါနဲ့။ ကိုလေးက ညီမလေးကို သိပ်လိမ္မာတဲ့ကလေး၊ စကား နားထောင်တဲ့ကလေးအဖြစ်နဲ့ပဲ မြင်တွေ့ချင်တာပါ။ ဆေးကိုမှန်မှန် သောက်။ လေ့ကျင့်ခန်းမှန်မှန်လုပ်နော်။ အအေးတွေ မစားနဲ့ဦး…ဒါပါပဲ။

ညီမလေးရဲ့ ကိုလေး'

စာရွက်လေးကို တယုတယပြန်ခေါက်၍ စာအိတ်ထဲ ပြန်ထည့်ထား လိုက်သည်။ ကိုလေးရေ. . . ရွှေလေးရင်ထဲကို ဝင်ကြည့်လိုက်သလားထင် ရတယ်။ ရွှေလေးဖြစ်ချင်တာတွေကို ဘာလို့များ ကြိုမြင်ကြိုသိနေရတာ လဲ။ ရွှေလေး သိနေတယ်၊ ကိုလေးဟာ ရွှေလေးကို စိတ်ချမ်းသာအောင် ထားနိုင်တဲ့ တစ်ဦးတည်းသော လူသားတစ်ယောက်ဆိုတာကိုပေါ့။

အခန်းပြတင်းပေါက်မှတစ်ဆင့် ခြံထဲဝင်လာသည့်ကားကို မြင်လိုက် ၍ မှန်တင်ခုံမှာတင်ထားသည့် စာအိတ်လေးကို အံဆွဲထဲထည့်သိမ်းလိုက် ပါသည်။ Wheel Chair ကို လသာဆောင်ဘက် တွန်းရွှေ့လာခဲ့၏။ သိပ်မကြာခင်မှာ လှေကားမှတက်လာသည့်ခြေသံကို ကြားရ၏။ ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖွဖွထုလိုက်ပြီး ကိုကိုမြတ်က သူမဘေးမှာ ရပ်လိုက်သည်။

"ဘာတွေစဉ်းစားနေတာလဲ ရွှေလေးရဲ့"

"ဟင့်အင်း. . . ဘာမှမစဉ်းစားပါဘူး"

"ရွှေလေးကိုကြည့်ရတာ တစ်မျိုးလေးဖြစ်နေတယ်၊ ဘာဖြစ်နေလဲ ဟင်"

"အမှန်အတိုင်းပြောရမှာလား"

"ပြောလေ"

"အတောင်ပေါက်ပြီး နေရာအနှံ့ လျှောက်ပျံလိုက်ချင်တယ်"

"ဟောဗျာ"

သူမ နှစ်ခြိုက်စွာ ရယ်လိုက်မိ၏။ ကိုကိုမြတ်က သူမမျက်နှာကို ငေးကြည့်ရင်း ပြုံးနေသဖြင့် သူမအကြည့်ကို လွှဲလိုက်သည်။

"ဘွားဘွားက ရွှေလေးအတွက် မွေးနေ့လက်ဆောင်လာယူပါတဲ့ ကိုယ့်ကို အခေါ်လွှတ်လိုက်တယ်"

"ရွှေလေး ဘာကိုမှမလိုချင်ပါဘူး ကိုကိုမြတ်ရယ်။ ရွှေလေးအတွက် အဖိုးတန်ပစ္စည်းတွေကလည်း အလကားပါပဲ။ ရွှေလေးအတွက် အသုံးဝင်တာမှမဟုတ်တာ"

"ဟင်း. . . ရွှေလေးကို ပါအောင်ခေါ်ခဲ့ဖို့ အမိန့်ချလိုက်တာကွ"

သူမ ကိုကိုမြတ်ကို မျက်စောင်းလှည့်ထိုးလိုက်မိ၏။ ဒါပဲ၊ ပြောလိုက်ရင် ဟုတ်ကဲ့ပဲတတ်တဲ့ ပုတ်သင်ညိုကြီး။

"တစ်ခါတလေ နားမထောင်ဘဲ မသိချင်ယောင်ဆောင်ကြည့်လိုက်ပါလား ကိုကိုမြတ်ရဲ့"

"ဟာ! ဘယ်ဖြစ်မှာလဲ၊ ဘွားဘွား စိတ်ဆိုးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုးပါစေပေါ့။ တစ်ခါတလေပဲဟာကို"

"မလုပ်ပါနဲ့ကွာ၊ တော်ကြာ ကလေးကို ကိုယ်မြှောက်ပင့် သင်ထား ဘယ်ဆိုပြီး အပြစ်ခံနေရဦးမယ်။ မလုပ်ပါနဲ့ ရွှေလေးရယ်။ နှစ်နာရီလောက် အဆူခံရတဲ့ ဝဋ်ဒုက္ခကို သိရဲ့သားနဲ့"

"ရွှေလေး တကယ်မလိုက်ချင်တာပါ"

"ခက်တာပဲ ရွှေလေးရယ်"

မိဘတွေစကား နားထောင်နော်။ လိမ္မာပါတဲ့လား ကိုလေးရယ်။ ရွှေလေးက ဘယ်တုန်းကများ မိဘစကားကိုနာခံခဲ့လို့လဲ။ ဒီလိုလိမ္မာတဲ့ ဒီနေ့ကလေးကို လောကကြီးက ဒဏ်ခတ်ရက်တာ ကိုလေးသိလို့လား။

"ရွှေလေး လိုက်ခဲ့မှာပါ"

ကိုကိုမြတ်မျက်နှာ ဝင်းပသွားလေ၏။ သူမကို Wheel Chair ပေါ်မှ အသာပွေ့ထူ၍ လှေကားမှအောက်သို့ဆင်းကာ ကားပေါ်တင်ပေး လေသည်။

"အန်တီလေးရေ. . . ကျွန်တော်တို့သွားပြီနော်"

"အေးအေး. . . သား"

ကားက ငြိမ့်ငြိမ့်လေး ထွက်လာ၏။ Aircon ၏ချမ်းစိမ့်မှုကို သူမ နှစ်သည်။ မှန်အလုံပိတ်ထားသဖြင့် ကားသစ်နံ့နှင့် Aircon နံ့က ကားထဲ မှာ လှိုင်နေလေ၏။ ခေါင်းထဲမှာ တရိပ်ရိပ်မူးလာသည်။

"ကိုကိုမြတ်"

"ဟင်. . . ဘာပြောချင်လို့လဲ ရွှေလေး"

"Aircon... ပိတ်လိုက်ပါလား"

"ရွှေလေး အိုက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမက မှန်တံခါးကိုဆွဲချဖွင့်လိုက်သဖြင့် လေနွေးတွေက အပြင်မှ တိုးဝင်လာ၏။

"အပြန်ကျရင် ရွှေလေးကို ရှောက်သီးသုပ် ဝယ်ကျွေးနော်"

"ဗိုက်နာမှာပေါ့ ရွှေလေးရယ်"

သူမ ဘာမှဆက်မပြောမိတော့။ ပုံစံခွက်ထဲကလူကို ပုံပြောင်းလို့ မရတာကို သူမ ဘာဖြစ်လို့ မစဉ်းစားမိတာပါလိမ့်။ မယ်မယ်ကြီးတို့ခြံထဲ သို့ဝင်လာစဉ်မှာ အသက်ရှူကျပ်သလိုခံစားလိုက်ရသည်။ စိတ်ကျဉ်းကျပ် တဲ့ထောင်ကြီးထဲ ဝင်လာရသလိုပါပဲလား။

"မယ်မယ်ကြီး. . . မမလေး ရောက်ပါပြီ"

အိမ်ဖော်မလေး ပန်းရုံ အသင့်ထုတ်ပေးသည့် Wheel Chair ပေါ်သို့ သူမကို ကိုကိုမြတ်က တင်ပေးလိုက်၏။ ပန်းရုံက နောက်မှအသာ တွန်း၍ အိမ်ထဲသို့ဝင်လာခဲ့သည်။

"လာ. . . ရွှေရွှေ မြေးရဲ့ (၁၇)နှစ်ပြည့်မွေးနေ့အတွက် ဒီထဲက ကြိုက်ရာတစ်ဆင်စာ ရွေးယူပါ"

မယူချင်ပါဘူး မယ်မယ်ကြီးရယ်။ ဒီအရာတွေက ရွှေလေးကိုပျော် ရွှင်အောင် ဖန်တီးပေးနိုင်မှာ မဟုတ်တာဘဲ။ သူမ ဘူးထဲမှ စိန်ဆံထိုးလေး ကို ကောက်ယူလိုက်၏။

"တစ်ဆင်စာ ယူလေ မြေးရဲ့"

"ဟင့်အင်း. . . ရွှေလေး ဒီတစ်ခုပဲကြိုက်လို့ပါ မယ်မယ်ကြီး"

မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည့်မယ်မယ်ကြီး၏ အကြည့်တို့ ကို မသိချင်ယောင်ဆောင်နေလိုက်သည်။ ကိုကိုမြတ်က သူမကို နောက်ကနေ မှ တီးတိုးလေး ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေလေး. . . ဘွားဘွားစိတ်ဆိုးအောင် မလုပ်ရဘူးလေ"

"ရွှေလေးမှမကြိုက်တာ ကိုကိုမြတ်ရဲ့"

"အဲဒါတွေကို ငါမကြိုက်တာပေါ့၊ ခေါင်းမာတဲ့နေရာမှာ မိလေးနဲ့ ဘာစ်ပုံစံတည်းပဲ။ တစ်ချိုးတည်းပဲ။ ငါ့ကို နည်းနည်းလေး ကန့်လန့်တိုက်မှ နေသာထိုင်သာရှိတယ်ပေါ့ ဟုတ်လား။ ဘွားအေကိုရွဲ့လို့ ဒီဘဝမျိုး ရောက်တာတောင်မှ အမှတ်သည်းခြေမရှိဘူး"

သူမမျက်ဝန်းမှ မျက်ရည်တစ်ပေါက် စီးကျသွား၏။ လက်ထဲမှ ဆံထိုးကို အသာပြန်ထားလိုက်ပြီး Wheel Chair ကို တွန်း၍ထွက်လာခဲ့၏။

"ရွှေလေး"

ကိုကိုမြတ်က သူမနောက်မှ အပြေးလိုက်လာ၏။ အိမ်ဝမှထွက်စဉ် နောက်ပါးမှ မယ်မယ်ကြီးအသံက လိုက်ပါလာသည်။

"အေး. . . ငါတို့အမိန့်ကို မနာခံရင် ငါတို့အမွေမှန်သမျှကို နှင်းဆယ်မထင်နဲ့ ရွှေရွှေ။ နှင့်ကိုပေးမယ့်အစား တခြားမှာပဲ လှူပစ်မယ်ဟဲ့"

ရွှေလေးလည်း မလိုချင်ပါဘူး မယ်မယ်ကြီးရယ်။ ဒီသက်မဲ့အရာတွေကို ရွှေလေး မက်မောလိမ့်မယ်လို့ထင်ရင် မှားမှာပေါ့။

"ကိုကိုမြတ်. . . ရွှေလေး အိမ်ပြန်ချင်ပြီ"

"ရွှေလေးရယ်. . . ခက်တာပဲ"

"ဘာလဲ. . . ကိုကိုမြတ် မပို့ချင်ဘူးလား၊ ဒါဖြင့်လည်း ရွှေလေး ဒီလိုပဲ ပြန်တော့မယ်"

"ဟာ! နေဦးလေ၊ ကိုယ်လိုက်ပို့မှာပေါ့"

"သိပ်မှန်းဖို့ကောင်းတဲ့ ကလေးမလေး၊ ဘွားအေနဲ့ဘိုးအေတို့ ပုံ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သလောက် ဒင်းက နည်းနည်းလေးမှ အချိုးမပြေဘူး"

ကားပေါ်ကိုပွေ့တင်ပြီး ခြံထဲမှထွက်လာခဲ့၏။ ဟက်ခနဲရယ်ချလို မိ၏။ ကောင်းတယ်. . . မုန်းပေါ့။ အစကတည်းက မုန်းကြပါလား။ အ ကိုယ့်ကိုယ်ကိုယ် မသယ်နိုင်တဲ့အဝမျိုးရောက်မှ မုန်းတော့ ရွှေလေး ဘာလုပ်လို့ရတော့မှာလဲ။ သေဖို့သာ ကောင်းတော့တယ်။

"ကိုကိုမြတ်လည်း ရွှေလေးကို မုန်းလိုက်တော့. . . သိလား။ အ အေးမှာ"

"ဟာ! ဘာဆိုင်လို့လဲ ရွှေလေးရဲ့၊ ဘယ့်နှယ် ကိုယ့်ကိုရမ်းချင်တ လဲ"

"ဟုတ်တယ်လေ၊ ရွှေလေးက ရွှေလေးကို ဝိုင်းပုံချစ်ကြတာကို ခံခဲ့ရတာ။ ရွှေလေးကိုဝိုင်းမုန်းကြရင် သိပ်ကောင်းမှာပဲ"

"ကျွတ်! ရွှေလေးကလည်းကွာ၊ အဓိပ္ပာယ်မရှိ လျှောက်မပြော လေ"

မြို့ထဲရှိမုန့်ဆိုင်များအရောက်မှာ သူမ သတိတရဖြင့် ကိုကိုမြတ် လှည့်ပြောလိုက်သည်။

"ကိုကိုမြတ်. . . ရှောက်သီးသုပ် ဝယ်ကျွေးပါလို့ဆို"

"ဗိုက်နာမယ်လေ၊ ခြားဟာစား"

"အာ. . . အဲဒါပဲ စားချင်တာ"

"ရွှေလေးက လိမ္မာပါတယ်ကွာ၊ ခေါက်ဆွဲကြော်စား။ ဟုတ်ပြီ ကိုယ် ဆင်းဝယ်ပေးမယ်. . . ခဏစောင့်"

ကားပေါ်မှ ကိုကိုမြတ် ဆင်းသွားသဖြင့် ရှောက်သီးသုပ်ဆိုင် လှမ်းမျှော်ကြည့်ရင်း စားချင်စိတ်က တားမရ။ ကားပေါ်မှလှမ်းခေါ်၍ ဝ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ကြဲစည်စဥ် ဆိုင်ထဲမှထွက်လာသည့်စုံတွဲတစ်တွဲကို မြင်လိုက်ရ၏။

ဘုရားရေ! ကိုလေး. . . ကိုလေးပါလား။ နံဘေးမှာ သွားတက်လေး နှင့် မမချောချောလေးက ကိုလေးလက်ကို အတင်းဆွဲခေါ်နေသဖြင့် ကား တံခါးကိုဖွင့်၍တက်စဥ် သူမနှုတ်မှ အသံတိုးတိုးလေး ထွက်သွားလေသည်။

"ကိုလေး"

တိုးဖွဖွခေါ်သံကြောင့် ဘေးဘီကိုလှည့်ကြည့်လိုက်စဥ် ကားပေါ်မှာ ထိုင်နေသည့်ရွှေလေးကို သူမြင်လိုက်၏။

"ရွှေလေး. . . ရွှေလေးပါလား။ ချို. . . ခဏလေး. . . ခဏလေး"

"ဟာ! ဖိုးလနေ၊ ဘာလုပ်ဦးမလို့လဲ"

ကားပြတင်းဘောင်ပေါ် လက်လေးနှစ်ဖက်ဖြင့် ဆုပ်ထားလျက် ကိုငေးမောနေသည့်မိန်းကလေးထံ သူပြန်လျှောက်လာခဲ့စဥ် သူမ စီး သည့်ကားက ထွက်သွားလေပြီ။

"ရွှေလေး"

သူမမျက်နှာကို လက်ဝါးဖြင့်အုပ်လိုက်တာကို မြင်လိုက်သဖြင့် သူ့ တစ်ခုလုံး ပူလောင်သွားလေ၏။ သွားပါပြီ. . . ညီမလေးတော့ အထင် သွားပြီထင်ပါရဲ့။

"ဟဲ့! ဘာဖြစ်တာလဲ"

"ဘာမှမဟုတ်တော့ဘူး။ သွားမယ်. . . လာလာ"

"ဟယ်. . . ဒီအရှူးက တစ်မျိုးဟဲ့"

ကားရှိရာဆီ နှစ်ယောက်သား ပြန်လျှောက်ခဲ့ပြီး မောင်းထွက်ခဲ့ သည်။ စာမေးပွဲဖြေပြီး ချို ရှောက်သီးသုပ်စားချင်သည်ဆို၍ အခေါ်လိုက် ပေးသည့်ရက်မှာမှ ရွှေလေးက အပြင်ထွက်ရတယ်လို့. . .။



www.burmeseclassic.com

www.burmeseclassic.com



မပြောမဆိုနှင့် ငိုရှိုက်လိုက်သည့်ရွှေလေးကြောင့် မြင့်မြတ် စိတ်
သွား၏။ ကြည့်ပါဦး. . . တကာယ်ကို ဝမ်းနည်းပက်လက် ငိုနေတာပါလာ
"ရွှေလေး ဘာဖြစ်လို့လဲ. . . ရွှေလေး"
ရွှေလေးက ခေါင်းကိုခါယမ်းပြလိုက်၏။ မြင့်မြတ်က ကားစက်
ကိုလျော့လိုက်စဉ် ရွှေလေးထံမှ အသံထွက်လာသည်။
"အိမ်ရောက်အောင် မြန်မြန်မောင်းပါ ကိုကိုမြတ်"
မြင့်မြတ် စက်ရှိန်ကို ပြန်မြှင့်လိုက်ရသည်။ အိမ်ကိုပြန်ရောက်တေ
အငိုမျက်နှာနှင့်ပင် ဘယ်သူ့ကိုမှ စကားမပြောတော့ဘဲ အိပ်ခန်းထဲ
ကုတင်ထက်မှာ ခွေနေမိသည်။ ကိုကိုမြတ် ပြန်သွားသည့်ကားသံကို ကြ
လိုက်ရ၏။ မျက်နှာကြက်ဖြူဖြူကို ငေးမောလျက် ငိုင်နေမိသည်။ ကိုလေ
ရယ်. . . ရက်စက်လိုက်တာ၊ ရွှေလေးကို သံယောဇဉ်အရိပ်အယောင်
ပြသွားပြီး ခုတော့ ကိုလေးမှာ သက်ဆိုင်သူက အဆင်သင့်ရှိနေပါရောလာ
မျက်ရည်တို့က ပို၍ကျလာပြန်၏။
"သမီးလေး. . . ဘာမှမစားချင်လည်း အရည်တစ်ခုခုသောက်
လားကွယ်"
သူမ ခေါင်းကိုခါပြလိုက်၏။ မေမေက သူမကုတင်ပေါ်မှာ ထိ
လိုက်သည်။
"ဘာတွေဖြစ်လာတာလဲ သမီးရယ်၊ မေမေ့ကိုပြောပါဦး"
နာရီမှ ခုနစ်နာရီထိုးသံကြားအပြီးမှာ ခြံပြင်မှ လေချွန်သံသဲ့သဲ့
ကြားလိုက်ရ၏။
"ရှိ. . . ရှိုး. . . ရှိ. . . "
"ရှိ. . . ရှိုး. . . ရှိ. . . "

www.burmeseclassic.com

www.burmeseclassic.com



သူမမျက်ရည်တွေ တလိမ့်လိမ့်ကျလာပြန်သည်။ မေမေက အထိတ်တလန့်ဖြင့် သူမလက်ကို ဆုပ်ထားဇါ်။

"သမီး. . . သမီးလေး"

မှန်တင်ခုံထက်ရှိ နှင်းဆီဝါလေးကိုလှမ်းဆွဲ၍ ချေမွကာ လွှင့်ပစ်လိုက်သည်။ ခေါင်းအုံးအောက်မှ စာအိတ်ကိုပါယူ၍ တစ်စစီဆွဲဖြဲလိုက်ပြီး လွှင့်ပစ်သည်ကို မေမေက တအံ့တသြ ငေးမောနေဆဲ။

"မုန်းတယ်. . . မုန်းတယ်. . . အားလုံးကိုမုန်းတယ်. . . အီး ဟီး. . . ဟီး"

"သမီး. . . သမီးလေး. . . စိတ်ကိုထိန်းမှပေါ့ သမီးရဲ့"

သူမ ငိုရှိုက်လျက် မျက်ဖြူလန်သွားစဉ် မေမေ့အသံကို သဲ့သဲ့မျှ ကြားလိုက်ရဇါ်။

"သမီး. . . ကိုရေ. . . လုပ်ပါဦး။ ဆရာဝန်. . . ဆရာဝန် မြန်မြန်ခေါ်ပါ"

အိမ်ထဲမှပြေးလွှားသံတွေ ကြားရသဖြင့် သူ ကားကို ခြံဝမှာရပ်လိုက်သည်။ ခြံတံခါးအပြေးလာဖွင့်သည့် ကိုဖိုးကုလားကို သူ အမြန်မေးလိုက်မိသည်။

"ကိုဖိုးကုလား. . . ဘာဖြစ်လို့လဲ"

"မမလေး သတိလစ်သွားလို့"

"ဗျာ! ကျွန်တော် ကြည့်ဦးမယ်"

"ဟာ! ဆရာဝန်သွားခေါ်ဖို့ တံခါးဖွင့်နိုင်းထားတာ အစ်ကိုလေးရဲ့"

"ရတယ်၊ ကျွန်တော် သွားမယ်ဗျာ"

"ဟာ!"



www.burmeseclassic.com

www.burmeseclassic.com



သူ ကိုဖိုးကုလား တားနေသည့်ကြားထဲမှ အိမ်ထဲထိ ပြေးဝင်ခဲ့၏ အိမ်ထဲမှထွက်လာသည့်ဦးမိုးမြင့်က သူ့ကိုမြင်တော့ တအံ့တဩဖြစ်သွား သည်။

"မောင်ကိုလေး"

"အန်ကယ်. . . ညီမလေး. . . ညီမလေး သတိလစ်သွားလို့ဆို"

"ဟုတ်တယ်"

သူ အိမ်ပေါ်ထပ်ကို အပြေးတက်ခဲ့သဖြင့် ဦးမိုးမြင့်ပါ အပေါ်ကို ပြန်လိုက်ခဲ့သည်။ အခန်းထဲမှာ သူမနာမည်ကို တကြော်ကြော်အော်ခေါ် နေသည့် အန်တီ့ကို သူဖယ်နိုင်းလိုက်ရ၏။

"အန်တီ ခဏဖယ်ပေးပါ"

"ဟင်! သား"

သူ ရွှေလေး၏သွေးခုန်နှုန်းကို စမ်းလိုက်၏။ နှလုံးခုန်နှုန်းသံကိုပါ မကြားရသဖြင့် လက်ဝဲဘက်ရင်အုံအောက်နားကို အသာဖိ၍ နှလုံးကိုနှိပ် လိုက်၏။ သုံးလေးချက်ဖိအပြီးမှာ အင်းခနဲ ညည်းသံကို ကြားလိုက်ရ သည်။

"သမီးလေး. . . သမီးလေးရေ"

သူ အနောက်သို့ အသာဆုတ်လိုက်၏။ နဖူးမှာ ချွေးတွေစီးကျ တာကို လက်ဖြင့်သုတ်လိုက်စဉ် ကုတင်ဘေးမှာ ပြန့်ကျဲနေသည့် နှင်း ပွင့်ဖတ်တွေနှင့် စက္ကူအပိုင်းအစများကို မြင်လိုက်ရသည်။ သေချာ ပေါ့။ ကိုယ့်ကြောင့် ခုလိုဖြစ်ရတာပါလား ညီမလေးရယ်။ သူ့ အန်တီ ရင်ခွင်ထဲမှာ ငိုရှိုက်နေခဲ့သည်။

"သူ့အဘွားဆီက ပြန်လာပြီးကတည်းက ဘာမှမေးလို့လည်းမ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလည်းမစားမသောက်ဘဲ ငိုလို့ချည်းနေတာ သားရဲ့။ ဒီနေ့ သမီးရဲ့ (၁၅)နှစ်ပြည့်မွေးနေ့လေ"

အန်ကယ်ပြောနေတာကို ခေါင်းညိတ်ပြစဉ် မတ်တပ်ရပ်နေသည့် သူ့ကို သူမ မြင်သွားလေ၏။

"ကိုလေးကိုမုန်းတယ်. . . မုန်းတယ်. . . သွား"

"ဟယ်. . . သမီးကလည်း"

သူ့ရင်ထဲမှာ စူးအောင့်သွား၏။ မုန်းလိုက်ပါ ညီမလေးရယ်။ ကိုယ်က ညီမလေးရဲ့အမုန်းနဲ့ပဲ ထိုက်တန်တဲ့သူပါ။ ကိုယ်ဘယ်သူလဲဆိုတာကို ညီမလေးသိသွားရင် ကိုယ့်ကို ဒီထက်ပိုပြီး နာကြည်းမုန်းတီးသွားမှာပါ ကွယ်။

"သမီးပဲ သားဆီက မွေးနေ့လက်ဆောင်လိုချင်တယ်ဆို"

"မလိုချင်တော့ဘူး။ သူက တခြားလူကိုပဲ ပေးချင်မှာ မေမေရဲ့"

"ဟဲ့!"

"အဲဒါ ကိုယ့်သူငယ်ချင်းပါ ညီမလေးရယ်"

"လာပြီး ညာမနေနဲ့"

"ညီမလေး မယုံရင် ကိုယ် သူ့ကို ဒီကိုအလည်ခေါ်လာခဲ့ပါ့မယ်"

သူမခေါင်းလေး မော့်လာ၏။ မျက်ရည်တို့စိုရွဲလျက် ရီဝေဝေအကြည့်တို့ကို သူ တစိုက်မတ်မတ် ငေးကြည့်နေမိသည်။ သနားစရာကောင်းလှချည်လား ညီမလေးရယ်။

"ကိုလေး မညာရဘူးနော်"

"မညာပါဘူး. . . တကယ်ပြောနေတာပါ ညီမလေးရယ်"

"ကဲကဲ. . . သမီး မျက်နှာသစ်၊ အနွေးထည်လေး လဲဝတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာကိုမှနားမလည်ဘဲ ဒီအတိုင်းပြည့်နေမိသည်။ အန်တီက ဗီရိုထဲမှ အနွေးထည်အဖြူလေးကိုထုတ်ပေးပြီး Scarf တစ်ခုကို လည်ပင်းမှာ ပတ်ပေးလိုက်၏။ တစ်ပတ်လျှို့ဆံထုံးကိုပြန်ဖြည်၍ သေချာပြန်ပြီး သပ်ရပ်စေရန် စည်းပေးလိုက်သည်။

"ကဲ! သားရေ သားညီမကို ကားတစ်ပတ်မောင်းပို့ပြီး သူစားချင်တာလေး ဝယ်ကျွေးခဲ့ပါကွယ်"

"သားကားကို ဒီမှာပဲ ထားခဲ့ သား။ အန်ကယ့်ကားကိုပဲ ယူသွား ရော့. . . ဒီမှာ ကားသော့"

သူမပါးပြင်ထက်မှ ပါးချိုင့်ခွက်လေးနှစ်ခု ခွက်ခနဲပေါ်လာ၏။ သူ သက်ပြင်းတစ်ချက်ကို ကျိတ်ချလိုက်ပြီး သူမကို ခွေ့ခနဲပွေ့ချီလိုက်ပါသည်။

ကားပြတင်းမှ လေအေးတို့က တဖြူးဖြူးတိုက်ခတ်နေ၏။ လမ်းမီး ရောင်အောက်မှ ဝန်းကျင်ရှုမြင်ကွင်းတွေကို ငေးမောရင်း လိုက်ခဲ့သည်။ ကားထဲမှမီးရောင်ကြောင့် နှာသီးဖျားလေး နီရဲနေတာကိုမြင်နေရ၏။

ကြော်. . . ညီမလေးရယ်၊ ကလေးလေးလိုပဲ ဟန်မဆောင်တတ် ပါလား။ လေအဟုန်မှာ လွင့်ခနဲရောက်လာသည့် ဆံနွယ်ရှည်တို့က သူ့ လက်မောင်းကို လာရောက်ကျီစယ်နေသည်။ သူ လှစ်ခနဲပြုံးလိုက်တော့ သူမထံမှ မျက်စောင်းတစ်ပွင့်ကို ရရှိသည်။

"ကိုလေးကို ရွှေလေး မကျေနပ်သေးဘူးနော်"

"ဟောဗျာ. . . ဘာကို ထပ်ကောက်ချင်သေးတာလဲ"

"ရွှေလေး ဒီနေ့ ရှောက်သီးသုပ်စားချင်နေတာ၊ ဒါပေမဲ့ ကိုလေး အရင်ကျွေးတဲ့သူက ရွှေလေးမှမဟုတ်ဘဲ"

"ညနေက ချိုဝယ်ကျွေးတာပါ ညီမလေးရယ် ဘယ့်နှယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမမက ကိုလေးနဲ့ တော်တော်ရင်းနှီးလားဟင်"

"လည်ပင်းဖက်ကြီးပြင်းလာတဲ့ ငယ်သူငယ်ချင်းပါဗျာ"

"ရွှေလေးလေ၊ အဲဒီမမ ကိုလေးလက်ကိုဆွဲခေါ်တာ မြင်လိုက်ရတော့ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတာပဲ။ ကိုလေးမှာ ရွှေလေးထက်ပိုပြီး ခင်တွယ်ရတဲ့သူရှိနေပြီဆိုပြီး အရမ်းကို ဝမ်းနည်းသွားတာ"

"ဩော်. . . ညီမလေးရယ်၊ သူနဲ့ကိုယ်နဲ့က ပြောမနာဆိုမနာ သူငယ်ချင်းတွေ။ မတည့်အတူနေ ရန်ဖြစ်ဖက်တွေပါ"

"အဲဒီမမနာမည်က ဘာလဲဟင်"

"ချိုနွံ့သာတဲ့"

"လှလိုက်တာ၊ သွားတက်လေးနဲ့ဆိုတော့ ပိုချစ်စရာကောင်းတယ်နော်"

သူ တီးတိုးရယ်လိုက်မိသည်။ သူမက သူ့လက်မောင်းကို အသာလေး ဆွဲဆိတ်လိုက်လေ၏။

"ဘာရယ်တာလဲ။ ဟွန်း. . . မုန်းစရာကြီး"

"ဟင်းဟင်း. . . ကိုယ့်ကိုယ်ကိုယ်လည်း မှန်ထဲပြန်ကြည့်ဦး ကလေးလေးရဲ့။ ချိုက တကယ်လှတာလား။ ညီမလေးက တကယ်လှတာလား ဆိုတာကိုပေါ့"

"မမက ပိုလှတာပါ"

"ဟုတ်လား. . . မသိပါဘူး။ ကိုယ်ကတော့ ချိုရယ်လိုက်တိုင်း သွေးနယ်ဖုတ်ကောင်ဆိုပြီး စစနေတာ"

"အဲဒါ ကိုလေး စိတ်ပုပ်လို့ပြောတာ"

သူ စျေးဆိုင်ရှေ့မှာ ကားကိုရပ်လိုက်သည်။ ဆိုင်ထဲမှ ဟင်းခါးနဲ့



www.burmeseclassic.com

www.burmeseclassic.com



က သင်းခနဲလွင့်လာသည်။

"ညီမလေး ဘာမှမစားရသေးတော့ အချဉ်စားရင် အစာအိမ်ပေါက်လိမ့်မယ်။ ဒီတော့ ကြာဆံချက်ထဲမှာပဲ ကိုယ် အချဉ်ညှစ်ပေးမယ်နော်"

"ကိုလေးနဲ့ တစ်ပွဲတည်းအတူတူစားမှာနော်"

"ဟုတ်ပါပြီ။ ကဲ! ကိုယ်တို့ ဆိုင်မှာ ထိုင်ရအောင်"

သူက ကားပေါ်မှအရင်ဆင်းလိုက်ပြီး တစ်ဖက်တံခါးကိုဖွင့်၍ သူမကို အသာပွေ့ချီလျက် ခုံပေါ်ထိုင်ခိုင်းလိုက်ပါသည်။ ဆိုင်ထဲမှ လူအချို့က သူတို့နှစ်ဦးကို စိတ်ဝင်တစားကြည့်နေကြလေ၏။

"ကြာဆံချက် ပွဲကြီးတစ်ပွဲပေးပါ"

"ခဏစောင့်ပါနော်"

သူက အရှေ့ဘက်ရောက်လာသည့် ရွှေလေး၏ဆံနွယ်တွေကို အသာမယူ၍ အနောက်ဘက်မှာ ချပေးလိုက်သည်။

"ညီမလေးထင်တယ်. . . ဟုတ်လား သား"

"ဟုတ်ပါတယ် ဒေါ်ဒေါ်"

ဆိုင်ရှင်အဒေါ်ကြီး၏အမေးကို အလိုက်သင့်ဖြေလိုက်တော့ သူမက သဘောတကျ ရယ်မောလိုက်သည်။ ကြာဆံချက်ပွဲကြီးရောက်လာတော့ သူက အချဉ်အနည်းငယ်ညှစ်ထည့်လိုက်ပြီး အေးအေးဆေး မွှေနှောက်လိုက်သည်။

"ဖွန်း နောက်တစ်ချောင်း ယူဦးမလား သား"

"ဟင့်အင်း. . . ရွှေလေးကို ကိုလေး ခွံ့ကျွေးမှာ ဒေါ်ကြီးရဲ့"

"ဪ. . . အေးအေး"

လူလည်ကျ၍ ပြောလိုက်သည့်သူမကို သူ ကျွင့်မရဲဖြစ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒူးလေးကို အသာထုလိုက်မိသည်။ သူမက ခပ်ပြုံးပြုံးဖြင့် ငုံးဥကို လက်ညှိုးထိုးလိုက်၏။

"ငုံးဥ အရင်စားမှာနော်"

"ပူမယ်နော်၊ ဖြည်းဖြည်းစား"

သူအသာမှုတ်ပြီးမှ သူမကို ခွံ့ကျွေးလိုက်သည်။ ကြာဆံချက်စားပြီးမှာ ရွှေလေးခေါ်နှဖူးထက်မှာ သီးနေသည့်ချွေးတို့ကို လက်ကိုင်ပဝါဖြင့် သူ တို့သုတ်ပေးလိုက်မိ၏။ ကားပေါ်ပြန်တက်၍ ပြန်ခဲ့တော့ ညရှစ်နာရီခွင် ကျော်နေလေပြီ။

"ကိုလေးဆီက အမှတ်တရတစ်ခု လက်ဆောင်လိုချင်တာ ပေးမှာလား"

"ဘာလိုချင်လို့လဲ ညီမလေးရဲ့"

သူမက သူ့အကျီအိတ်ကပ်ကို လက်ညှိုးထိုးပြလိုက်သဖြင့် သူ ဆောင်ယမ်း၍ အိတ်ကပ်ကို စမ်းလိုက်မိသည်။

"ဟာ! ဒါတော့ မဖြစ်ဘူးထင်တယ်၊ လက်ကိုင်ပဝါပေးရင် ငိုရတတ်တယ်တဲ့ ညီမလေးရဲ့။ မယူပါနဲ့. . . နော်"

"ရွှေလေးတောင်းတာ အဲဒါမဟုတ်ပါဘူး"

"ဟင်! ဒါဖြင့် ဘာကိုတောင်းနေတာလဲ ညီမလေးရဲ့"

သူမလက်ညှိုးလုလုလေးက သူ့ဘယ်ဘက်ရင်အုံကို ထပ်ရောက်လာပြန်၏။ သူ ကားကိုလမ်းဘေးထိုးရပ်၍ သဘောတကျ ရယ်မောလိုက်မိသည်။

"ယူစေဗျား. . . ယူစေ"

"တကယ်ပေးတာနော်၊ အဲဒါ ရွှေလေး ပိုင်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့၊ ကဲ! ရော့. . . သော့ခတ်ပြီးသိမ်းဖို့ သော့တံလေး ယူထား"

သူက ရှပ်အင်္ကျီအိတ်ကပ်မှ အလှတပ်ထားသည့်ကြယ်သီးအနက် ရောင်လေးကို ဆွဲဖြုတ်၍ သူမလက်ဝါးလေးကိုဖြန့်ကာ ထည့်ပေးလိုက် သည်။ အနက်ရောင်ကြယ်သီးလေးက ဝင်းဝါသည့်လက်ဝါးနုနုလေးမှာ ငြိမ်သက်လျက်။

ဩော်. . . ညီမလေးရယ်။ ညီမလေးအတွက်ဆိုရင် ကိုယ့်နှလုံးသား သာမက ကိုယ့်အသက်ကိုပါ နှုတ်ပေးရစေဦးတော့၊ ကိုယ်ပေးချင်တာ အမှန်ပါကွယ်။

♡♡♡



www.burmeseclassic.com

www.burmeseclassic.com

# အလယ်

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဟာ...
အလွမ်းတွေကို ဖန်ဆင်းပေးသလို ...
လှပတဲ့အိပ်မက်တွေကိုလည်း ပြုလုပ်ပေးနိုင်စွမ်း ရှိတယ်...



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၈ )

ဆေးခန်းမှထွက်၍ Taxi ပေါ်တက်လိုက်စဉ် မှန်ကို တဒေါက်ဒေါက် ခေါက်သံကြားလိုက်ရသဖြင့် သူလှည့်ကြည့်လိုက်၏။ ဟိုက်! တီချယ်ပါလား။

"ကဲ! ချာတိတ်၊ ငါ့ကိုလိုက်ပို့ပေးစမ်း။ လမ်းမှာ ကားပျက်လို့ နောက်ကျနေပြီ"

"ဘယ်ကိုပို့ပေးရမှာလဲ တီချယ်။ တက်ပါခင်ဗျာ"

"ကိုးမိုင်က (. . . )လမ်းကို"

"ဗျာ! "

"ဟဲ့! ဘာဖြစ်နေတာလဲ၊ အလန့်တကြား"

"ဟို. . . ဘာမှမဖြစ်ပါဘူး"

ကျိုင်တော့ ပွဲပြီထင်ပါရဲ့။ ရွှေလေးကို လှေချွန်နှုတ်ဆက်ဖို့ အခွင့် အရေးတော့ လွဲပါပြီ။ ပြဿနာပါပဲလား။

"မင်း Taxi ဆွဲစားနေတယ်ပေါ့လေ။ စာအရေးကြီးတယ်ဆိုမှ



www.burmeseclassic.com

www.burmeseclassic.com



စာကိုဖိမကြိုးစားဘူး။ ဘာတွေလျှောက်လုပ်နေတာလဲ"

"ကျက်ပါတယ် တီချယ်ရဲ့"

"ဟဲ့ ! ဇါကို ခြံထဲထိပို့ပေးလေ၊ ကောင်လေးတော့ နာတော့မယ် ပြီးရင် အိမ်အထိပြန်ပို့ပေးဦး. . . စောင့်နေ"

သူ မခါင်းကိုတဗျင်းဗျင်းကုတ်၍ စိတ်အိုက်သွားရ၏။ အမယ်လေ နော်. . . စောင့်တောင်မှ စောင့်ခိုင်းနေပြန်ပါရောလား။

"သမီးရေ. . . ဒေါက်တာ လာပြီ။ ကြွပါ ဒေါက်တာ။ ဟော! သား လိုက်ပို့တာလား"

သူ့ကိုပါ လှမ်းမြင်သွားသဖြင့် သူ ကွက်ခနဲမျက်နှာပျက်သွားရ ရင်ထဲမှာ တဒိတ်ဒိတ်နှင့် အခုန်မြန်လာသည့် နှလုံးခုန်သံနှင့်အတူ လ ဝါးမှာ ချွေးစီးတွေ စီးပိုင်လာသည်။

"ကောင်လေးနဲ့သိလို့လား မိလေးရဲ့"

"သိတာပေါ့ ဒေါက်တာရဲ့၊ သားက ဒီအိမ်မှာ ဝင်ထွက်နေတာ

"ကြည့်စမ်း! ဒါတောင်မှ ကျွန်မကို ခြံထဲထိ လိုက်မပို့ချင်သလို ဘာလိုလိုနဲ့။ ဟိုကောင်လေး ဆင်းလာခဲ့စမ်း"

သူ တွန့်ဆုတ်ဆုတ်နှင့် အိမ်ထဲဝင်လာတော့ တီချယ်က သူ့ ရှက်ကို လိမ်ဆွဲလိုက်လေ၏။

"ကဲ! မှတ်ထား၊ ဆရာသမား လူကြီးသူမတွေကို မရိုမသေလု ညာဖို့ မကြံစည်နဲ့"

"သားနဲ့ဒေါက်တာက ရင်းနှီးနေတယ်. . . ဟုတ်လား"

"မရင်းနှီးဘဲရှိပါ့မလား၊ ဒါ ကျွန်မရဲ့တပည့် ဆေးကျောင်းသ အလိမ္မာလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော်! သားပြောတော့ Taxi ပဲ မောင်းတာတဲ့"

"ဒါ မရိုးသားတာပဲ၊ ဟင်းနော်. . . ကောင်လေး"

"အား. . . နာလှပြီ တီချယ်ရဲ့"

"ဟင်! ကိုလေးကိုမလုပ်ပါနဲ့ အန်တီရဲ့"

အခန်းထဲမှ Wheel Chair ဖြင့် ထွက်လာသည့်သူမထံမှ တားမြစ်သံကြားလိုက်မှ တီချယ်က သူ့နားရွက် ဆွဲလိမ်နေတာကို ရပ်လိုက်သေး၏။

"အန်တို့တပည့်ကို အန်တီဆုံးမနေတာပါ သမီးရဲ့"

"ဒါဖြင့် ကိုလေးက ဆရာဝန်ပေါက်စလေးပေါ့။ ဟုတ်လား အန်တီ"

သူမအပြောကြောင့် လူကြီးတွေ ပိုင်းရယ်လိုက်ကြ၏။ သူက မပွင့်တပွင့်လေး ပြုံးလိုက်ပါသည်။

"ကိုယ် ဆရာဝန်မဖြစ်သေးပါဘူး ညီမလေးရဲ့။ ခုမှ ကျောင်းတက်တုန်းပါ"

"ဟင်! ကိုလေးကလည်း ဆရာဝန်ဖြစ်မှ ရွှေလေးရောဂါကိုမြန်မြန်ပျောက်အောင် ကုလို့ရမှာပေါ့လို့"

"အမယ်လေး! သမီးရယ်၊ အခုလည်း အန်တီ လာကုပေးနေတာပဲ။ သမီးကိုလေးကိုလည်း ပိုင်းကူလုပ်ခိုင်းရမှာပေါ့"

အခန်းထဲဝင်၍ ဆေးကုနေစဉ်မှာ သူက အန်တီနှင့်အတူ တီချယ်သက်ဖို့ အွားနှီနှင့်ပူတင်းကို ပိုင်းကူလုပ်ပေးနေမိ၏။ ဆေးကုပြီး ပြန်ထွက်လာတော့ ဧည့်ခန်းမှာ ခဏထိုင်ကြစဉ် သူမက သူ့ကိုအသာလှမ်းခေါ်လိုက်၏။ လက်မောင်းကိုဆွဲ၍ တီးတိုးပြောလိုဟန်ကြောင့် သူကိုယ်ကိုကိုင်း၍ နားစွင့်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေလေးပိုင်တဲ့ဟာလေး နေကောင်းလားဟင်"

သူ ကျိတ်ပြုံးလိုက်ပြီး ခေါင်းကိုညိတ်ပြလိုက်တော့ သူမက ရှ
စနိုးလေး ရယ်လိုက်သည်။

"နောက်ကို ကိုလေး ရွှေလေးအိမ်ရှေ့ကို မလာအားရင် ဖုန်းဆ
ရမယ်နော်"

"အင်းပါ၊ ကိုယ်ဆက်ပါ့မယ်"

"တကယ်နော်. . နှမညာရဘူး"

"တကယ်ပါ ညီမလေးရဲ့"

တီချယ်က အားလုံးကိုနှုတ်ဆက်၍ ထရပ်လိုက်သဖြင့် သူ အိမ်
မှ ကြိုစောင့်နေလိုက်သည်။

"သွားလိုက်ဦးမယ် မိလေးရယ်၊ သမီးရောဂါက ဆေးစား ဆေ
သောက် လေ့ကျင့်ခန်းလုပ်နဲ့ တော်တော်ကြာနေပါပြီ။ သူ့ကို အထိ
တလန့်တစ်ခုခု ရှုတ်တရက်မြင်စေချင်တယ်။ ဒါဆို ကောင်းချင်ကော
သွားမှာ"

"ဟင့်အင်း. . . မကောင်းရင်လည်း နေပါစေတော့ အန်တီရယ်

"ဟယ်! သမီးကလည်း အဲဒီလိုမပြောရဘူးလေ။ ဘာဖြစ်လို့လဲ

"ရွှေလေး ဒီလိုဖြစ်နေလို့ ကိုလေးကိုရထားတာ။ ရွှေလေးသာ ပြ
ကောင်းသွားရင် ကိုလေးက ဒီကိုလာချင်မှ လာတော့မှာ"

"ညီမလေးကလည်းကွာ"

သူ မျက်နှာမကောင်းဘဲတားတော့ တီချယ်က သူတို့ကို ...ကဲခ
နေလေ၏။

"သားအားရင် လာခဲ့ဦးနော်၊ သားအန်ကယ်...လည်း မတွေ့တ



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ မေးနေတယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး"

သူနှင့်တီချယ် အိမ်ထဲမှထွက်၍ ကားပေါ်တက်လိုက်စဉ် အိမ်ဝအထိ လိုက်လာသည့် သူမမျက်နှာငယ်ငယ်လေးကို လှမ်းမြင်နေရသည်။ သူ သူမမြင်သာအောင် လက်ဝါးနှစ်ဖက်ဖြန့်ထောင်လျက် လက်ချောင်းဆယ် ချောင်းကို ပြလိုက်စဉ် သူမမျက်နှာကလေး ဝင်းပသွားလေ၏။ ကားကို ငြင်သာစွာ မောင်းထွက်လာခဲ့သည်။

"မင်းကို လမင်းသာလို့ သူတို့သိထားပုံမရဘူးထင်တယ်"

"ဟုတ်တယ် တီချယ်၊ သူတို့တစ်ယောက်မှ မသိကြတာပါ"

"ဘာကိုရည်ရွယ်ပြီး သွားပတ်သက်တာလဲ သားရယ်။ ပြီးလက်စ ဦးပါစေလား"

"သူ့ကို အကောင်းပကတိလေး ပြန်ဖြစ်စေချင်တယ် တီချယ်။ ဒါ တစ်ခုပါပဲ။ ကျွန်တော့်မှာ မရိုးမသား ဘာတစ်ခုမှမရှိပါဘူး"

"သေချာလို့လား သားရယ်၊ တီချယ်ကြည့်ရတာ သားတို့အကြည့် တွေကို အဓိပ္ပာယ်ပြန်လို့ရတယ်"

မီးပွိုင့်မှာ ကားကိုရပ်လိုက်ပြီး သူ့သက်ပြင်းရှိုက်လိုက်မိ၏။ ညီမ သားရယ်. . . ကိုယ်ချင်းစာတရားက မိုးနဲ့မြေလို ဝေးကွာလွန်းလှပါတယ်လေ။

"စိတ်ကူးယဉ်ရုံသက်သက်လို့ သဘောထားရင် စောစောစီးစီး သံ သောဇဉ်ဖြတ်တာ အကောင်းဆုံးပဲ သား။ ရွှေမျိုးဆက်ထဲကို သား ဝင်ဆံ့ ဘမဟုတ်ဘူး။ ရွှေအဆင်းဟာ ရွှေဘုံစံမင်းသမီးလေးပါ"

"ကျွန်တော်. . . ကျွန်တော် သိပါတယ် တီချယ်"

"ပြီးတော့ သူ့ကို လူကြီးတွေ စေ့စပ်ပေးထားတဲ့လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ ဒါကို သားသိထားပါ။ သူ (၁၈)နှစ်ပြည့်တာနဲ့ မင်္ဂလာဆောင်ပေး ဖို့ စီစဉ်ထားတာ။ ဒါကြောင့်လည်း ရွှေအဆင်းက ဒီရောဂါကို မပျောက် စေချင်တာလေ။ ဒါမှ မင်္ဂလာကိစ္စက ပျက်မှာ"

"သူနဲ့စေ့စပ်ထားသူက ဘယ်သူလဲ တီချယ်"

"သား မကြားဖူးဘူးလား။ တော်ဝင်ကုမ္ပဏီပိုင်ရှင်ရဲ့မျိုးဆက် မြင့် မြတ်တော်ဝင်လေ"

"ဗျာ! "

သူ ခေါင်းတစ်ခုလုံး ထူပူသွားရသည်။ ဒါဖြင့်. . . ဒါဖြင့် အစ်ကို ဟာ သူ့ကိုသိသိကြီးနှင့် အလုပ်ပေးခဲ့တာပါလား။ တီချယ့်အိမ်ကို ဝင်မြ အပြီး အိမ်ကိုသာ သူတန်းပြန်လာခဲ့သည်။ ရင်ထဲမှာ မကောင်းဘူး ညီမ လေးရယ်။ ပိုင်ဆိုင်ခွင့်မရှိရတဲ့ကြားထဲမှာ ကိုယ်နဲ့ညီမလေးကြား ကာဆီး ထားတဲ့တံတိုင်းတွေက များလှချည်လား။

"သားဒယ်ဒီ ခုထိမအိပ်သေးဘူး"

သူ ဒယ်ဒီ့အခန်းထဲ ဝင်လာခဲ့သည်။ ဒယ်ဒီ့မျက်ဝန်းတွေက မှုန် နာကြွက်ဆီမှာ စူးစိုက်လျက်သား။ မိုးလွင်က ကုလားထိုင်မှာ ငိုက်တော နေပြီ။

"မိုးလွင်. . . အိပ်ချင်အိပ်တော့လေ၊ ငါစောင့်ပေးမယ်"

"ကျွန်တော် အရမ်းအိပ်ချင်နေလို့ တစ်ရေးလောက် အိပ်လိုက် မယ်နော် အစ်ကိုလေး"

"အင်းပါ"

သူ ဒယ်ဒီ့ကုတင်ဘေးမှာ အသာလေး ဝင်ထိုင်လိုက်သည်။ အဖေ ဝင်နေတာကြောင့် ဒယ်ဒီ့ခန္ဓာကိုယ်က ပိန်ကျသွားခြင်းမရှိပါ။ အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



အနေများ၌ အသားက ဖြူဝင်းနေလေ၏။

"ဒယ်ဒီ"

မာမီက ထိုင်ခုံမှာဝင်ထိုင်၍ ဒယ်ဒီ့လက်တစ်ဖက်ကို နှိပ်ပေးနေပါ သည်။

"ကျွန်တော် ဒယ်ဒီ့ရောဂါကိုကုဖို့ နည်းလမ်းတစ်ခုရှာထားတယ် ဒယ်ဒီ။ အဲဒီနည်းလမ်းကိုရဖို့ သူ့အရင်ဆုံးနေကောင်းမှဖြစ်မှာ။ သူ့ကို ဒယ်ဒီ့ရှေ့မှာ ကျွန်တော်ခေါ်လာခဲ့မယ် ဒယ်ဒီ။ အဲဒီနေ့. . . အဲဒီနေ့ကို ကျွန်တော် အရမ်းမျှော်လင့်ထားတာပါ"

သူ့အသံက အလိုလိုတိုးသွား၏။ သူ ဒယ်ဒီ့လက်ဖျားလေးကို ဆုပ် ထားလိုက်မိသည်။ ဒီလက်တွေက လူတွေရဲ့အသက်တွေကို ကယ်ခဲ့ဖူးတာ သေ။ အဲဒီလက်တွေကို အသက်ပြန်ဝင်အောင် မစွမ်းဆောင်နိုင်ကြတော့ ဘူးလား။ အသုံးပြုခွင့်မပေးကြတော့ဘူးလား။ မျက်ရည်တစ်ပေါက်က သူ့ လက်ခုံပေါ် ပေါက်ခနဲကျသွားသည်။

"ကျွန်တော် ဒယ်ဒီ့ကိုသိပ်ချစ်ပါတယ်။ ဒယ်ဒီဟာ ကျွန်တော့်ဘဝ ရဲ့ပုံကိုင်ရှင်ပါ။ ဒယ်ဒီ. . . ဒယ်ဒီ ခုလိုဖြစ်နေတော့ ကျွန်တော်. . . ကျွန် တော်တစ်ယောက်တည်း လျှောက်ရတာ အင်အားမရှိသလိုပဲ။ ကျွန်တော်"

သူ ဒယ်ဒီ့ရင်ဘတ်ပေါ် မှောက်ချလျက် ငိုချလိုက်မိ၏။ မာမီကပါ စိတ်မထိန်းနိုင်ဘဲ တအိအိ လိုက်ငိုလေတော့သည်။ သူငိုတာ ဝသွားတော့ စိတ်ကိုပြန်တင်းလိုက်ရ၏။ မဖြစ်သေးပါဘူး။ ဒီလိုသာ စိတ်ဓာတ်တွေကျ နေရင် မိဘတွေအတွက် ပိုဆိုးကုန်မှာပေါ့။

"ဒါပေမဲ့ ကျွန်တော်ကြိုးစားမှာပါ ဒယ်ဒီ။ ကျွန်တော် အသက်ရှင် သန်နေသေးသရွေ့ လောကဓံကိုအရှုံးမပေးပါဘူး။ သူ ဘယ်လိုတိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါစေ၊ ကျွန်တော်နိုင်အောင် ပြန်တိုက်မှာပါ။ သိပ်မကြာတော့ပါဘူး ဒယ်ဒီ၊ ဒယ်ဒီအတွက် လှပတဲ့အနာဂတ်ကိုမြင်သာအောင် ကျွန်တော် ဖန်တီးပေးပါ့မယ်"

ဒယ်ဒီ့မျက်ခွံတွေ အသာစေ့ပိတ်သွားလေ၏။ သူ ဒယ်ဒီ့ရင်ဘတ်ပေါ်ထိ စောင်ကိုဆွဲခြုံပေးလိုက်သည်။ မာမီက သူ့လက်ကိုဆွဲ၍ ဧည့်ခန်းကိုခေါ်လာခဲ့သည်။

"သား. . . သူတို့နဲ့အဲ့ဆက်အသွယ်ရှိနေတယ်ပေါ့"

"ဟုတ်တယ် မာမီ"

"အန္တရာယ်များလိုက်တာ သားရယ်"

"သူတို့မိသားစုက အေးပါတယ် မာမီ၊ ကျွန်တော့်ကိုလည်း မယုံကြပါဘူး။ အမှုဖြစ်ကြတုန်းကလည်း အမှုမလုပ်ဖို့ အတန်တန်တားမြစ်ခဲ့ကြတယ်လို့ ကျွန်တော်သိခဲ့ရတယ်"

"ဒါပေမဲ့ မာမီကတော့ သားကို သူတို့နဲ့မပတ်သက်စေချင်ဘူး၊ မာမီ့မှာ ဒီသားလေးတစ်ယောက်တည်းရှိတာပါ။ သားသာ တစ်ခုခုဖြစ်သွားရင် မာမီသေမှာ"

သူ မာမီ့ကို အသာထွေးဖက်လိုက်ပါ၏။ ဪ. . . ခင်ပွန်းအတွက်ရော သားအတွက်ပါ ပူပန်နေရှာတာပါလား မာမီရယ်။

"အခိုက်အတန့်လေးတစ်ခုပါပဲ မာမီရယ်။ အရင်ဆုံး သူနေကောင်းသွားရင် သူ့ကို ဒယ်ဒီ့ရှေ့ကိုခေါ်လာချင်တဲ့ ရည်ရွယ်ချက်တစ်ခုတည်း ကျွန်တော့်မှာရှိတာပါ။ တခြားဘာကိုမှ မမျှော်လင့်ပါဘူး"

မာမီ အခန်းထဲဝင်သွားတော့ ညဆယ်နာရီခွဲနေပြီ။ ညီမလေးတော့ သူဖုန်းဆက်တာကို စောင့်နေတော့မှာပဲ။ ဖုန်းနံပါတ်တွေကို အသာ



www.burmeseclassic.com

www.burmeseclassic.com



ပ်လိုက်ပါ၏။

"တူ!. . . တူ! . . ."

"ဟဲလို. . . ကိုလေးလားဟင်"

"ဟုတ်တယ် ညီမလေးရဲ့၊ ခုထိ မအိပ်သေးဘူးလား"

"ဘယ်လိုလုပ် အိပ်လို့ရမှာလဲ၊ ကိုလေးပဲ ဆယ်နာရီ ဖုန်းဆက်
ယ်ဆိုလို့ စောင့်နေတာလေ"

"ဆောရီး. . . ညီမလေးရယ်၊ ကိုယ် ဒယ်ဒီ့ကိုသိပ်နေလို့ပါ"

"ဟုတ်လား. . . ဒါဆိုလည်း ရွှေလေး စိတ်မဆိုးတော့ပါဘူး"

"ညီမလေးက စိတ်ကောက်နေတာလား"

"အင်းပေါ့၊ ကိုလေးဖုန်းခေါ်ရင် ပြန်မပြောတော့ဘူးလို့ စဉ်းစား
းတာ"

"အခုတော့ ညီမလေးက အရင်မေးတာ မဟုတ်လား"

"အမယ်! ရွှေလေးက ကိုလေးကိုသနားလို့ပါနော်"

"ကိုလေးက သနားစရာကောင်းနေလို့လား"

"အင်းပေါ့၊ ကျောင်းတစ်ဖက်နဲ့ အလုပ်ကလည်း လုပ်ရသေးတာ။
ယ်လောက်ပင်ပန်းလိုက်သလဲ"

သူ တီးတိုးရယ်မောလိုက်မိ၏။ ဩော်. . . ငါးဖယ်က ပြောင်းပြန်
ား ညီမလေးရယ်။ ကိုယ်က ဒုက္ခိတမလေးကို အသနားပိုနေတာပါ။
ာ့ ညီမလေးက ကိုယ့်ကိုပြန်သနားနေပါရောလားကွယ်။

"သူများ စကားအကောင်းပြောနေတာကို ဘာလို့ရယ်နေတာလဲ"

"ဟုတ်ပါပြီ၊ သဘောကျလို့ပါ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အငယ်က အကြီးကိုပြန်သနားနေတယ်ကိုး"

"ကိုလေးက မွှေလေးထက် ဘယ်လောက်ကြီးလို့လဲ"

"သိချင်တယ်ပေါ့"

"အင်းပေါ့"

"ပြောပြန်ပြီ၊ ဒီအင်းပေါ့တစ်ခုပဲ တတ်သလား"

သူမထံမှ ရယ်သံလေးထွက်လာ၏။ အာရုံမှာ ပါးချိုင့်လေးနှစ်ခု မြင်ယောင်လိုက်မိ၏။

"ကိုယ် ညီမလေးထက် လေးနှစ်တောင်ကြီးတာ"

"ဟင်! ဟုတ်လို့လား၊ ကိုလေးက ဒီလောက်နုနေတာကို"

"မြှောက်နေပြန်ပြီ၊ နောက်မှ မုန့်ဝယ်ကျွေးမယ်နော်။ ကဲ! ညဉ့်နက်လှပြီ၊ အိပ်တော့"

"ဟုတ်ကဲ့၊ မွှေလေးပိုင်တဲ့ဟာလေးကို ဂရုစိုက်နော်"

"ဟင်းဟင်း. . . အင်းပါ၊ ကဲ! ဒါပဲနော်"

သူ ဖုန်းကိုအသာချလိုက်ပြီး အခန်းထဲဝင်လာခဲ့၏။ ပြတင်းပေါက်မှလရောင်က အခန်းထဲဝင်နေလေ၏။ မင်းကိုမြန်မြန်ပြန်ကောင်းစေချင်ပြီ ညီမလေးရယ်။ ရင်ထဲကစေတနာတွေကို ညီမလေးသိရင် ကျေနပ်ပြီ။ ဩော်. . . မြင့်မြတ်တော်ဝင်ဆိုတာ ညီမလေးရဲ့ဖူးစာရှင် ဖြစ်နေရောလားကွယ်။

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို ...

ငွေကြေးနဲ့ ...

ပေးဝယ်လို့ မရနိုင်ဘူး ...။

www.burmeseclassic.com

www.burmeseclassic.com

၁

## အခန်း (၉)

မှန်စားပွဲထက် သော့တင်ပေးလိုက်သည့်ချာတိတ်ကို သူ တအံ့တ
မော့ကြည့်လိုက်သည်။

"ဘာသဘောလဲ လမင်းသာ"

"ကျွန်တော့်ကို အလုပ်က ထွက်ခွင့်ပြုပါ အစ်ကို"

"ဒီအလုပ်က မင်းအတွက် အဆင်မပြေလို့ပါ"

"မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော် မလုပ်ချင်တော့လို့ပါ"

"ခဏလောက် ထိုင်ပါဦးလား"

သူ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရ၏။ ဦးမြင့်မြတ်က သူ့ကိုသေချာစိုက်
ကြည့်လိုက်သဖြင့် သူ မျက်လွှာကိုချလိုက်မိသည်။

"ကိုယ်နဲ့ပတ်သက်ပြီး မင်းမှာ ပြဿနာတစ်ခုခုရှိနေလား"

"ဗျာ!"

"ကိုယ်မေးတာ ရှင်းရှင်းလေးပါ လမင်းသာ။ ဒီအလုပ်ဟာ မင်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အဆင်ပြေဆုံးပဲ။ မင်း တခြားအလုပ်ပြောင်းရေ့ပ်ရင် ဒီထက်ပို ပြီး ခက်ခဲတာမျိုးပဲကြုံရမှာ။ ဒါကိုသိထားရင် ကားသော့ကိုပြန်ယူသွား သော့"

"အစ်ကို. . . ကျွန်တော်"

"မင်း. . . ကိုယ် ဘယ်သူတယ်ဝါဆိုတာ ဘယ်ကသိလာခဲ့တာလဲ"

သူ့ကိုယ်ခန္ဓာ ဆတ်ခနဲမတ်သွား၏။ ဦးမြင့်မြတ်ကို အထိတ်တလန့် ငေးကြည့်လိုက်မိသည်။ ကြည့်စမ်း! ဒီလူကြီး အကုန်လုံးကို ကြိုမြင်နေပါ သလား။

"ရွှေလေးကတော့ မပြောလောက်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်နဲ့မင်း ပတ်သက်နေတာကို သူသိမှမသိဘဲ"

'တီချယ် ဒေါက်တာခင်လေးဆွေ ပြောတာပါ အစ်ကို"

"ဒါနဲ့ပဲ အလုပ်ကိုထွက်မယ်ဆိုပါတော့။ လွယ်လွယ်လေးပဲလား။ ပြီးရင် ရွှေလေးကို သံယောဇဉ်ဖြတ်လိုက်မယ်၊ ဒါပဲမဟုတ်လား"

"အစ်ကိုက. . . အစ်ကိုက ညီမလေးနဲ့ကျွန်တော့်အကြောင်းတွေ ကို အကုန်သိထားလို့လား"

"ကိုယ့်ကိုလျှော့မတွက်နဲ့ လမင်းသာ၊ ကိုယ့်မှာ မျက်စိတွေ နားတွေ အများကြီးရှိတယ်။ ပြောပါဦး. . . မင်း ဘာကိုရည်ရွယ်ပြီး ဆက်လုပ်မှာ လဲ"

"ကျွန်တော် ညီမလေးကို အကောင်းပကတိပြန်ဖြစ်စေချင်တယ်။ ဒါ အဓိကပါ"

"ဒါနဲ့များ ဘာဖြစ်လို့ သံယောဇဉ်ဖြတ်ဖို့ ကြံစည်ရတာလဲ"

သူ စားပွဲပေါ်လက်ထောက်၍ ခေါင်းကိုင်ထားလိုက်မိသည်။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုမေးနေပြီ ညီမလေးရယ်။ ကိုယ် ဘယ်လိုပြန်ဖြေရမလဲ။ ကိုယ်သော့ . . ကိုယ်တော့ စိတ်တွေ ချောင်ပိတ်နေပါပြီ။

"ကြာရင် ညီမလေးအတွက် ပိုဆိုးလာမှာ စိုးရိမ်လို့ပါ"

ဦးမြင့်မြတ် ခပ်တိုးတိုးရယ်လိုက်သဖြင့် သူ အလန့်တကြား ေ ကြည့်လိုက်မိသည်။

"မင်း သူ့ကိုသံယောဇဉ်ဖြတ်လိုက်မှ သူ တစ်ခါတည်း နှလုံး သွားမှာ လမင်းသာရဲ့။ သူ့အကြောင်း မင်းအသိဆုံးမဟုတ်လား"

"အစ်ကို . . . ကျွန်တော်က . . . ကျွန်တော်က ဘာဆိုဘာမှမရှိ အညတရတစ်ဦးပါဗျာ။ တော်ဝင်ပန်းတစ်ပွင့်ကို လိုချင်စိတ်ဟာ စိတ် ယဉ်ရုံသက်သက်ပဲ ကောင်းပါတယ်"

"အဲဒီစကား မှန်တော့မှန်တယ် လမင်းသာ။ ဒါပေမဲ့ မှားလည် မှားနေတယ်"

"ဗျာ"

"လူတွေရဲ့နှလုံးသားကို ဘာနဲ့မှပေးဝယ်လို့မရဘူး လမင်းသ အထူးသဖြင့် ရွှေလေးရဲ့နှလုံးသားကို ကိုယ် အလွယ်တကူနဲ့ပိုင်ဆိုင်ရ လို့ မင်းယူဆထားသလား"

"ဖြစ်သင့်တာကို သူသိပါတယ် အစ်ကို"

ဦးမြင့်မြတ်က ခေါင်းကို ခပ်ဖြည်းဖြည်းခါယမ်းလိုက်လေ၏။ တ ပေါ်ရှိမှန်အောက်မှ သူမဓာတ်ပုံကိုထုတ်ယူ၍ သူ့ရှေ့မှာ ချပေးလိုက်သ မျက်လွှာအသာချ၍ ဓာတ်ပုံအရိုက်ခံထားသည့် သူမ၏ကိုယ်တစ်ပိုင်း စွဲမက်ဖွယ်အတိ။

"ရွှေလေးက ဘဝကိုနေပျော်ပြီ လမင်းသာ၊ သူ့အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မဖြစ် ဘာကိုမှဂရုမစိုက်တော့ဘူး။ ဘာကိုမှလည်း သူ မမက်မောတော့ဘူး။ သူ့ဘဝမှာ သူ ဘာကိုအလိုချင်ဆုံးလဲဆိုတာကို သူအသိဆုံးပဲ။ သူ့ဒီဘာတွေလည်းသိတယ်။ ပြီးတော့ ကိုယ်လည်းသိနေပါတယ်"

"ကျွန်တော်. . . ကျွန်တော်တို့သားအဖကြောင့်လို့ ယူဆထားတဲ့ ဒီဖြစ်ရပ်ကြီးထဲက သူ့ကိုဆွဲထုတ်ပေးချင်တာပါ အစ်ကို။ အဲဒီစေတနာကို သူသိရင် တော်ပါပြီ"

"စကားလမ်းကြောင်းကို မလွှဲပါနဲ့လား လမင်းသာ"

ဦးမြင့်မြတ်က သူ့ကိုကျော်ပေးလျက်မှ မှန်ပြတင်းမှာ သွားရပ်နေသေးသည်။ သူ ဓာတ်ပုံလေးကို လက်ညှိုးလေးနှင့် အသာဖွဖွလေး ထိလိုက်သည်။

"ပထမတော့ ကိုယ် ထင်တောင်ထင်မထားတာ အမှန်ပဲ။ ငယ်စဉ်ကတည်းက ပုံစံခွက်ထဲမှာ ခေါက်ရိုးကျိုးနေတဲ့ မိန်းကလေးကို လူကြီးတွေ ပေးတဲ့အတိုင်း လွယ်လင့်တကူ ပိုင်ဆိုင်ခွင့်ရလိမ့်မယ်ဆိုတဲ့အတွေးမျိုးကို ကိုယ်တွေးမိခဲ့တာပါ။ ဒါပေမဲ့ သူ မကျွန်းမမာဖြစ်ပြီးနောက်ပိုင်းမှာ ကိုယ်ထင်ထားတာတွေအားလုံး လွဲချော်ခဲ့ရတယ်။ သူ့ကိုယ်သူ လူ့လောကကြီးထဲက အလျှင်မြန်ဆုံးထွက်ခွာသွားချင်တဲ့ သူ့ရဲ့စိတ်ကို အရာတစ်ခုက တားဆီးပေးခဲ့တယ် လမင်းသာ။ အဲဒါကတော့ အချစ်ဆိုတဲ့အရာပဲ"

"ကျွန်တော်. . . ကျွန်တော် သူ့ကို ရိုးသားစွာ ဆက်ဆံခဲ့တာအမှန်ပါ အစ်ကို"

"ကိုယ်ယုံပါတယ် လမင်းသာ၊ မင်းမှာက သိမ်ငယ်စိတ်တစ်ခုက အတိတ်ဖြစ်ရပ်ကတစ်ဖက်နဲ့လူကို။ မင်းဘက်ကတော့ မှန်တာပဲ။ ဟိုတစ်နေ့တုန်းက ကိုယ် သူနဲ့သွားတွေ့ခဲ့တယ်။ သူ့မျက်လုံးတွေက အရင်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ကိုယ်တွေ့ဖူးသလို ငေးငေးငိုင်ငိုင်လေး မဟုတ်ဘူး။ အတွင်းစိတ် ကြည်နူးမှုက သူ့မျက်လုံးမှာ တဖျတ်ဖျတ်ပေါ်လွင်နေတာ အသိသာကြီး ပြီးတော့ သူဘာပြောတယ်ထင်လဲ. . . ဒီခုက္ခတဘဝမှာပဲ သူနေပျော် ပျော်ပြီတဲ့။ ကိုယ့်ရင်ထဲ ဘယ်လောက်ခံစားရမလဲဆိုတာ မင်းတွေးကြည့် ပါ လမင်းသာ။ ကိုယ် သူ့ကို တအံ့တဩ အကြာကြီးငေးနေခဲ့မိတယ် လောကကြီးမှာ သူ ဘာကိုမှ မမက်မောတော့ဘူးတဲ့။ သူ့ဘဝမှာ အ အရာရာ ပြည့်စုံသွားပြီလို့ပြောတယ်။ ပြီးတော့ သူ့လက်ဝါးလေးထဲ အနက်ရောင်ကြွယ်သီးလေးကိုဖွဲ့ကြည့်ပြီး ပြုံးနေတဲ့မြင်ကွင်းလေးကို ကို မျက်စိထဲက ဖျောက်လို့မရဘူး။ အင်မတန် အသက်ဝင်လှပနေတဲ့ ပြကွ လေးတစ်ခုပါ"

သူ သက်ပြင်းတစ်ချက်ကို ကျိတ်ချလိုက်မိ၏။ ဒါတွေက တစ် နေ့တော့ အိပ်မက်တစ်ခု ဖြစ်သွားမှာပါဗျာ။

"သူသိနေတာ တစ်ခုပဲရှိတယ်။ အဲဒါကတော့ သူ ဒီဘဝမျိုးရော နေလို့ မင်းဆီကမေတ္တာကို သူရရှိနေတာ။ သူပြန်ကောင်းသွားတာနဲ့ မ သူ့ကိုစွန့်ပစ်သွားမယ်လို့ သူယုံကြည်ထားတယ် လမင်းသာ။ ဒေါက်တ ခင်လေးဆွေကိုတောင် မလာတော့ဖို့ သူပြောလိုက်တယ်"

"ဟာ! ဘယ်ဖြစ်မှာလဲ၊ မဟုတ်တာ"

"ဒီလိုမျှော်လင့်ထားတဲ့ သူ့ဆန္ဒတွေကို မင်းရိုက်ချိုးဖျက်ဆီးမ ဆိုရင် သူ တစ်ခါတည်းအသက်ပါသွားလိမ့်မယ် လမင်းသာ။ သူအသ ရှင်နေတာ မင်းကြောင့်ပဲ။ ဒါကို မင်းနားလည်မယ်ဆိုရင်"

"ညီမလေးရယ်"

သူ ခါတ်ပုံလေးကို ရင်ခွင်မှာအပ်ရင်း မျက်ရည်ကျလာမိသ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကြောင့် အသက်ဆက်ရှင်နေတာတဲ့လား ညီမလေးရယ်။

"ကိုယ်က. . . ကိုယ်က သူ့အပေါ် ကိုယ့်လောက် ချစ်မြတ်နိုးတဲ့သူ၊ ကိုယ့်လောက် တန်ဖိုးထားတဲ့သူမျိုး လောကမှာ မရှိနိုင်ဘူးလို့ ထင်ခဲ့သားတာ။ ဒါပေမဲ့ သူ မင်းအပေါ်မှာချစ်တဲ့ မြတ်နိုးမှုတွေဟာ ကိုယ့်ထက် အပုံကြီးသာတယ် လမင်းသာ။ ဘဝချင်း ပေါင်းစည်းခွင့်မရှိနိုင်မှန်း သိသိကြီးနဲ့ သူ့နှလုံးသားကို မင်းထံမှာ ပုံအပ်ပြီးချစ်ရှာတာ။ သိပ်သနားဖို့ကောင်းတာ အမှန်ပဲ"

"တော်ပါတော့. . . တော်ပါတော့ အစ်ကိုရယ်၊ ကျွန်တော့်ရင်တွေကွဲရပါတော့မယ်။ ကျွန်တော်. . . ကျွန်တော် ညီမလေးကိုသိပ်ချစ်ပါတယ်ဗျာ။ ညီမလေးအတွက်ဆိုရင် ကျွန်တော့်အသက်ကိုပဲ ပေးရပေးရ ပေးဝံ့တဲ့အထိ မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး ချစ်တာပါ"

"ဒါဆိုရင် သူ့သေးကနေခွာဖို့ စိတ်ကူးကို ဘယ်တော့မှ မလုပ်မိစေနဲ့လို့ ကိုယ့်ကိုကတိပေးပါ"

"ဟုတ်ကဲ့. . . ကျွန်တော် ကတိပေးပါတယ် အစ်ကို"

ဦးမြင့်မြတ်က သူ့ပခုံးကို အသာပုတ်လိုက်ပါ၏။ ခတ်ပုံလေးကို ခေါင်းအောက်မှာ ပြန်ထည့်ပေးလိုက်ပါသည်။

"မင်းသိထားဖို့က သူ့ကို အကောင်းပကတိပြန်ဖြစ်စေချင်တဲ့သူတွေထဲမှာ ကိုယ်က ထိပ်ဆုံးမှာ ပါနေတယ်ဆိုတာပါပဲ"

"ကျွန်တော်ကြိုးစားမှာပါ အစ်ကို"

"ကိုယ်တို့ မျှော်လင့်ကြတာပေါ့လေ"

ညနေဘက် ဆေးခန်းကိုရောက်တော့ အန်တီရှိစ်နှင့် ဧွေးနွေးဖြစ်ချိကလည်း စိတ်ဝင်တစား ဝင်ဆွေးနွေးပါလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူစိတ်လှုပ်ရှားအောင်လုပ်ဖို့က နင် အဓိကပေါ့ ဖိုးလရဲ"

"အင်း. . . ငါလည်း ဘယ်လိုလုပ်ရမလဲ စဉ်းစားလို့မရတာ"

"နင် သူ့ကိုထားခဲ့လိုက်ရင်ရော"

"အဲဒါကမှ သူ တစ်ခါတည်း နလုံးရပ်သွားမှာဟ"

"ဘန်တီတို့ ဝိုင်းစဉ်းစားကြတာပေါ့ သားရယ်။ ဖြစ်လာမှာပါ။ ကို ကျော်သာရော အခြေအနေဘယ်လိုလဲ"

"ဒီလိုပါပဲ အန်တီရယ်၊ အစားဝင်တော့ နည်းနည်းပြည့်လာတယ် စိတ်ကတော့ ဘာမှမသိသေးပါဘူး"

"အင်း. . . သားမှာလည်း အပူတွေ အကုန်စုနေတာပဲကိုး"

သူ လက်မှနာရီကို ငုံ့ကြည့်လိုက်တော့ ညခုနစ်နာရီထိုးနေလေပြီ သိမ်းစရာရှိတာကို သိမ်းဆည်းပေးလိုက်ပြီး Taxi ပေါ် တက်မောင်းလာ ခဲ့သည်။ လမ်းထဲကိုဝင်လာစဉ် လသာဆောင်ပေါ်မှာ သူမ ရှိမနေပါ ကားကိုပြန်လှည့်မောင်းထွက်ခဲ့ပြီး လေချွန်သံ ပေးလိုက်ပါ၏။

"ရှိ. . . ရှီး. . . ရှိ. . . "

"ရှိ. . . ရှီး. . . ရှိ. . . "

"ကိုလေး"

"ဟာ"

ခြံတံခါးဝမှာ Wheel Chair ဖြင့်စောင့်နေသည့်သူမကို မြင်လိုက် ရသောကြောင့် သူ ကားဘရိတ်ကို နင်းလိုက်ရသည်။ ခြံတံခါးရှိရာ အပြေးကပ်သွားလိုက်မိ၏။

"ညီမလေး. . . ညမှောင်နေပြီလေ။ အပြင်မှာ ဒီလောက်အေး တာကို ဘာဖြစ်လို့ ထွက်လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးကိုတွေ့ချင်လို့ပေါ့"

"ဟာ. . . ညီမလေးကလည်းကွာ၊ အန်တီတို့ စိတ်ပူနေမှာပေါ့"

"မေမေပါ ခြံထဲမှာရှိနေပါတယ်၊ အခု အန္တေးထည်သွားဝင်ယူနေတယ်"

"ကဲကဲ. . . ကိုယ်ပြန်ပို့ပေးပါ့မယ်။ ခက်တော့တာပဲ၊ ဒီကလေးမလေးတော့ ဖျားတော့မှာပဲ"

သူပြောတာကို သူမက ရယ်နေသဖြင့် သူ မသက်မသာပြုံးမိသည်။ ဪ. . . စိတ်လှုပ်ရှားလွယ်တဲ့အရွယ်လေးကိုမှ သူ ဒုက္ခပေးမိပြီ ထင်ပါရဲ့။ အိမ်ထဲကိုရောက်တော့ အန်တီက အန္တေးထည်ယူ၍ လှေကားမှဆင်းလာနေလေပြီ။

"ဟော! သားရောက်လာပြီကိုး။ သမီးရယ်. . . သမီးကိုလေး အလုပ်ရှုပ်အောင် ဘာဖြစ်လို့ လုပ်ချင်ရတာလဲ။ အဲဒီလိုမဆိုးရဘူးလေ"

"နောက်ကို ဒီအချိန်အပြင်မထွက်ပါစေနဲ့ အန်တီ။ သူ ကျွန်တော့်ကိုတွေ့ချင်ရင် မနက်တိုင်း ကျွန်တော်လာပါ့မယ်"

"တကယ်နော် ကိုလေး"

"တကယ်ပါ ညီမလေးရဲ့၊ ကဲ! အခန်းထဲမှာ အိပ်တော့။ အရမ်းအေးနေပြီ"

သူ လှေကားမှတစ်ဆင့် ညီမလေးအိပ်ခန်းဆီသို့ ပွေ့ချီသယ်ဆောင်သွားခဲ့လေ၏။ အန်တီက အခန်းတံခါးတွေကို ပိတ်နေစဉ် ညီမလေးက သူ့ကိုတီးတိုးပြောလာလေသည်။

"ရွှေလေးပိုင်တဲ့ဟာလေးကို နားထောင်ချင်တယ်"

"ရှူး. . . အန်တီ ကြားသွားမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြားကြားပေါ့"

"ဟာ. . . ညဖုန်းဆက်မှ နားထောင်လေကွာ"

"မညာရဘူးနော် ကိုလေး"

"အင်းပါ"

အန်တီ စောင်ခြုံပေးတာကို ဝိုင်းကူပေးပြီး သူပြန်ခဲ့၏။ Taxi သိမ်း၍ အိမ်ကိုပြန်ရောက်တော့ ည ဆယ်နာရီခွဲနေလေပြီ။ ညီမလေးတော့ ဖုန်းမျှော်နေတော့မှာပါလား။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဟာ ...
တစ်ခါတစ်ရံ ဆိုးသော်လည်း
တစ်ခါတလေတော့ လိမ္မာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သမီးရေ. . . သမီးကိုလေး ရောက်လာပြီ"

အိမ်ရှေ့မှာ ဖိနပ်ချွတ်နေစဉ် အောက်ထပ်အခန်းမှ ထွက်လာသည့်

သူ့မမျက်နှာလေးမှာ အပြုံးတို့ဝေဆာလျက်။ သနပ်ခါးပါးကွက်ကျားလေး

ကွက်ထားတာမို့ သင်းပျံ့ပျံ့မွှေးရနံ့က ရင်ထဲမှာ အေးမြသွားစေ၏။

သြော်. . . အမောကိုပြေစေသည့် မျက်နှာလေးပါလား။

"မေမေ. . . သမီးတို့ ခြံထဲမှာပဲ ကော်ဖီသောက်မယ်နော်"

"အေး. . . သမီးလေး၊ မိတ်ဟာကို မေမေပို့ခိုင်းလိုက်မယ်"

"သားတော့ အလုပ်တစ်ခုပိုလာပြီကွယ်။ ကျောင်းနောက်ကျမယ်

နော်"

"ရပါတယ် အန်ကယ်၊ ကျွန်တော့်အလုပ်ရှင်က ကားနဲ့အပိုင်ပေး

ထားတာ ခင်ဗျ"

"ဟော! တယ်သဘောကောင်းတဲ့အလုပ်ရှင်ပါလား။ သမီးနော်၊ ...

www.burmeseclassic.com

www.burmeseclassic.com



ကော်ထက် မပိုစေနဲ့။ သားကိုလေးကိုလည်း သနားဦး၊ ဗိုလ်သိပ်မကျနဲ့"

သူမက နှာခေါင်းရှုံ့၍ ပွစိပွစိရေရွတ်လိုက်သဖြင့် သူ ခပ်တိုးတိုး ရယ်လိုက်မိသည်။ ခြံထဲမှာ Wheel Chair တွန်း၍ ဟိုဒီလျှောက်သွားနေ ၏။ အရုဏ်ဦးအလင်းရောင်အောက်မှာ ငှက်ကလေးများ၏ တေးဆိုသံက ဟိုနားတချို့ ဒီနားတချို့နှင့် နားဝင်ပီယံရှိလှသည်။

"ကိုလေး"

"ဟင်"

"သူတို့ဘဝတွေများ သိပ်လွတ်လပ်တာပဲနော်၊ ရွှေလေးလည်း သူ တို့လို လွတ်လွတ်လပ်လပ်လေး ပျံချင်လိုက်တာ ကိုလေးရယ်"

"ဩော် . . . ညီမလေးရယ် . . . သူတို့က ငှက်ကလေးတွေလေ။ သဘာဝက ဖန်ဆင်းပေးထားတဲ့အတိုင်း ပျံသန်းနိုင်တာကို။ ညီမလေးက လူသားလေ"

"အဲဒီလူသားက ခြေထောက်ပါရဲ့သားနဲ့ လမ်းမှမလျှောက်နိုင်ဘဲ နဲ့ ကိုလေးရဲ့"

"ကံ . . . ကံ၏အကျိုးဆက်ကြောင့်ပေါ့ ညီမလေးရယ်။ အခိုက် အတန့်ကာလလေးတော့ သည်းခံမှပေါ့။ ကိုယ်တို့လည်း စိတ်ရှည်ရှည်နဲ့ ကြိုးစားကုသပေးနေတာပဲ။ တစ်နေ့ ညီမလေးရောဂါ ပျောက်သွားမှာပါ။ ကိုယ်ယုံကြည်ပါတယ်၊ ကိုယ့်ညီမလေးနဲ့အတူတူ မနက်တိုင်း လမ်းလျှောက် ခွင့်ကို မကြာခင် ရလာမှာပါကွာ"

မိတာ ယူလာပေးသည့်ကော်ဖီကို အေးအောင်မှုတ်၍ သူမကို တိုက် လိုက်၏။ သူတို့စားပြီးသမျှကို ပြန်ယူသွားတော့မှ ခြံတစ်ပတ်ပြည့်အောင် တိုက်တွန်းပေးနေမိသည်။ နာရီကိုငုံ့ကြည့်စဉ် ကျောင်းချိန်နီးနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီနော် ညီမလေး၊ ကိုယ် ကျောင်းသွားရတော့မယ်"

"ဟင်! ရွှေလေး ပိုင်တာလေးတောင် နားမထောင်ရသေးဘူး။ ကို လေးကလည်း"

"ဟာ. . . ည. . . ဖုန်းထဲမှာ နားထောင်နေကျလေ"

"မရပါဘူး၊ ဟိုနေ့က ကိုလေးဖုန်းကိုစောင့်ရင်းနဲ့ ဆယ့်တစ်နာရီ ထိုးတော့ ဆေးရှိန်နဲ့ ရွှေလေး အိပ်ပျော်သွားရောလေ"

"ကဲကဲ. . . ခဏလေးပဲ ရမယ်နော်"

"အင်း"

သူက သူမ၏နားနားကို ကိုယ်ကိုငုံ့ပေးလိုက်စဉ် လက်ဝဲရင်အုံကို အသာကပ်၍ နားထောင်လိုက်သည့်သူမထံမှ သနပ်ခါးရနံ့လေးက ပို၍ မွှေးပျံ့လာ၏။

"ကြားရလား"

"အင်း. . . ကြားတယ်။ တိုးတိုးလေး"

"ဟာ. . . အကျယ်ကြီးမဟုတ်ဘူးလား။ ဒိန်းဒိန်း ဒိန်းဒိန်းနဲ့ မြည် နေတာလေ"

"ဟင်! ဟုတ်ဘဲနဲ့၊ ဒုတ်ဒုတ်လို့ မြည်တာကိုများ"

မျက်လုံးလေး ထောင့်ကပ်ပြောလာသည့်သူမကို အသည်းယားလာ သဖြင့် သူမနဖူးလေးကို အသာထုလိုက်၏။ သူမက ဟက်ဟက်ပက်ပက် လေး ရယ်နေလေသည်။ သူ ကားကိုမောင်းထွက်ခဲ့တော့ လက်ပြနေရှာ သည့်မိန်းကလေးကို တစ်ချက်ငဲ့ကြည့်လိုက်မိ၏။ ဩော်. . . ညီမလေးရယ် ကိုယ်တို့ရဲ့ဒီလိုပျော်ရွှင်ချိန်တွေဟာ ဘယ်အချိန်မှာများ ဆုံးစီးသွားမှာ လဲ။



www.burmeseclassic.com

www.burmeseclassic.com



စာသင်ချိန်တွေကို ဂရုတစိုက် သင်ယူနေရသည်။ သူက တခြား ကျောင်းသားတွေလို စာကြည့်ဖို့အချိန်ပို သိပ်ရှိတာမှမဟုတ်ဘဲ။ ညနေ ကျောင်းဆင်းချိန်မှာ ချိုက သူ့အင်္ကျီကို အနောက်ဘက်မှ ဆွဲလိုက်လေ သည်။

"ဟဲ့! ဘယ်လိုဖြစ်ပြီး ပျာယာခတ်နေတာလဲ မိုးလရဲ့"

"ငါ့မှာ အချိန်ဆင်းရဲတယ်လေ ချိုရာ"

"အေး. . . အချိန်မရှိလို့ဘဲနေ၊ ငါတို့ထက် အမြဲအမှတ်များနေ တာ။ အချိန်များရှိလို့ကတော့ လိုက်မီမှာတောင် မဟုတ်ဘူး"

"IQ က မတူဘူးလေ ကလေးမရဲ့။ နင့်ထက် ငါ နှာတစ်ဖျားသာ နေတာ အဲဒီ IQ ကြောင့်ပေါ့"

"ခွေးကောင်. . . ပြောလိုက်ရင် မိုးပေါ်ကို တက်ချင်နေပြီ"

"ငါသွားတော့မယ် ချိုရေ၊ မနက်က ဒယ်ဒီ နည်းနည်းဖျားချင်နေ တယ်ကွ"

"ဟုတ်လား၊ ဒါဆိုရင် နင် ဆေးခန်းမလာနိုင်ရင်လည်း မလာနဲ့ တော့လေ။ ငါ မာမာ့ကိုပြောလိုက်မယ်"

"အေး. . . ကျေးဇူးပဲ၊ ငါသွားပြီ"

သူ Taxi ကို အသာမောင်းထွက်လာခဲ့၏။ အိမ်ကိုပြန်ရောက်တော့ လုပ်ရှုပ်နေသည့်မာမီ့ကို တွေ့ရလေသည်။

"မာမီ. . . ဘာဖြစ်လို့လဲ"

"သားဒယ်ဒီ ဖျားနေလို့ သားရဲ့။ အဲဒါ ကျွေကာတိုက်တာ မသေး ဘူး"

"ချိုလို့ထင်တယ် မာမီ၊ ကျွန်တော် ဆန်ပြုတ်သွားဝယ်လိုက်ဦးမယ်"

www.burmeseclassic.com



"မောင်မိုးကိုပဲ လွှတ်လိုက်ပါ သားရယ်။ ပင်ပန်းလိုက်တာ"

သူ မိုးလွှင်ကိုပင် ဈေးထဲရှိ ဆိုင်အမည် သေချာပြော၍ ဝယ်ခိုင် လိုက်သည်။ ဒယ်ဒီ့ကိုအဖျားတိုင်းကြည့်တော့ 101° ရှိနေ၏။ ဆန်ပြုတ် ချော့တိုက်ပြီး ဆေးတိုက်ကာ သိပ်လိုက်ရသည်။ ဆေးခန်းမသွားဖြစ် တစ်ညနေလုံး ထိုင်စောင့်နေရသဖြင့် Taxi ပါ မမောင်းဖြစ်တော့။ အဖျ ကျ၍ ချွေးတွေရွှဲလာတော့ ရေပတ်တိုက်ကာ အဝတ်အစားလဲပေးရပြ သည်။ ဒယ်ဒီရယ်. . . အခုလိုပြုစုပေးနေတဲ့သူဟာ ဘယ်သူလဲဆိုတ မသိနိုင်တော့ဘူးလားဗျာ။

ည စာကြည့်စားပွဲထိုင်တော့ ဆယ်နာရီထိုးနေလေပြီ။ ပင်ပန်း သည့်ကြားမှ မျက်စိကိုဖွင့်ဖွင့်၍ စိတ်ဝင်တစား ကိုကြည့်ရ၏။

"သားရေ၊ ဖုန်းလာနေတယ်"

"ချိုထင်တယ်၊ ဟုတ်လား မာမီ"

"မဟုတ်ဘူးသားရဲ့၊ ယောက်ျားလေးသံ"

"ဘယ်သူပါလိမ့်"

သူ ဖုန်းကိုကောက်ကိုင်လိုက်စဉ် တစ်ဖက်မှ ခပ်ညြညြအသံ ထွ လာလေ၏။

"ညီလေး. . . ကိုယ်ပါ"

"အစ်ကို၊ ဒယ်ဒီဖျားနေလို့ ကျွန်တော် ဒီနေ့ ကားမထွက်ဖြစ် ခင်ဗျ"

"ကိုယ် အဲဒီကိစ္စအတွက် ဆက်တာမဟုတ်ဘူး ညီရဲ့"

"ဒါဖြင့် ဘာကိစ္စလဲ အစ်ကို"

"ရွှေလေးကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ဘာဖြစ်လို့လဲ အစ်ကို"

"ခုချိန်ထိ မအိပ်သေးဘူးတဲ့။ အန်တီ ဖုန်းလှမ်းဆက်တယ်။ ကိုယ်သည်း ဖုန်းထဲက ချော့ပြောတာပဲ. . . မရဘူး။ သူ အခုထိ ဖုန်းနားမှာ ထိုင်စောင့်ပြီး ငိုနေတယ်တဲ့"

"ဟာ!"

"အေး. . . အဲဒါ မင်းမေ့နေတယ်ထင်လို့ ကိုယ်သတိလှမ်းပေးတာ"

"မဟုတ်ဘူး အစ်ကိုရဲ့၊ ကျွန်တော် မနက်က တစ်ခေါက်သွားတွေ့ပြီးပြီ။ ဒါကြောင့် ဖုန်းမဆက်တော့ဘူးလားလို့"

"ရွှေလေးအကြောင်းကို သိရဲ့သားနဲ့ ညီရယ်"

"ကျွန်တော် ဆက်လိုက်ပါ့မယ် အစ်ကို၊ ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်"

သူ နံပါတ်တွေကို နှိပ်လိုက်ပါ၏။ တစ်ဖက်မှ ငိုမဲ့မဲ့အသံလေးက တိုးလျှလျှပေါ်ထွက်လာလေသည်။

"ဟဲလို"

"ညီမလေး"

"ကိုလေးက ခုမှဆက်ရလား။ အခု ဘယ်အချိန်ရှိပြီလဲလို့"

"အင်း. . . ဆယ့်နှစ်နာရီ"

"ဒါ ဖုန်းဆက်ရမယ့်အချိန်လား"

"ကိုယ် စာကျက်နေလို့ပါ ညီမလေးရယ်"

"အင်းပေါ့လေ၊ ကိုလေး စာတွေက ရွှေလေးထက် ပိုအရေးကြီးတာကိုး။ ရွှေလေးက. . . ရွှေလေးက ကိုလေးအတွက် အနှောင့်အယှက်ဖြစ်နေတာပေါ့နော်။ ရွှေလေး မှားပါတယ်။ နောက်ကို. . . နောက်ကို ရွှေ



www.burmeseclassic.com

www.burmeseclassic.com



လေး. . . ကိုလေးနဲ့ ဖုန်းမပြောတော့ပါဘူး"

"ဟာ! မငိုရဘူးလေ ညီမလေးရဲ့၊ ကိုယ် မနက်က လာတွေ့ပြီးပြီ ဆိုပြီး ဖုန်းမဆက်တော့တာပါ။ အဲဒီလိုမပြောရဘူးလေ"

"မရပါဘူး။ မနက်က မနက်ပဲဟာ။ ညက ညပဲ"

"ဟောကြည့်. . . ဒီကလေးလေး အတော့်ကို လောဘကြီးနေပါ လား"

"ကိုလေးက ရွှေလေးကို သံယောဇဉ်မရှိဘူးလားဟင်။ ရွှေလေး မှာ ခင်တွယ်စရာဆိုလို့ ဖေဖေနဲ့မေမေပြီးရင် ကိုလေးတစ်ယောက်တည်း ရှိတာပါ။ ရွှေလေးကိုအလိုလိုက်ပြီး နားလည်ပေးနိုင်တာ ကိုလေးပဲရှိတာ လေ"

"ဟုတ်ပါပြီ ညီမလေးရယ်၊ ကိုယ်မှားတာပါ။ ဆောရီးကွာ. . . ဒီနေ့ ကိုယ့်ဒယ်ဒီ နေမကောင်းလို့ ပြုစုနေရတယ်။ ဒီနေ့စာတွေတောင် ကျက် လို့ ကောင်းကောင်းမရသေးဘူး"

"ဟုတ်လား။ ဒါဆိုရင်လည်း နေပါစေတော့ ကိုလေးရယ်။ ရွှေလေး က အလိုက်မသိတဲ့ကောင်မလေး ဖြစ်နေမှာပေါ့"

"မဖြစ်ပါဘူးဗျာ၊ ကဲ! အငိုတိတ်ပြီလား။ ညီမလေး မအိပ်သေးတော့ အန်တီတို့ စိတ်ညစ်နေမှာပေါ့။ အဲဒီလိုမဆိုးရဘူးလေ"

"ရွှေလေး ဘယ်မှာဆိုးလို့လဲ"

"မဆိုးဘူးလား"

"ဟင့်အင်း"

"ဒါဆို အိပ်တော့လေ ညီမလေးရယ်၊ တော်ကြာ နေထိုင်မကောင်း ဖြစ်ရင် ဘယ်လိုလုပ်မလဲ။ ပြော်. . . မနက်ကျရင် ကိုယ် မလာအားဘူး

www.burmeseclassic.com

www.burmeseclassic.com



နော်။ ဒယ်ဒီ့ကိုစောင့်ကြည့်ရဦးမှာ"

"တွေ့လား. . . ကိုလေးက ကတိလည်း မတည်ဘူးကွာ"

"ခွင့်လွှတ်ပါ ညီမလေးရယ်၊ အဲဒီနေ့အစားကို တနင်္ဂနွေနေ့တစ်ညနေလုံး ကိုယ်ပြန်ပေးမယ်လေနော်။ လိမ္မာပါတယ်"

"တကယ်ပြောတာနော်"

"တကယ်"

"မညာရဘူးနော်"

"မညာဘူး၊ ကတိ. . . ကတိ"

"ရွှေလေးပိုင်တာလေးကို နားထောင်ချင်တယ်"

သူ ကျိတ်ပြုံးလိုက်ပြီး လက်ဝဲဘက်ရင်အုံနေရာမှာ ဖုန်းကို ကပ်ထားလိုက်၏။ ခဏအကြာမှာ ပြန်ခွာလိုက်ပါသည်။

"ကဲ! ကျေနပ်ပြီလား"

"အင်း"

"အိပ်တော့နော်"

"ဟုတ်"

သူ သက်ပြင်းကိုကျိတ်ချလိုက်ပြီး စာကျက်စရာတွေကို ပြန်ကျက်ဖို့ စာကြည့်ခုံမှာ ထိုင်လိုက်တော့၏။



www.burmeseclassic.com

ချစ်ခြင်းဟာ ...

ဘဝတစ်ခုလုံးကို ...

ပြောင်းလဲပစ်နိုင်တယ်နော်...

www.burmeseclassic.com

# အခန်း (၁၁)

ညနေစောင်းမို့ လေက ငြိမ့်ငြိမ့်အေးအေးလေး တိုက်ခတ်နေလေ အန်တီကြော်ပေးသည့် ကြာဆံကြော်ကို စားအပြီးမှာ ခြံထဲဆင်းလာသည်။ ညီမလေးက Wheel Chair ပေါ်မှာထိုင်၍ လက်လှမ်းမိရာ စ်ရွက်လေးတွေကို လှမ်းရိုက်နေ၏။

"ကိုလေး"

"ဟင်"

"လမ်းပေါ် လျှောက်သွားချင်တယ်"

"ဟာ! ဘယ်ဖြစ်မှာလဲ၊ ဟိုတစ်ခါတောင် ကံကောင်းလို့ မသေတာ ညီမလေးကလည်း မသွားရဘူး"

"အဲဒီတုန်းက ကိုလေးနဲ့တွေ့ခဲ့တာလေ။ ခုတစ်ခါဆို ဘယ်သူနဲ့ တွေ့မလဲ သိချင်လို့"

"အံမာ! ရမလား။ ဒီကောင်မလေးတော့ မုန့်ခေါက် အကြွေးခံရ တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဘာမှန်းခေါက်လဲ"

"သိချင်လား"

"အင်း"

သူက ညီမလေး၏နဖူးလေးကို ခပ်ဖွဖွခေါက်လိုက်တော့ ညီမလေး
က အော်ရယ်လိုက်လေ၏။ ဘယ်လိုလေးမှန်းကိုမသိပါဘူး။ အသည်းယား
စရာလေး။

"ဒါ ရယ်စရာလား"

"ဟင်းဟင်း. . . ရယ်တာပေါ့၊ ကိုလေး ခေါက်တာ နာမှမနာတဲ့
ဟာ"

"အပြစ်မလုပ်သေးလို့ ဖြည်းဖြည်းခေါက်တာပေါ့။ အပြစ်လုပ်ရဲရင်
လုပ်ကြည့်ပါလား။ နာပြီသာမှတ်"

"ဘာလုပ်ရင် ရိုက်မှာလဲ"

"ခြံထဲကနေ ခြံပြင်ထွက်တာ၊ တခြားကောင်လေးတွေကို ပြုံးပြတာ
ညကြီးမိုးချုပ် ခြံထဲမှာရှိနေတာ။ အိပ်ချိန်မှာ မအိပ်ဘဲထိုင်နေတာ။ အန်တီ
တို့စကားကို နားမထောင်တာ။ ကိုယ့်ကို ရိုက်ကျူတာ"

"အမယ်လေးနော်. . . တားမြစ်ချက်တွေကလည်း များလိုက်တာ"

"အေး. . . အဲ့ဒါတွေလုပ်ရင် အရိုက်ခံရမယ်"

"ကိုလေးက တကယ်ရိုက်မှာမို့လို့လား"

"ရိုက်မှာပေါ့"

"ရိုက်ရောရိုက်ရက်လို့လား"

မျက်စပစ်၍ မေးလိုက်သဖြင့် သူ တော်တော်အသည်းယားသွား
၏။ တော်တော်ချစ်စဖွယ်ဖြစ်အောင် လုပ်လည်းလုပ်တတ်တဲ့ မိန်းကလေး


www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပဲ။ သူ ညီမလေးခေါင်းကို အသာဖိလိုက်မိသည်။

"ဟင်းနော်. . . လူကြီးကို အသည်းယားအောင် မဆွနဲ့"

"အသည်းယားရင် ရွှေလေး ကုတ်ပေးမှာပေါ့"

"တကယ်လား"

"အင်း"

ညီမလေးလက်ကလေးက တကယ်ပင် မြောက်တက်လာသည်မို့ သူဖမ်းကိုင်လိုက်စဉ်မှာ ခြံထဲသို့ ကားတစ်စီးဝင်လာလေ၏။ ကားပေါ်မှ ခံဝင်းဝင်းတောက်နေသည့် မျက်လုံးပိုင်ရှင်ကြီးက သူတို့အနီးသို့ အလျင် မြန်ဆုံးနှုန်းဖြင့် ရောက်လာလေ၏။

"မင်း. . . မင်း. . . ဒီကို ဘယ်လိုရောက်နေတာလဲ"

"ဘိုးဘိုး"

"ဟေ့ကောင်! ငါမေးတာကိုဖြေစမ်း အယုတ်တမာကောင်။ ငါ့မြေး ကို ဒုက္ခိတဘဝရောက်အောင် လုပ်ရတာတောင် မဝသေးဘူးလား။ ဘဝ ပျက်အောင် လာလုပ်နေတာလား။ ကဲကွာ"

လက်ထဲမှ တုတ်ကောက်ဖြင့် မျက်နှာကိုဖြတ်ရိုက်လိုက်သဖြင့် သူ့ မျက်လုံးတွေ မီးပွင့်သွားပြီး ခေါင်းက လည်ထွက်သွား၏။ ညီမလေးအသံ က အကျယ်ကြီးထွက်လာလေသည်။

"အား. . . မလုပ်ပါနဲ့ ဘိုးဘိုး မလုပ်ပါနဲ့။ အဲဒါ ရွှေလေးရဲ့ကိုလေး ပါ"

"တိတ်စမ်း! မိရွှေရွှေ၊ ဒါ နင့်ရန်သူပဲ။ ကိုယ့်ကို ဒုက္ခပေးခဲ့တဲ့ ရန်သူကိုမှ တရင်းတနှီးဆက်ဆံနေရတယ်လို့။ အမိုက်မ"

ရိုက်ချက်တွေကြောင့် သူ မြက်ခင်းပြင်ပေါ် လဲကျသွားစဉ် ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ဗီရိုတွေချနေသည့်အလုပ်သမားတွေပါ သူ့အနီးသို့ရောက်လာလေ၏။

"ရိုက်စမ်း! ဒီကောင့်ကိုသေအောင် ရိုက်သတ်စမ်း"

"အမယ်လေး! . . . မလုပ်ကြပါနဲ့. . . မလုပ်ကြပါနဲ့"

ဘိုးဘိုး၏အမိန့်ပေးသံ၊ သူမ၏အထိတ်တလန့်အော်သံတွေကြားမှာ သူ့ခန္ဓာကိုယ်က မြေကြီးပေါ်မှာ တလိမ့်လိမ့်။ မျက်နှာ၊ ခေါင်း၊ ကိုယ်ခြေ၊ နေရာအနှံ့နာကျင်မှုကြားက သူမကိုစိုးရိမ်ပူပန်နေသည့်စိတ်က ထိန်းမရနိုင်ခဲ့။

"သေပါပြီ. . . သေပါပြီ. . . မေမေရေ. . . ဖေဖေရေ၊ လာကြပါဦး. . . ကိုလေးကို ဝိုင်းသတ်နေကြပြီ။ ကိုလေးတော့ သေပါပြီ. . . အား"

"မိရွှေရွှေ. . . နင့်ပါးစပ် ပိတ်ထားစမ်း. . . ကဲ"

လက်ပြန်ရိုက်ချလိုက်သဖြင့် Wheel Chair ရော လူပါ ဘေးတိုက်ကြီး လဲသွားစဉ် သူ့စိုးရိမ်စိတ်က အမြင့်ဆုံးကိုရောက်သွားတော့သည်။ မျက်စိရှေ့မှာ မြင်မြင်သမျှကို သူတွန်းဖွေ၍ သူမထံပြေးလာစဉ် ဘိုးဘိုး၏လက်သီးချက်ကြောင့် နောက်ပြန်အလဲ၊ နှင်းဆီပန်းအိုးကြီးတစ်ခုပေါ် ခေါင်းဖြင့်ရိုက်ချပြီးသားဖြစ်နေသဖြင့် ခေါင်းထဲမိုက်ခနဲဖြစ်သွားလေ၏။

"အား. . . သွေးတွေ. . . သွေးတွေ. . . ကိုလေး သေပါပြီ"

သူမ လဲကျနေရာမှ ကျူံးထလိုက်၏။ အားလုံး မင်သက် အံ့သြနေချိန်မှာ ကိုလေးခန္ဓာကိုယ်ကို ပွေ့ထုလိုက်မိသည်။ ရုပ်အဖြူပေါ်မှာ သွေးတွေက မြင်မကောင်းတော့။ သူမရင်ဘတ်မှာ စွန်းပေလာသည့်သွေးတွေ၊ လက်မှာပေသွားသည့်နီနီရဲရဲအရာများ၊ သူမရင်ကွဲလုမတတ် အော်ဟစ်ငိုချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး. . . ကိုလေးရေ ဘိုးဘိုး ရက်စက်တယ်. . . ဘိုးဘိုး ရက်စက်တယ်။ ကိုလေးကိုသတ်တာ. . . ကိုလေးကို ဘိုးဘိုးသတ်တာ"

"သမီး. . . သမီးလေး၊ မေမေ. . . အို! ဘာတွေဖြစ်ကုန်တာလဲ"

ခါးတောက်၍ မတ်မတ်ကြီးရပ်နေသည့်ဦးသော်ကာက အလုပ်သမားတွေကို အမိန့်ပေးလိုက်ပြန်၏။

"ဆွဲထုတ်သွားစမ်း၊ ဒီကောင့်ကို ချက်ချင်း ဆွဲထုတ်သွားကြစမ်း"

"မပေးဘူး. . . ဒါ ရွှေလေးရဲ့ကိုလေး၊ မထိနဲ့. . . မကိုင်နဲ့"

"မိရွှေရွှေ"

"တီ. . . တီ"

ခြံထဲသို့ နောက်ထပ်ကားတစ်စီး ထပ်ဝင်လာလေ၏။ ကားထဲမှ မြင့်မြတ် အထိတ်တလန့်ဖြင့် ဆင်းလာလေသည်။

"ဘာတွေဖြစ်နေကြတာလဲ"

"ကိုကိုမြတ်. . . ကိုလေးကို သူတို့ဝိုင်းသတ်လိုက်ကြပြီ၊ ရွှေလေးရဲ့ကိုလေး သေပျပြီ။ ကိုလေး. . . ကိုလေးရေ ခေါ်လို့မရတော့ဘူး၊ ကယ်ကြပါဦး"

"အန်ကယ်. . . ဆရာဝန် အမြန်ခေါ်ပါ၊ ရွှေလေးကို အထဲကိုချီသွားကြ၊ ကျွန်တော် သူ့ကိုဆေးရုံပို့လိုက်မယ်"

"ဘာဆေးရုံပို့မှာလဲ၊ မလိုဘူး. . . လမ်းဘေးမှာ သွားပစ်ထားလိုက်"

"မလိုက်ဘူး. . . မလိုက်ဘူး. . . ကိုလေးရေ"

အန်တီ့လက်ထဲမှာ ရုန်းကန်၍ပါသွားသည့် ရွှေလေးကိုတစ်ချက်ကြည့်လိုက်ပြီး မြင့်မြတ် လမင်းသာကိုပွေ့ချီလိုက်သည်။ နှလုံးခုန်သံကြောင့် အသက်မသေသေးတာကို သိလိုက်သဖြင့် 'နှင်းဆီရိပ်' ဆေးခန်းဆိုင် တန်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းလာခဲ့သည်။ ဆေးခန်းထဲမှ ဒေါက်တာရှိစိတာ ထွက်လာ၏။

"ဘာဖြစ်လာတာလဲ"

"လူရိုက်မှု အန်တီ၊ ဒါ. . . လမင်းသာပါ။ ဆေးရုံကိုခေါ်သွားမှဖြစ်မယ်ထင်တယ်။ ဟိုမှာ ရွှေလေးလည်း ဘာဖြစ်ကျန်ခဲ့မှန်းမသိတော့ဘူး"

"ဘုရား! ဘုရား! သော်တာမြင့်ရင်တော့ ဒုက္ခတွေရောက်ကုန်တော့မှာပဲ"

"ဆေးရုံပဲ တန်းပို့လိုက် မာမာ၊ ချို အိမ်ကိုဖုန်းဆက်လိုက်မယ်"

"ကျွန်တော် သွားခေါ်လာခဲ့မယ် အန်တီ"

"ဒါဖြင့်ရင် ဆေးခန်းပိတ်လိုက်တော့ သမီးရေ၊ လာ. . . သမီးသားရဲ့ကားနဲ့ပဲသွားမယ်။ သမီးကားသော့ကို ခဏပေးလိုက်"

မြင့်မြတ်လှမ်းပေးလာသည့် ကားသော့ကိုယူ၍ လမင်းသာတို့အိမ်ကို အမြန်မောင်းလာခဲ့သည်။ ခြံထဲမှာ Wheel Chair ဖြင့်ရှိနေသည့် လူကြီးတစ်ဦးနှင့် အမျိုးသမီးကြီးက သွေးတွေရွှဲရွှဲစိုနေသည့်သူ့ကို အထိတ်တလန့်ကြည့်နေလေ၏။

"အန်တီ. . . လမင်းသာ. . . လမင်းသာကို ဆေးရုံတင်လိုက်ပြီ အဲဒါ. . ."

"ဘာ! "

"ဦးသော်က သူ့အလုပ်သမားတွေကို ဗိုင်းရိုက်ခိုင်းတာ အတွင်းလူနာဖြစ်ဖို့သေချာနေပြီ"

"အမယ်လေး! သားလေး. . . သားလေးတော့ ဒုက္ခပါပဲ"

"ကျွန်တော့်ကားနဲ့ပဲ လိုက်ခဲ့ပါ အန်တီ"

ဒေါက်တာကျော်သော့မျက်ဝန်းတွေ လှုပ်ခတ်လာ၏။ မျက်စိရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည့် နီနီရဲရဲအရာတို့ကို အကြောင်သားကြည့်နေမိသည်။ သော်တာ ခါးသားဟု အထပ်ထပ်ရေရွတ်သံက နားထဲမှာ ပဲ့တင်ထပ်နေ၏။ သားတဲ့၊ သား. . . ဆိုပါလား။

မိုးလွင်က သူ့တွန်းလှည်းကို အသာဆွဲကွေ့လိုက်စဉ် နှုတ်မှ တိုးတိုး ရေရွတ်သံ ထွက်လာ၏။

"သား"

"ဟင်"

"သား. . . လိုက်. . . လိုက်မယ်"

"ဒေါက်တာ. . . ဒေါက်တာ သတိရပြီလား။ အန်တီရေ. . . ဒေါက်တာ့ကိုပါ တစ်ခါတည်း ဆေးရုံခေါ်သွားကြရအောင်။ ညီလေးပါ လိုက်ခဲ့။ အိမ်တံခါးတွေ သော့ချပိတ်ပါ"

မြင့်မြတ်စီစဉ်ပေးသည့်အတိုင်း ဒေါက်တာကျော်သာ့ကို ကားပေါ် မွေ့သယ်ပြီးနောက် ဆေးရုံသို့အမြန်ဆုံးထွက်လာခဲ့ကြ၏။ ချိုနုံသာက အန်တီ သော်တာ့ကိုမြင်သည်နှင့် ပြေးဖက်၍ ငိုလိုက်လေသည်။

"အန်တီသော်. . . ဖိုးလ. . . ဖိုးလ. . . ခုချိန်ထိ သတိမရသေး ဘူး"

မြင့်မြတ်အစီအစဉ်နှင့်ပင် ဒေါက်တာကျော်သာ့ကို တစ်ဖက်ခန်းထဲ သို့ ထရော်လီပေါ်တင်၍ ခေါ်သွားလေ၏။ အရေးပေါ်အခန်းထဲမှ ဆရာဝန် တွေ ထွက်မလာသေးသည့်အတွက် ခင်ပွန်းဖြစ်သူရှိရာဆီသို့သာ ဒေါ်သော် တာ ဝင်ခဲ့ရသည်။ ဆရာဝန်များက ဒေါက်တာကျော်သာ့ကို သေချာစစ် ဆေးမှု ပြုလုပ်နေကြ၏။

"အားလုံးကို မှတ်မိပြီလားခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဒါ ဘာအဆောက်အဦကြီးလဲ"

"ဆေးရုံကြီးပါ"

"ခင်ဗျားကရော"

"ဒီဆေးရုံက ဆရာဝန်ပါ"

"နာမည်ကရော ခင်ဗျာ"

"ဒေါက်တာ ကျော်သာပါ"

"အခုရပ်နေတဲ့အမျိုးသမီးကိုရော သိပါသလား"

"ဟုတ်ကဲ့. . . မှန်း. . . ကျွန်တော့်ဇနီး ဒေါ်သော်တာပါ ခင်ဗျာ"

"ဟုတ်ပါပြီ၊ ဒေါက်တာ့မှာ သားသမီးဘယ်နှယောက်ရှိပါသလဲ"

"သားလေးတစ်ယောက်တည်းပါ"

"သူက ဘာလုပ်ပါသလဲ"

"ဆေးကျောင်း 2nd MB တက်နေပါတယ်"

ဒေါက်တာသက်ဆွေ ခေါင်းညိတ်လိုက်ပါ၏။ အားလုံးကို ပြန်မှတ်မိနေသဖြင့် ဝမ်းသာကြည်နူးမှုတို့က အပြည့်အဝပင်။

"မှန်ပါတယ် ဒေါက်တာ၊ ဒါပေမဲ့ ကိုလမင်းသာက 3rd MD ရောက်နေပြီခင်ဗျ။ ကဲကဲ. . . ဒေါက်တာ နားပါဦး"

"ကို"

"မှန်း. . ."

ဒေါ်သော်တာ့လက်ကလေးကို ဆုပ်ကိုင်လိုက်စဉ် ဝမ်းနည်းလက်လက် ငိုကြွေးလိုက်သည့် ဇနီးဖြစ်သူကို အသာဖွဖွဖက်ထားလိုက်မိသည်။

ခြောက်. . . တစ်ပူငြိမ်းပြန်တော့ နောက်ထပ်အမှုက ပိုဆိုးနေပြန်ပါ

www.burmeseclassic.com

www.burmeseclassic.com



သား။ အခန်းထဲသို့ မြင့်မြတ် ဝင်လာခဲ့သည်။

"ကျွန်တော့်နာမည် မြင့်မြတ်တော်ဝင်ပါ ဒေါက်တာ"

"မြင့်မြတ်တော်ဝင်ဆိုတော့ ရွှေနှံ့သာစံအိမ်နဲ့"

"ဟုတ်ပါတယ်၊ ရွှေလေးနဲ့စေ့စပ်ထားတာ ကျွန်တော်ပါပဲ။ အခု ဦးသော်တာကြောင့် လမင်းသာ ဆေးရုံကိုရောက်နေပါတယ် ဒေါက်တာ။ ကျွန်တော်ပေးထားတဲ့ Taxi ကိုလည်း သူတို့ ရိုက်နှက်ချေမွလိုက်ကြတယ်။ ဘာမှမပူပါနဲ့ ဒေါက်တာ၊ ဒီကိစ္စကို ကျွန်တော် တရားဥပဒေနဲ့အညီ ဖြေရှင်းပေးပါ့မယ်"

ဒေါက်တာကျော်သာ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်၏။ ဘုရားသိကြားမလို့ သားလေး ဆိုးဆိုးရွားရွား ဘာမှမဖြစ်ပါစေနဲ့။

"ရန်ကိုရန်ချင်း မတုံ့ပြန်ပါနဲ့လား မောင်မြင့်မြတ်ရယ်။ အဓိကက သားလေး ဘာမှမဖြစ်ရင် အန်ကယ်တို့ဘက်က အကုန်ကျေအေးပေးလိုက်ပါမယ်။ နေပါစေတော့"

"မရတော့ဘူး ဒေါက်တာ၊ အမှုက ကြီးတယ်ခင်ဗျ။ ဆေးခန်းမှာ တိုက်ကုလို့မရလို့ ဒီကိုပို့လိုက်ရတာ။ ဒေါက်တာအမှုမဖွင့်ရင်လည်း ကျွန်တော်ကတော့ မဖြစ်မနေ ဖွင့်ရမှာပဲ"

"အန်တီ. . . ဖိုးလ အခန်းပြောင်းပြီ"

"အေးအေး. . . သမီး"

ဒေါ်သော်တာ ခင်ပွန်းဖြစ်သူကိုတွဲလျက် ချိန့်သာနောက်ကို လိုက်သွားခဲ့၏။ မျက်နှာမှာ Plaster အပြည့်။ ခေါင်း၊ လက်၊ ခြေတို့မှာ ပတ်တီးအဖွေးသားဖြင့် သားဖြစ်သူက ကုတင်ထက်မှာ အသက်ကိုမျှင်းမျှင်းလေး ရှူနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုရဲအုပ်ကျော်စွာက ဒေါက်တာသစ္စာနှင့်အတူ အခန်းထဲဝင်ပါလာသဖြင့် မြင့်မြတ်ကပင် မျက်မြင်သက်သေပြု၍ အမှုဖွင့်ရလေ၏။ စစ်ချက်ယူပြီး ဒုရဲအုပ်ပြန်သွားမှ အခန်းထဲမှာ အသက်ရှုချောင်သွားကြသည်။ မြင့်မြတ်က လမင်းသာအခြေအနေကို သိချင်သေးသဖြင့် ဆက်စောင့်နေမိ၏။

လေးပင်သည့်မျက်ခွံတို့ကို အားယူ၍ ဖွင့်လိုက်၏။ ဘေးပတ်လည်မှာ ဝိုင်းကြည့်နေသည့်မျက်နှာများစွာကိုကြည့်၍ သူပြုံးပြလိုက်ပါသည်။

"သား သတိရလာပြီလား"

"ဟုတ်ကဲ့ ဒယ်ဒီ၊ ကျွန်တော် Accident ဖြစ်တာထင်တယ်။ အခု ဒယ်ဒီ့ Duty ပေါ့၊ ဟုတ်လား"

အားလုံး၏မျက်နှာမှာ အံ့အားတသင့်ဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားကြလေ၏။ မြင့်မြတ် ရှေ့ကိုတိုးရပ်လိုက်သည်။

"ညီ. . . ကိုယ့်ကိုမှတ်မိလား"

သူ မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။ တစ်ခါမှမမြင်ဖူးသည့်မျက်နှာကို စေ့စေ့ကြည့်နေပါသော်လည်း လုံးဝမှတ်မိခြင်းမရှိပေ။

"ဆောရီးပါနော်၊ ကျွန်တော် မသိဘူးခင်ဗျ"

"ဟယ်! ဖိုးလ၊ ငါ့ကိုရော"

"နင့်မျက်နှာကို ခွေးချီသွားတောင် မှတ်မိပါတယ် ချိုရာ"

"တော်ပါသေးရဲ"

မသက်မသာ ပြုံးလိုက်ကြသည်။ အပြုံးတွေထဲမှာ ထိုသူစိမ်းက လုံးဝမပြုံးနိုင်တော့ချေ။ လေးလေးသစ္စာက ခေါင်းကိုညိတ်ပြလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦး ဒေါက်တာ၊ ရွှေလေးအခြေအနေကို ပြန်ကြည့်ရဦးမှာမို့ပါ"

"ကောင်းပါပြီ မောင်မြင့်မြတ်၊ အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ် ခင်ဗျာ"

"ကိုမြင့်မြတ် အကြောင်းထူးရင် ချို့ကိုဖုန်းဆက်ပြောပါရှင်။ ဖုန်းနံပါတ်က ဝ၉ (. . . . . .) ပါ"

"ဟုတ်ကဲ့"

"အမယ်! ချို့ . . . နင့်အဆက်နဲ့ ငါ့ကိုမိတ်မဆက်ပေးဘူးလား"

"ဟဲ့!"

ချိုနဲ့သာ အလန့်တကြား ဟန့်တားလိုက်သဖြင့် လူကြီးတွေ ကျိတ်ရယ်လိုက်ကြသည်။ ဖိုးလကာတော့ ထင်ရာတွေ စွတ်ပြောနေပြန်ပါပြီ။ ဒေါက်တာကျော်သာ သားဖြစ်သူ၏လက်ဖျားလေးကို ခပ်တင်းတင်းဆုပ်ထားလိုက်၏။ တော်ပါသေးရဲ့။ ဘာမှဆိုးဆိုးရွားရွားမဖြစ်ပေလို့။

မြင့်မြတ် 'အေးရိပ်ငြိမ်' ကိုရောက်တော့ အထဲမှာ ဝုန်းဒိုင်းကြဲစစ်ပွဲ ဖြစ်နေဆဲ။

"ဘိုးဘိုးကိုမုန်းတယ်၊ ဘိုးဘိုးကိုမုန်းတယ် . . . အီး . . . ဟီးဟီး"

"မိလေး . . . နင့်သမီးပါးစပ်ကို ပိတ်ထားစမ်း"

အိမ်ထဲကိုဝင်လိုက်စဉ် အောက်ထပ်အိပ်ခန်းထဲမှာ ဒေါက်တာ ခင်သားခွေပါ ရောက်နေလေ၏။ ဧည့်ခန်းရှိခုံမှာ ထိုင်နေသည့် ဦးအောင်က ခန်းခနဲထရပ်လိုက်လေသည်။

"ဘယ့်နှယ်လဲဖျော၊ ဟိုကောင် အသက်မှထွက်ရဲ့လား"

www.burmeseclassic.com



"အသက်ထွက်သွားရင် ဘိုးဘိုးက အရင်ကြိုးစင်တက်ရမှာ"

"ဘာကွ! မြင့်မြတ်၊ မင်းကများ ငါ့ကို ဘယ်လိုလေသံ ဘယ်လို မျက်နှာထားမျိုးနဲ့ ပြောလိုက်တာလဲ။ မင်းမိဘတွေတောင် ငါ့ကိုမော်ကြည့် ရဲတာ မဟုတ်ဘူးကွ"

"ကျွန်တော်က ဦးတော်ဝင်မှ မဟုတ်ဘဲ ဘိုးဘိုးရဲ့"

"မင်း. . . မင်း"

"ကျွန်တော် ဘိုးဘိုးနဲ့စကားမများချင်ဘူး။ ဒီကိစ္စကို ရုံးတော်ကပဲ ဖြေရှင်းပေးလိမ့်မယ်။ ကျွန်တော် ဘာမှဆက်လုပ်စရာအကြောင်းမရှိတော့ ဘူး"

"အောင်မာ! ငါ့ကိုများ ခြိမ်းလားခြောက်လားနဲ့။ ဘာများမှတ်နေ လဲ။ မင်း အခုချက်ချင်းထွက်သွားစမ်း. . . မြင့်မြတ်"

"ဒါ ဦးမျိုးမြင့်ပိုင်တဲ့အိမ်ပါနော် ဘိုးဘိုး"

"မင်း. . . တောက်! မျိုးမြင့်. . . မျိုးမြင့်. . . ဒီအကောင်ကို လာ မောင်းထုတ်စမ်း"

"စိတ်ကိုလျှော့လိုက်ပါ ဖေဖေ။ ဒီလောက်ပြဿနာတွေ တက်နေ တာကို ရပ်သင့်ပြီ။ ဖေဖေ အိမ်ပြန်နားပါတော့"

"ကောင်းကွာ. . . ငါ မတော်ချင်တဲ့သားမက်ကတောင် မောင်း ထုတ်နေမှတော့ ဒီအိမ်မှာ တစ်စက္ကန့်မှ မနေဘူးဟေ့။ သွားမယ်"

"အဲဒီလိုတော့ မပြောပါနဲ့ဖေဖေရယ်၊ ဖေဖေ့မြေးဟာ ဖေဖေတို့ လက်ထဲမှာ ကြီးပြင်းခဲ့တာမှန်ပါတယ်။ ဒါပေမဲ့ အခု သူရှင်သန်နေရတာ သမီးမွေးတဲ့အသက်နဲ့ မဟုတ်ပါဘူး။ သားကိုလေး မွေးတဲ့အသက်နဲ့ပါ ဖေဖေရဲ့။ ဒီကလေးကို ဖေဖေ ခုလိုလုပ်လိုက်တာ ရွှေလေးကိုသေအောင်

www.burmeseclassic.com

www.burmeseclassic.com



သတ်လိုက်တာနဲ့ အတူတူပါပဲ"

"မိမိလေး. . . နင်ကပါ ထင်ရာစိုင်း မိုက်မဲလို့မဝသေးဘူးပေါ့လေ။ လင်နဲ့ပေါင်းပြီး ငါ့ကိုပြန်လှန်နေတယ်ပေါ့။ ဟုတ်လား"

"ဖေဖေရယ်"

"တော်တော်. . . ငါ့ကို အဖေလို့မခေါ်နဲ့။ ရင်နာလိုက်တာ. . . ရင်နာလိုက်တာ။ ဒီလောက်မိုက်မဲတဲ့သမီးမျိုး မွေးမိလိမ့်မယ်လို့ ထင်ကိုမထင်ခဲ့ဘူး. . . တောက်!"

ဦးသော်က အလုပ်သမားတွေနှင့်အတူ ပြန်သွားတော့မှ အိမ်ခန်းထဲ အမြန်ဝင်ခဲ့ကြ၏။

"ကိုကိုမြတ်. . . ကိုလေးရော. . . ကိုလေးရော"

"ဘာမှမဖြစ်တော့ပါဘူး ရွှေလေးရယ်"

မြင့်မြတ် ခေါင်းညိတ်ပြလိုက်၏။ ဪ. . . ရွှေလေးရယ်၊ ရွှေလေးရဲ့ကိုလေးက ဒီအဖြစ်အပျက်ကြီးကိုသာမက ရွှေလေးကိုပါ မေ့လျော့သွားပြီဆိုတာကို ကိုယ် ဘယ်လိုပြောရပါ့မလဲ။ ဘယ်လိုပြောရက်ပါ့မလဲကွယ်။

"သူ ဘာဖြစ်သွားသေးလဲ သား"

"ခြေတွေလက်တွေ ကျိုးတယ်၊ ခေါင်းပေါက်သွားတယ်"

"ကျွတ်! ကျွတ်! ကျွတ်! ဖြစ်မှဖြစ်ရလေ၊ အန်တီတို့ မနက်ဖြန်သွားကြည့်ကြရအောင်"

"မသွားပါနဲ့ အန်တီ၊ သွားလို့လည်း ဘာမှထူးလာမှာမဟုတ်လို့ပါ"

"ဟင်! ဘာဖြစ်လို့လဲ ကိုကိုမြတ်ရဲ့"

"ရွှေလေးရဲ့. . . ရွှေလေးရဲ့ကိုလေးက သူဖြစ်ပျက်ခဲ့တဲ့ဖြစ်အပျက်တွေအားလုံးကို အကုန်မေ့လျော့သွားရှာပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်! ဒါဖြင့်. . . ဒါဖြင့် ရွှေလေးကိုရော. . . ရွှေလေးကိုရော ငါ့ ကိုမြတ်"

"ကိုယ့်ကိုတောင် ဘယ်သူမှန်းမသိမှတော့"

"အို. . ."

"ဟယ်! သမီးရေ. . . သမီးရေ"

ပုံခနဲလဲကျသွားသည့်ရွှေလေးကို မြင့်မြတ် အမြန်ပွေ့လိုက်ရတော့ သည်။ ဩော်. . . ငယ်သူရဲ့နှလုံးသားလေးက ခံနိုင်ရည်နည်းရှာပြီပေါ့လေ

♡ ♡ ♡

www.burmeseclassic.com

www.burmeseclassic.com



အရိပ်လေး မြင်တွေ့ရုံနဲ့ ...
ကျေနပ်နှစ်သိမ့်စေနိုင်တာဟာ
နှစ်နှစ်ကာကာထားရှိတဲ့
ချစ်ခြင်းတွေကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အခန်းဝအကွယ် ပြတင်းပေါက်လေးမှ ချောင်းကြည့်နေမိ၏။ ကုတင်ထက် ထိုင်နေသည့်လူငယ်လေးက ဘေးနားမှာ ထိုင်နေသည့်မိန်းကလေး စိတ်ပေးနေသည့် ပန်းသီးစိတ်တို့ကို တစ်ခုပြီးတစ်ခု ယူစားနေ၏။ တစ်ချက်တစ်ချက် ရယ်မောလိုက်သဖြင့် ကြည်လင်တောက်ပနေသည့် အပြုံးပွင့်တွေကို မကြာခဏ မြင်နေရသည်။

ခြေထောက်မှာ ပတ်တီးစည်းထားရုံမှလွဲ၍ ကျန်တာ အကောင်းပကာတိဖြစ်နေလေပြီ။ မိန်းကလေး ဖွဲ့ထည့်ပေးသည့်ရေဖန်ခွက်ကိုယူသော အပြီးမှာ လက်ထဲသို့ စာအုပ်အထူတစ်အုပ် ရောက်သွား၏။ နှစ်ယောက်သား အပြန်အလှန် စာမေးကြ၊ ဖတ်ကြရင်း ဝန်းကျင်ကို မေ့လျော့ ဟန်လေးက ကြည်နူးဖွယ်ရာလေးပင်။

ထိန်းထားသည့်ကြားမှ မျက်ရည်တို့က ပိုးပိုးပေါက်ပေါက်ကျလာ၍ လက်ကိုင်ပဝါဖြင့် အမြန်သုတ်လိုက်စဉ် Corridor မှ လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည့် Duty Coat ဖြူဖြူနှင့်ဆရာဝန်ကြီးက မြင်သွားလေ၏။

"သမီး. . . ရွှေအဆင်း"

"ဘာဘာ"

"ဘာလာလုပ်တာလဲ သမီး။ တစ်ယောက်တည်းလား"

"ကိုကိုမြတ် ပါပါတယ်၊ အောက်မှာ ကျန်ခဲ့တယ်။ ရွှေလေး. . . ရွှေလေး. . . ကိုလေးကို ခဏလာကြည့်တာပါ"

"ဝင်တွေ့ချင်လား သမီး"

"ဟင့်အင်း. . . ဘာဘာ"

ဝင်တွေ့တော့ရော ဘာထူးမှာမို့လို့လဲ ဘာဘာရယ်။ ကိုလေးက ရွှေလေးကိုသိမှမသိတော့တာဘဲ။ ရွှေလေးနဲ့ပတ်သက်သမျှ ဘာဆိုတာမှ မမှတ်မိတော့တဲ့ ကိုလေးကို ရွှေလေး ဒုက္ခတွေ မပေးရက်ပါဘူး။

"သမီးပြန်တော့မယ် ဘာဘာ"

"အေးအေး. . . သမီး၊ ညနေ ဘာဘာ ဆက်ဆက်လာခဲ့မယ်လို့ ဖေဖေတို့ကို ပြောလိုက်နော်"

"ဟုတ်ကဲ့"

ခေါင်းလေးငုံ့၍ လှေကားမှ တဖြည်းဖြည်းဆင်းသွားသည့် မိန်းကလေး၏ကျောပြင်လေးကိုကြည့်ရင်း ဒေါက်တာသစ္စာ ခေါင်းကိုခါယမ်းလိုက်၏။ ပြီးလက်စနဲ့ ပြီးပါစေတော့လား ကလေးမလေးရယ်။

"ဟယ်! လေးလေးက ဘာဖြစ်လို့ အထဲမဝင်ဘဲ ဒီမှာရပ်နေရတာ"

"ပြော်. . . အေး. . . လာပြီ သမီးရဲ့"

"Good Morning... လေးလေး"



www.burmeseclassic.com

www.burmeseclassic.com



"Morning... ပါ သား။ ဘယ့်နှယ်လဲ၊ နေလို့ကောင်းရဲ့လား"

"ဟုတ်ကဲ့. . . ကောင်းပါတယ် လေးလေး၊ စာလည်း ပြန်ကျက်လို့ရနေပါပြီ"

"ကောင်းတယ်. . . ကောင်းတယ်၊ ဒါဆို မနက်ဖြန်ဖြစ်ဖြစ်၊ သန်ဘက်ခါဖြစ်ဖြစ် ဆင်းလို့ရပြီ"

"ဒယ်ဒီရော အလုပ်ပြန်ဆင်းပြီလား လေးလေး"

"လာကုန်မှ ပြန်ဆင်းမှာလို့ ဆေးရုံအုပ်ကြီးက ခွင့်ပေးထားတယ် သားရဲ့"

"ဗြော်"

"ညနေ သမီးတို့ပါ လိုက်ရမှာလား လေးလေး"

"အေး. . . ခုနကတောင် သူ လာသွားသေးတယ်"

"ဟင်! တစ်ယောက်တည်းလား။ တွေ့တောင်မတွေ့လိုက်ရဘူး"

"မြင့်မြတ် လိုက်ပို့ပေးတယ်ပြောတာပဲ သမီးရဲ့။ ကလေးလည်း သနားပါတယ်"

"ဘယ်သူလဲဟင် လေးလေး"

"ရွှေအဆင်းပါ၊ သား မသိပါဘူး"

"ရွှေအဆင်း. . . ဟုတ်လား၊ နာမည်လေးက လှလိုက်တာ၊ ထူးဆန်းဆန်းလေး"

ချိန့်သာက သူ့ကိုမျက်စောင်းလှည့်ထိုးလိုက်သဖြင့် သူ တီးတိုး လိုက်မိ၏။ ဤသူငယ်ချင်းမကတော့ ခုနောက်ပိုင်းမှာ သူ့ကို မျက်စောင်း ချည်း လိုမ့်ထိုးနေတော့တာပါပဲ။

ချို ပြန်သွားတော့မှ ကုတင်ထက် သူ အသာလှဲလိုက်ပါ၏။

www.burmeseclassic.com


စာအုပ်ကိုဖွင့်လိုက်စဉ် စာအုပ်ကြားထဲမှ သူ့လက်ကိုင်ပဝါအဖြူလေးက ထွက်ကျလာသည်။

ဗုဒ္ဓေါ်!. . .

လက်ကိုင်ပဝါမှာ သနပ်ခါးရနံ့လိုလို အနံ့သင်းသင်းဖျော့ စွဲနေပါလား။ သူ တအံ့တသြဖြစ်သွားရလေ၏။

♡

အိမ်ဝမှာ လာရပ်သည့်အရိပ်လေးကြောင့် ဒေါက်တာကျော်သာ သတင်းစာဖတ်နေရာမှ မော့ကြည့်လိုက်မိသည်။ ကျစ်ဆံမြီးအရှည်ကြီး ကျစ်ထားသည့်မိန်းကလေးက နှမ်းလျှလျှအပြုံးကို ပြုံးပြလေ၏။

"ဟယ်! သမီးလေးက ကျက်သရေရှိလိုက်တာကွယ်။ နာမည်ဘယ်လိုခေါ်သလဲ သမီး။ ဘယ်ကလာခဲ့တာလဲ"

"သမီးနာမည် ရွှေအဆင်းပါ အန်တီ။ ဘဘတို့နဲ့ လိုက်လာခဲ့တာပါ"

"ဝင်လာခဲ့လေ သမီးရဲ့"

မိန်းကလေးက မျက်ရည်တို့စို့ဝဲလျက် အိမ်ထဲသို့ ဖြည်းဖြည်းချင်း ဝင်လာလေ၏။ ဒေါက်တာကျော်သာ သတင်းစာကို စားပွဲပေါ်တင်၍ ထရပ်လိုက်သည်။

"သမီးကို ဦးဦးမှတ်မိပါတယ်၊ နေကောင်းသွားပြီပေါ့။ ဟုတ်လား သမီး"

ကလေးမလေးက ခေါင်းကိုအနိုင်နိုင်ညိတ်ပြရင်း ဒေါက်တာကျော်သာ့ရင်ခွင်ထဲ ပြေးဝင်၍ ငိုချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးရယ်. . . ကိုလေးက. . . ကိုလေးက. . . ရွှေလေးကို မမှတ်မိတော့ဘူးတဲ့"

"ဗုဒ္ဓေါ! ရွှေအဆင်းဆိုတာ သားရဲ့ညီမလေးပေါ့။ ဟုတ်လား သမီးလေး"

"ဟုတ်ပါတယ် အန်တီ"

"အို! ဖြစ်ရလေ သမီးရယ်"

ဒေါ်သော်တာ ကလေးမလေးကို နောက်ကျောမှ အသာဖွဖွဖက်ထားလိုက်မိ၏။ ဒေါက်တာကျော်သာက ရွှေအဆင်းခေါင်းခံစလေးများကို သပ်တင်ပေးလိုက်ပါသည်။

"အခိုက်အတန့်တစ်ခုပါပဲ သမီးရယ်၊ သူ တစ်နေ့ပြန်သတိရလာမှာပါ။ အဲဒီအချိန်ကို ဦးဦးတို့စိတ်ရှည်ရှည်နဲ့ စောင့်ကြတာပေါ့။ ကဲ! ထိုင်ပါ. . . သမီး. . . တိတ်ပါ။ သမီးကိုကြည့်ရတာ ပင်ပန်းလိုက်တာကွယ်"

အိမ်ထဲသို့ လူတစ်ပြုံကြီး ဝင်လာလေ၏။

ရွှေအဆင်းဘေးမှာ ဝင်ထိုင်လိုက်သည့်အမျိုးသမီးကိုကြည့်၍ ဒေါက်တာကျော်သာ အံ့သြသွားသည်။

"ဩော်. . . သမီးကိုခေါ်လာတဲ့ညက"

"အဲဒါ ကျွန်မ မဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်မရဲ့အမြွှာအစ်မပါ"

"ဟုတ်လား။ တော်တော်တူတာပဲ"

"ကဲ! ငါပဲမိတ်ဆက်ပေးမယ် ကျော်သာရေ။ သူတို့သားအမိကိုတော့ သိပြီးသားမို့ မိတ်ဆက်ပေးဖို့မလိုပါဘူး။ ဒါကတော့ ရွှေအဆင်းရဲ့မိဘတွေပါ။ ဦးမိုးမြင့်နဲ့ ဒေါ်မိမိလေးတဲ့"

"ဟုတ်ကဲ့. . . အခုလိုသိရတာ ဝမ်းသာပါတယ်"

www.burmeseclassic.com



"ဒါကတော့ သားလမင်းသာ၊ အင်း. . . သမီးတို့ခေါ်တဲ့ ကိုလေး ရဲ့မိဘတွေပေါ့။ ဒေါက်တာကျော်သာနဲ့ ဒေါ်သော်တာပါပဲ"

"ဟုတ်ကဲ့"

"ခဏနော်၊ ကျွန်မ တစ်ခုခုသွားပြီး. . ."

"နေနေ. . . အန်တီသော်၊ သမီးပဲ လုပ်လာခဲ့မယ်။ ဒီမှာ စကား ပြောင်းပြီးအောင် နားထောင်ပေးပါ"

"ကျေးဇူးပါပဲ သမီးရယ်"

ချိုနှံ့သာက နောက်ဖေးခန်းသို့ လှစ်ခနဲဝင်သွားလေ၏။ ရွှေလေးက ကိုလေးနှင့်ပတ်သက်၍ ဤမျှရင်းနှီးနေသည့် ချိုနှံ့သာကို ငေးနေမိရင်း စိတ်ထဲမှာ ဆို့နင့်ကြေကွဲနေတော့၏။ သြော်. . . ကိုလေးရယ်၊ ခုများတော့ သက်တူရွယ်တူ ယယ်ပေါင်းကြီးဖော် သူငယ်ချင်းနဲ့ စိတ်တူကိုယ်တူ ထပ်တူ ကျနေပြီပေါ့နော်။

"ကိစ္စက"

"ဒီလိုကျော်သာရေ၊ ပြီးခဲ့တဲ့အမှုကိစ္စနဲ့ပတ်သက်ပြီး မင်းတို့ တရား ခွဲပေးမယ့် မြင့်မြတ်ကတော့ ကြည့်ရှင်းပေးသွားခဲ့တာ မင်းတို့အသိပဲ။ ခုကိစ္စက မင်းတို့ ငါ့ဆီမှာရောင်းခဲ့တဲ့တိုက်နဲ့ခြံကို ပြန်ဝယ်ပေးတာကို ကျက်ခံပေးဖို့ လာပြောတာပဲ"

"ဗျာ!. . . ဘယ်လို"

"ဟုတ်ပါတယ် ဒေါက်တာ၊ ကျွန်တော်တို့မိသားစုကြောင့် ဒေါက် တာတို့မိသားစု အတော့်ကို ဒုက္ခရောက်ခဲ့ကြတာကိုသိရလို့ စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ သားကိုလေးဟာ ပင်ပင်ပန်းပန်းနဲ့အလုပ်လုပ်ပြီး ကျောင်း တက်တက်ခဲ့ရရှာတာ အင်မတန်သနားစရာကောင်းပါတယ် ခင်ဗျာ။ ဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆုံးရှုံးသွားတဲ့ငွေကြေးအပြင် နဂိုနေအိမ်ကိုပြန်ဝယ်ပေးပါရစေလို့ တောင်းပန်တာပါ။ ကျေးဇူးပြု၍ လက်ခံပေးစေချင်ပါတယ်ခင်ဗျာ"

"ဟာ. . . မဟုတ်တာ"

"ဟုတ်ပါတယ် မိရယ်၊ ပြီးတာတွေ ပြီးပါစေတော့။ ကျွန်မတို့လည်း ဒီမှာ နေသားကျနေပါပြီ"

"မငြင်းပါနဲ့လား ဆရာကတော်ရယ်၊ သားလေး ခေးရုံကဆင်းလာရင် သူမမှတ်မိတဲ့နေရာမှာ လာနေရမှာစိုးလို့ပါ။ ကျွန်မ အနူးအညွတ် တောင်းပန်ပါတယ်ရှင်။ လက်ခံပေးပါနော်"

"မဖြစ်ပါဘူးဗျာ၊ ဒီလောက်သိန်းချီတန်တဲ့ငွေတွေကို ဒီလိုအလကား ပေးတာမျိုး ကျွန်တော် လက်မခံပါရစေနဲ့"

ရွှေလေး တိုင်ခုံမှာထိုင်နေရာမှ ကော်ဖောပေါ် ဆင်းထိုင်၍ လက်အုပ်ချီလိုက်ပါသည်။ ဦးဦးနှင့်အန်တီက သူမကိုအံ့ဩလျက် ငေးကြည့်လိုက်ကြသည်။

"ရွှေလေး ရှိခိုးတောင်းပန်ပါတယ် ဦးဦးရယ်။ ရွှေလေးဟာ. . . ရွှေလေးဟာ ကိုလေးပေးတဲ့အသက်နဲ့ ဆက်ရှင်နေခဲ့တာပါ။ ဒါကိုအသိအမှတ်ပြုရင် ဖေဖေတို့ဆန္ဒကို လက်ခံလိုက်လျှောပေးပါရှင်။ ရွှေလေး အနူးအညွတ် တောင်းပန်ပါတယ်"

"သမီးရယ်"

"ကိုလေးကို သူ နေလက်စအိမ်မှာပဲ ဆက်နေပါစေ ဦးဦးရယ်. မဟုတ်ရင် သူပင်ပန်းခဲ့တာတွေကို ပြန်သတိရပြီး ဘိုးဘိုးကိုမုန်းတီးစိတ်နဲ့ ရွှေလေးကို. . . ရွှေလေးကိုပါ မုန်းသွားရင်"

"အို. . . သမီးကလည်း မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေလေး ကိုလေးမုန်းတာကိုတော့ မခံပါရစေနဲ့၊ ခုလိုအတိုင်းလေးပဲ မသိသလိုလေး နေနေရတာကိုပဲ ကျေနပ်လှပါပြီ"

မျက်ရည်စက်လက်လေးဖြင့် တောင်းပန်နေရှာသည့် သမီးလေးကို မကြည့်ရက်တော့ဘဲ ဒေါ်သော်တာ မွေ့ပိုက်ထားလိုက်မိသည်။

ဩော်. . . သမီးလေးခမျာ အသက်အရွယ်နှင့်မမျှအောင် ခံစားနေရရှာတာပါလား။

"သော်တာရေ့. . . ငါတို့နဲ့က ဘာမှပြဿနာမရှိဘူး။ အိမ်ဖိုးရှင်းပေးထားတဲ့ငွေတစ်ဝက်ကို ဘဏ်မှာ ဒီအတိုင်းပဲထည့်ထားတာ။ ပြန်ထုတ်သုံးလိုက်ရုံပဲ သိလား။ ဘာမှမဖြစ်ဘူး"

"ငါ အားနာပါတယ် ရှိစ်ရယ်"

"ဟဲ့! ငါတို့က ငယ်ပေါင်းတွေပါဟယ်။ အားနာစရာလား။ အရေးကြီးတာ နင်တို့မိသားစု အဆင်ပြေဖို့ အဓိကပဲ"

"အားလုံးကိုကျေးဇူးတင်ပါတယ်ဗျာ။ ဒါပေမဲ့ သစ္စာပြန်ရောင်းမယ့် ဆိုက်ဖိုးငွေကိုတော့ တန်ရာတန်ကြေး ပြန်ပေးပါရစေ"

"ငါ့သဘောကတော့ သူတို့သဘောအတိုင်းပဲပေါ့"

"မလုပ်ပါနဲ့ ဦးဦးရယ်၊ ရွှေလေးကိုသနားရင် ဒီတစ်ခုကိုတော့ လက်ခံပေးပါနော်"

"ကဲ! တော်ပါတော့ ကျော်သာရာ၊ ကြာရင် ကလေးမလေး လုံးလုံးပါးတော့မယ်"

ချိုနွံ့သာက လင်ပန်းဖြင့် လက်ဖက်ရည်နှင့်မုန့်များကို လာချပေးသည်။ ရွှေလေးက မေမေ့မျက်နှာကို မျက်နှာငယ်လေးဖြင့် မော့ကြည့်လိုက်သဖြင့် မေမေက သူမလက်ဖျားလေးကို ဆုပ်ကိုင်လျက် ဖေဖေနှင့်

www.burmeseclassic.com



မေမေကြားမှာ ထိုင်ခိုင်းလိုက်လေသည်။

"ဖိုးလလည်း မြန်မြန်နေကောင်းမှပါပဲ။ နို့မို့ ချို စာမေးရမယ့်လူ မရှိဘူး။ ချိုတို့အုပ်စုမှာ ဖိုးလက စာအတော်ဆုံး"

"ဟုတ်တာပေါ့၊ ခင်လေးခွေဆို အမြဲချိုးမွမ်းတာ။ သူ့တပည့်က အမွှန်းတင်လွန်းလို့ ငါတောင် ကြည့်မရတော့ဘူး"

"သမီးတို့လည်း ငယ်ပေါင်းကြီးဖော်တွေပါနော်"

"ဆဲမနာဆိုမနာလေ မိရဲ့။ သမီးချိုပဲ အမြဲအလျှော့ပေးခဲ့ရှာတာ"

"အင်းလေ. . . စိတ်တူကိုယ်တူဆိုတော့"

"အမယ်လေး! စိတ်တူကိုယ်တူ မဟုတ်ပါဘူး အန်တီရယ်။ တွေ့လိုက်တိုင်း နောင်ကျိန်ချနေတာ။ သူနဲ့တည့်တဲ့အချိန်ဆိုလို့ စာကျက်တဲ့ အချိန်ပဲရှိတာ"

"ဘာပဲဖြစ်ဖြစ်လေ၊ သမီးတို့က လူငယ်ချင်းလည်း ရင်းနှီးကြတယ် ဆိုတော့"

"မိ ကြည့်ရတာ သမီးနဲ့သားကို တစ်မျိုးယူဆထားသလိုပဲ။ သူတို့ နှစ်ယောက်က အရိုးသားဆုံးသူငယ်ချင်းတွေပါ မိရယ်။ တစ်မျိုးမထင်လိုက် ပါနဲ့။ ခင်းတို့နှစ်ယောက်က မိဘချင်း ရိုက်ပေးစားတောင် ခြေစုံကန်ပြီး ငြင်းမယ့်နှစ်ကောင်ပါ"

"ဩော်. . . မသိလို့ပါနော်၊ တောင်းပန်ပါတယ်"

"အန်တီက ညီမလေးနဲ့ဖိုးလကို သဘောမတူလို့လား"

"အာ. . . မမကလည်း"

မျက်နှာလေးရဲသွားသည့် ရွှေအဆင်းကိုကြည့်ပြီး လူကြီးတွေက သဘောကျစွာ ရယ်မောလိုက်ကြလေ၏။ ငိုထားသည့်မျက်နှာလေးက မှိုး



www.burmeseclassic.com

www.burmeseclassic.com



ဖောင်းဖောင်းလေးဖြစ်နေရာမှ ရှက်ပြုံးလေးကြောင့် ပါးချိုင့်လေးနှစ်ဖက်က ခွက်ခနဲချိုင့်ဝင်သွားလေသည်။ အင်မတန်ချစ်စရာကောင်းသည့် မိန်းကလေးပါလား။

♡ ♡ ♡

www.burmeseclassic.com

www.burmeseclassic.com



အဆုံး

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ...
ဘဝမှာ ...
တစ်ကြိမ်သာ ရင်ခုန်စေတာ
မဟုတ်ဘူး ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

သန့်ရှင်းသပ်ယပ်နေသည့် ခြံဝင်းလေးကိုကြည့်၍ စိတ်ချမ်းသာသွားရသည်။ တိုက်အိမ်ကို အစိမ်းနုရောင်ဆေးအသစ် သုတ်ထားတာမို့ သစ်လွင်တောက်ပနေလေ၏။ အိမ်လိုက်ကာတွေကိုလည်း အစိမ်းနုရောင်လေးတွေဖြင့်သာ တပ်ထားသည်မို့ သူ့အကြိုက်တွေဖြစ်နေလေသည်။ စာကြည့်ခန်းထဲမှာ ထားနေကျစာအုပ်ကို သူဝင်ယူ၍ အပေါ်ထပ်အိပ်ခန်းဆီ တက်လာခဲ့၏။ အခန်းထဲဝင်လိုက်သည်နှင့် ပြတင်းပေါက်မှ လေပြည်တစ်ချက်သွေးလိုက်သဖြင့် လိုက်ကာလေး လွင့်တက်သွားသည်။ လိုက်ကာကိုအသာဖယ်၍ စာကြည့်စားပွဲမှာ ထိုင်လိုက်၏။

စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသလိုပင်။ သူနေနေကျအခန်းဖြစ်ပေမယ့် စိမ်းသက်နေသည့်အလား။ အံဆွဲထဲမှ ဘောပင်ကတ်ကိုဆွဲထုတ်လိုက်စဉ် သော့တံလေးတစ်ချောင်းက ကြမ်းပြင်ပေါ် ဒေါက်ခနဲ လျှောကျသွားလေ၏။ သူကောက်ကြည့်လိုက်တော့ သူ့ဗီရိုသော့ ဖြစ်နေလေသည်။

www.burmeseclassic.com



မဟုတ်သေးဘူးထင်တယ်။ ဗီရိုသော့ကိုထားတာ ဗီရိုပေါ်မှာပဲဟာ။ ဘာတွေမှားနေတာလဲ။ ဗီရိုကို သော့တံဖြင့်ဖွင့်ကြည့်လိုက်တော့လည်း အဝတ်အစားတွေက ထားနေကျအတိုင်းပင်။

ရာသီဥတုက နည်းနည်းအေးလာတာမို့ Sweater နက်ပြာလေးကို ယူလိုက်စဉ် အရောတစ်ခုက လွင့်ကျသွားလေ၏။ Muffler တစ်ခုပါလား။ သူကောက်လိုက်တော့ အောက်ကြမ်းပြင်ပေါ်မှာ မှောက်လျက်လေးကျနေသည့် ကတ်ပြားလေးကိုတွေ့လိုက်ရ၍ ယူလိုက်သည်။

"သက်ဆိုင်သူအတွက်" တဲ့။

လက်ရေးဝိုင်းဝိုင်းလေးကြောင့် ချို့လက်ရေးမဟုတ်မှန်းသိ၏။ တစ်ခုခုတော့ မှားနေပြီထင်ပါရဲ့။ ဘာမှန်းသာ သေသေချာချာမသိတာ။

"သားရေ. . . ဆေးခန်းဖွင့်ပေးပါတဲ့။ ဒယ်ဒီ ရေချိုးနေပြီ"

"ဟုတ်ကဲ့ပါ မာမီ"

သူ အိမ်အောက်ကိုပြန်ဆင်း၍ ခြံထောင့်ရှိဆေးခန်းလေးကို တံခါးတွေ ပြတင်းပေါက်တွေ ဖွင့်လိုက်၏။ တံခါးတွေက အံသံတွေ တယ်မြည်လှချည်လား။ ဆီထည့်ရဦးမည်။ မှတ်တမ်းစာအုပ်ကိုလှန်လိုက်စဉ် သူ တအံ့တသြဖြစ်သွားမိ၏။

ဘုရားရေ! ဒီ Date တွေက လွန်ခဲ့သည့်နှစ်ကတည်းက Date တွေဖြစ်နေပါရောလား။ ဒီကြားထဲမှာ နောက်ဆုံးစာရွက်ကိုလည်း ဖြဲထားလိုက်သေးသည်။

နာခေါင်းဝမှ သနပ်ခါးရနံ့ကြောင့် သူလှည့်ကြည့်လိုက်မိတော့ ဆေးခန်းဝမှာ မိန်းကလေးတစ်ယောက် ရပ်နေလေ၏။ သူ့ကိုနှစ်လိုဖွယ်ပြုံးပြလိုက်သဖြင့် သူမမျက်နှာထက်မှ ပါးချိုင့်လေးက ခွက်ခနဲပေါ်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာလေးပါလားနော်။ သူ အလိုက်သင့် ပြန်ပြုံးပြလိုက်၏။

"ခဏစောင့်ပါနော်၊ ဒယ်ဒီရေချိုးနေလို့ပါ။ ပြီးရင် လာပါလိမ့်မယ်"

ကောင်မလေးက ခေါင်းကိုညိတ်ပြလိုက်ပြီး ခုံတန်းမှာ ဝင်ထိုင်လိုက်လေသည်။ သူ မှတ်တမ်းစာအုပ်ကို မျဉ်းသားအကွက်ချ၍ Date တပ်လိုက်ပြီး၊ အမှတ်စဉ် (၁) ရေးလိုက်၏။

"နာမည်ပြောပါ"

ကောင်မလေးက ဘာမှပြန်မပြောဘဲ ခုံမှထလာကာ နာမည်နေရာမှာ လက်ရေးဝိုင်းဝိုင်းလေးဖြင့် ချရေးလိုက်လေ၏။

"ရွှေအဆင်း"

"အသက် (၁၈)နှစ်"

ရွှေအဆင်းဆိုပါလား။ ဒီနာမည်လေးကို ကြားဖူးပါတယ်။ ဘယ်မှာ ကြားဖူးတာပါလိမ့်။ သူ ဇဝေဇဝါတွေးလိုက်ပါသော်လည်း ဦးနှောက်က စဉ်းစားမရ။

"သားရေ. . . အဖျားတိုင်းစရာရှိတာ တိုင်းထားနှင့်နော်။ ဒယ်ဒီ အဝတ်လဲပြီး လာခဲ့မယ်"

"ဟုတ်ကဲ့ ဒယ်ဒီ"

ဒယ်ဒီ လှမ်းအော်လိုက်တာကို ပြန်ဖြေလိုက်ပြီး ကောင်မလေးကို ခေါင်းညိတ်ခေါ်လိုက်၏။ ပုံစံက ပိန်ပိန်သွယ်သွယ်လေးနှင့် သနပ်ခါး ကွက်ကြားလေးကြောင့် ဖျားပုံမရပါ။

"ကုတင်ပေါ်ထိုင်ပါ၊ ဘာဖြစ်လဲ"

ကောင်မလေးက သူ့ကိုခေါင်းခါပြလိုက်လေ၏။ နို့ကွပါပဲ၊ စကား မပြောတတ်တဲ့ထင်တယ်။ တစ်ယောက်တည်း ဆေးခန်းလာပြရတယ်ဆို

www.burmeseclassic.com

www.burmeseclassic.com


Thermometer ဖြင့် စမ်းကြည့်တော့လည်း အဖျားက လုံးဝရှိမနေချေ။

"အဖျားတော့မရှိဘူး။ ပြောပါဦး. . . ခေါင်းမူးတာလား၊ ဗိုက်အောင့်တာလား"

ကောင်မလေးက သူ့ကိုမျက်လုံးဝိုင်းလေးဖြင့် မော့ကြည့်နေသဖြင့် ရင်ထဲမှာ တစ်မျိုးလေးဖြစ်သွားမိသည်။ အင်း. . . ဦးနှောက်မပြည့်တဲ့ပုံ မပေါ်တ်လို့ တော်ပါသေးရဲ့။

"တစ်ခုခုဖြစ်လား. . . ခေါင်းမူးလား"

ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်သဖြင့် သူပြုံးပြလိုက်မိ၏။ ဒီအနီးအနားတစ်ဝိုက်ခြိကပဲ ထင်ပါရဲ့။ နေတော်တော်စောင်းနေပြီမို့ အန္တရာယ်ရှိနိုင်တာကို မတွေးမိဘူးလား ချာတိတ်မလေးရယ်။ သူ ဒယ်ဒီ့ဆေးဗီရိုထဲမှ မြန်မာဆေးဘူးတွေကြားထဲမှာ ရှာလိုက်၏။ လူပုံတော်ပတ္တမြားသွေးဆေးဘူးသေးလေးကိုယူ၍ ကောင်မလေးလက်ထဲသို့ ထည့်ပေးလိုက်သည်။

"ခေါင်းမူးတာ ဒါလေးသောက်ပြီး အိပ်နော်၊ ကဲ! ပြန်လို့ရပါပြီ"

သူ အရှေ့စားပွဲမှာထိုင်လိုက်တော့ ကောင်မလေးက သူ့ရှေ့မှာ သာရပ်ပြန်၏။ အင်း. . . ဆေးဖိုးပေးမလို့ထင်ပါရဲ့။

"ဆေးဖိုးပေးမလို့လား"

ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြန်၏။ သူ အံဆွဲကြီးထဲမှ သစ်သားသေတ္တာလေးကိုယူ၍ဖွင့်ကာ စားပွဲပေါ်တင်လိုက်ပါသည်။

"ဆေးဖိုးက စေတနာရှိသလောက်ပဲ ထည့်ရတာ။ မထည့်လည်းတယ်၊ ဘာမှမဖြစ်ဘူးသိလား။ ပြန်တော့နော်. . . မှောင်ရင် မင်းအတွက် အန္တရာယ်ရှိတယ်"

သူ့မခေါင်းလေး ခပ်သွက်သွက်ညိတ်လိုက်ပြီး လက်ထဲဆုပ်ထား


www.burmeseclassic.com

www.burmeseclassic.com



သည့်ပိုက်ဆံလိပ်လေးကို သူ့မှတ်တမ်းစာအုပ်ပေါ် တင်ပေးလျက် ဆေးခန်းထဲမှ ထွက်သွားတော့သည်။ သူ ပိုက်ဆံလိပ်လေးကို ဖြန့်ကြည့်တော့ ငါးရာတန်သုံးရွက်ဖြစ်နေလေ၏။ များလိုက်တာ။ သူပြန်လိုက်ပေးရန် ထထွက်လိုက်တော့ လမ်းမမှာ အရိပ်အယောင်မျှ မမြင်ရတော့ချေ။ (၁၅၀၀) တောင်ပါလား။ ဘာအဓိပ္ပာယ်လဲ မိန်းကလေးရယ်။

"သားရေ. . . နောက်မှာ လူနာတွေ ဒီလောက်ပုံနေတာ လမ်းမကြီးကိုငေးနေပြီး ဘာတွေ ရွေးနေတာလဲ"

သူ အလန့်တကြားဖြင့် လှည့်ကြည့်လိုက်တော့ ဟုတ်ပါရဲ့။ လူနာတွေရောက်နေတာ တော်တော်များနေပါရောလား။ ကမန်းကတမ်း လူနာစာရင်းကိုအမြန်လုပ်လိုက်ရင်း ရှက်ပြုံးတစ်ချက် ပြုံးလိုက်မိသည်။ ကိုယ်တော့ ခက်နေပြီထင်ပါရဲ့ ပါးချိုင့်လေးရယ်။

ညခုနစ်နာရီထိုး ဆေးခန်းပိတ်ချိန်အပြီးမှာ ထမင်းစားကြစဉ် မာမီထံမှ မေးသံထွက်လာ၏။

"သား ဘာဖြစ်နေတာလဲ"

"ဗျာ"

"အေး. . . ခုန ဆေးခန်းမှာလည်း ဒီလိုပဲ စိတ်နဲ့လူနဲ့ မကပ်ဘူး။ သားနော်. . . စာမေးပွဲနီးနေပြီ၊ အတန်းကြီးမှ စပ်ပလီထိရင် မကောင်းဘူး"

"အာ! ဒယ်ဒီကလည်း ကျွန်တော် ဒီလောက်ထိ ဖြစ်စရာအကြောင်း မရှိပါဘူး"

"ဒါဖြင့် မျက်နှာက တစ်မျိုးဖြစ်နေတာ ဘာကြောင့်လဲ"

သူ လှစ်ခနဲပြုံးလိုက်သဖြင့် မာမီက သူ့ကိုမျက်စောင်းခဲလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကြည့်ပါလား. . . ပြုံးစိစိနဲ့ ရုပ်ကိုက မဟုတ်တာလုပ်တော့မယ့် ပုံမျိုး"

"ဟာ. . . မာမီကလည်းဗျာ"

"ဘာ မာမီကလည်းလဲ၊ မိဘတွေကို ဖုံးမထားနဲ့နော်။ အသက်က ငယ်တော့ဘူး"

"ဘာမှမဟုတ်ပါဘူး မာမီရဲ့။ ဟို. . . ခုနက ဆေးခန်းကို ကောင် မလေးတစ်ယောက် ရောက်လာတယ်။ အဲဒါ"

"ဟော့ကောင်! ဆရာဝန်တွေရဲ့ကျင့်ဝတ် ထုံးတမ်းစဉ်လာကို မမေ့ ဘူးလေ"

"ဒယ်ဒီကလည်း ကျွန်တော်မှ ဆေးမကုရသေးတာကို"

"ဒါပေမဲ့ မင်းကုသပေးနေတာပဲ မဟုတ်လား"

သူပြုံးလိုက်မိပြန်သဖြင့် မာမို့ထံမှ အသံထပ်ထွက်လာပြန်၏။ ဒက္ခ ပဲ၊ မာမီကတော့ သူ့ကို မျက်စိဒေါက်ထောက်ကြည့်နေပါရောလား။

"ဟောကြည့်. . . ပြုံးပြန်ပြီ"

"ဟင်းဟင်း. . . ကောင်မလေးက ချစ်စရာလေး မာမီရဲ့။ ပါးချိုင့် လေး နှစ်ဖက်စလုံးပါတယ်။ ဆံပင်ကလည်း အရှည်ကြီးပဲ။ အဖျားလည်း ရှိဘဲ ဆေးခန်းလာပြတာ။ ခေါင်းမူးတယ်ဆိုလို့ ပတ္တမြားသွေးဆေးဘူးပဲ ပေးလိုက်တယ်။ အဲဒါ ဆေးဖိုးဆိုပြီး ကျွန်တော့်ကို ပိုက်ဆံပေးသွားလို့"

ဒေါက်တာကျော်သာတို့ဇနီးမောင်နှံ တစ်ယောက်ကိုတစ်ယောက် ကြည့်၍ ပြုံးလိုက်မိ၏။

"ဘယ်လောက်များ ပေးခဲ့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com


"ထောင့်ငါးရာ"

"ဟာ! များလှချည်လား"

"အဲဒါကြောင့် ကျွန်တော် ပြန်ပေးလိုက်မလို့ အပြင်ကိုရောက်တုန်း ဒယ်ဒီက နောက်ကရောက်လာတာလေ"

"မဟုတ်မှလွဲရော၊ ဒီကောင်မလေး ငါ့သားကို လာဖို့တာပဲဖြစ်မှာ"

"ဟာဗျာ. . . ဒယ်ဒီကလည်း ကောင်မလေးက ရိုးရိုးသားသားပါ။ နာမည်လေးကလည်း ချစ်စရာလေး. . . ရွှေအဆင်းတဲ့"

ဒေါက်တာကျော်သာ ခေါင်းကို တဆတ်ဆတ်ညိတ်နေတော့သည်။ အင်း. . . သားတော့ သူ့ချစ်သူကို ဒုတိယအကြိမ် ပြန်ပိုးခန်း စပါပြီကော။

သူ အပေါ်ထပ်ပြန်တက်ခဲ့ပြီး ပိုက်ဆံအသစ်သုံးရွက်ကို ဒိုင်ယာရီ စာအုပ်ထဲ ညှပ်ထည့်လိုက်စဉ် သူလုံးဝမမှတ်မိနေသည့် နေ့စွဲပေါင်းများစွာ နှင့် သူ့လက်ရေးတို့ကို မြင်လိုက်ရလေ၏။

14.Nov.2004

အင်မတန် ကျက်သရေရှိတဲ့ မိန်းကလေးကို တွေ့ခဲ့ရတယ်။ လှလိုက်တာ မိန်းကလေးရယ်။

15.Nov.2004

မယုံနိုင်စရာဘဲ၊ ဒယ်ဒီကပေးတဲ့ကောင်မလေး အောက်ပိုင်းသေ သွားတယ်။ ဒယ်ဒီ့ကို သူတို့တရားစွဲမယ်ပြောတော့ ဒယ်ဒီ Shock ဖြစ် ပြီး Coma ရောဂါရှင်တစ်ယောက်ဖြစ်သွားရပြီ။ လုပ်ရက်လိုက်တာ ကံ ကြမ္မာရယ်။


www.burmeseclassic.com

www.burmeseclassic.com



31.Dec.2004

တရားရုံးစဉ်မှာ ရူးစိုက်ကြည့်လိုက်တဲ့ ဘိုးဘိုးဦးသော်ကရဲ့မျက်လုံးတွေက သိပ်ကြောက်ဖို့ကောင်းတာပဲ။ သူ့အကြည့်တွေအောက်မှာ လောင်ကျွမ်းပြာကျမတတ် ငါခံစားခဲ့ရတယ်။ ဘိုးဘိုးရယ်. . . ကျွန်တော့်မှာက အားကိုးရာမြင်းမိုရ်တောင်ကြီး ပြိုခဲ့ရတာပါဗျာ။

14.Dec.2005

ညီမလေးရဲ့အသက်ကို မထင်မှတ်တဲ့ ကယ်ခွင့်ရခဲ့တယ်။ ညီမလေးငါ့ကို တော်တော်ခင်တွယ်သွားရှာတယ်။

17.February.2005

ညီမလေးက သိပ်သနားဖို့ကောင်းတယ်။ Wheel Chair လေးနဲ့အမြဲနေရတာလေ။

21.March.2005

စာမေးပွဲရှိလို့ မလာဖြစ်တာနဲ့ ညီမလေးက ငိုတယ်တဲ့။ ငါစိတ်ကောင်းလိုက်တာ။

23.October.2006

ညီမလေးက ငါ့နှလုံးသားကိုတောင်းတယ်။ ငါဝမ်းသာလိုက်တာ။ ခင်းအတွက်ဆိုရင် ကိုယ်ပိုင်ဆိုင်သမျှအရာအားလုံးကို ပေးလိုက်ချင်တာပါကွယ်။ ချစ်သူဖြစ်တဲ့အထိမ်းအမှတ်အဖြစ် ငါ့အင်္ကျီအိတ်ကပ်ထဲက ကြယ်



www.burmeseclassic.com

www.burmeseclassic.com



သီးလေးကိုဖြုတ်ပေးခဲ့တယ်။ ညီမလေးမျက်နှာမှာ မျက်ရည်တွေပြည့်လို့။

စာအုပ်က ပြီးဆုံးနေလေပြီ။ ညီမလေးတဲ့။ သူ လုံးဝသတိမရတဲ့ ကာလတွေမှာ ချစ်သူတစ်ယောက်ရှိခဲ့ပါလား။ အဲဒီချစ်သူဟာ Wheel Chair လေးနဲ့ အောက်ပိုင်းသေနေတဲ့မိန်းကလေး ဖြစ်နေပါရောလား။ ပျောက်ဆုံးနေတဲ့အတိတ်ကို သူပြန်ရှာဖွေရဦးမည်။

ဩော်. . . ညီမလေးဆိုတဲ့ မိန်းကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်က ...

တစ်ခါတစ်ရံ ...

လှည့်စားတတ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ကျောင်းဆင်းတော့ ချိုနှင့်အတူ ဈေးတစ်ပတ်လှည့်ဝယ်ကြပြ အရုပ်ကောင်တာရှေ့မှာ ကျစ်ဆံမြီးနှစ်ဖက်ကျစ်ထားသည့် တရုတ်မအရုပ်လေးကို သူလှမ်းကြည့်ရင်း ပြုံးလိုက်မိသည်။ ပါးချိုင့်လေးနဲ့ တော်တော်တူတာပဲ။

"ဟဲ့! ဘာကို သဘောတကျကြည့်နေတာလဲ"

"ဟိုအရုပ်ကလေးကိုပါ"

"မကြီးမငယ်နဲ့ ဖိုးလရယ်"

"နင် ငါ့ကိုမွေးနေ့လက်ဆောင် ဝယ်ပေးမယ်ဆို။ အဲဒီအရုပ်လေးပဲ ဝယ်ပေးတော့"

"ဟယ်! နင်ပဲ Pressure Cap ယူမှာဆို"

"နေပါစေ၊ အဲဒါ လေးလေး ဝယ်ပေးလိမ့်မယ်။ ဒါပဲဝယ်ပေးဟာ"

"ဩော်. . . ဖိုးလရေ့ဘာ မဟုတ်တော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချိုက ကောင်တာမှာ အရုပ်လေးကို Packing ထုပ်ခိုင်းနေစဉ် သူ့နောက်ပါးမှ သနပ်ခါးနံ့က မွှေးကြိုင်သွားသဖြင့် လှည့်ကြည့်လိုက်မိ၏။ အို! ရွှေအဆင်းပါလား။ သူမက စက်လှေကားမှဆင်းရန်ပြင်နေသဖြင့် သူ့ခြေထောက်တွေက အလိုလိုလိုက်မိပြီးသား ဖြစ်နေလေ၏။

"ရွှေလေး. . . ရွှေလေး"

လူတစ်ယောက်က သူမကိုလှမ်းခေါ်လိုက်ပြီး သူမ၏လက်ဖျားလေးကို လှမ်းကိုင်လိုက်လေ၏။ ထိုလူကို သူမြင်ဖူးသလိုရှိနေသဖြင့် ငေးနေချိန် ချိုက သူ့လက်မောင်းကို လာဆွဲလေသည်။

"ဝယ်ဖို့မကျန်တော့ဘူးမဟုတ်လား။ လာ. . . သွားစို့"

သူ ခြေလှမ်းကိုသွက်သွက်လှမ်း၍ စက်လှေကားမှဆင်းလိုက်စဉ် သူမတို့နှစ်ယောက်က အောက်ကိုပင် ရောက်သွားလေပြီ။ ကားတံခါးကို ဖွင့်၍ သူမကိုတက်စေပြီး တံခါးပြန်ပိတ်နေချိန်၌ ချိုက မြင့်မြတ်ကိုတွေ့သွားလေ၏။

"ကိုမြင့်မြတ်"

"ဩော်. . . မချိုနဲ့သာ"

"ညီမလေး ပါလာလား"

"ဟုတ်ကဲ့"

ချို့အသံကြောင့် ကားပြတင်းမှ ခေါင်းလေးပြူထွက်လာ၏။ ညီမလေးတဲ့။ ချိုက ရွှေအဆင်းကို ညီမလေးလို့ခေါ်လိုက်တာပါလား။ သူ့မျက်နှာထက်မှ အပြုံးတစ်ပွင့်ဖြစ်ပေါ်လာ၏။

"ပြန်တော့မှာပေါ့. . . ဟုတ်လား"

သူမ ခေါင်းညိတ်ပြလိုက်၏။ ချိုက အိတ်ထဲမှပန်းသီးခပ်ကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကိုနိုက်၍ သူ့မလက်ထဲကို ထည့်ပေးလိုက်လေသည်။

"ညီမလေး စားဖို့နော်၊ အားရင် လာလည်ဦးလေ"

"ကျွန်တော်တို့ သွားလိုက်ပါဦးမယ်ခင်ဗျာ"

"ဟုတ်ကဲ့"

သူတို့ရှေ့မှ ကားလေး လျှောခနဲထွက်သွားလေ၏။ သူ ခဏမျှ

ကြည့်နေမိသည်။ ရင်ထဲမှာ ဘယ်လိုဖြစ်မှန်းကို မသိနိုင်တော့။

"သွားမယ်လေ ဖိုးလ"

"ဟင်. . . အင်းအင်း"

ကားပေါ်ကိုတက်လိုက်ရင်း မျက်မှောင်ကို ကြုတ်ထားလိုက်မိ

သူမတို့နှစ်ယောက်က ဘယ်လိုများ ပတ်သက်နေတာပါလိမ့်။ နှစ်ယောက်

စလုံးကို တစ်နေ့ရာရာမှာ ရင်းနှီးခဲ့ဖူးသလိုလို။ သိပ်မသေချာ။

"ဘာတွေ စဉ်းစားနေတာလဲ"

"ပါးချိုင့်လေး"

"ဟဲ့! ဘာပါးချိုင့်လေးလဲ"

"ဟိုဟာပါ၊ ခုနပါးချိုင့်လေးနဲ့ကောင်မလေးကို ငါမြင်ဖူးတယ်"

"ဘယ်တုန်းကလဲ"

"ဟိုတလောက ဆေးခန်းလာပြတယ်။ သနားပါတယ် ချိုရယ်

သူ့ခမျာ ရုပ်ကလေး ချစ်စရာကောင်းသလောက် စကားမပြောတတ်

ဘူး"

"ဘယ်လို"

"ဟင်! နင် ဒါတောင်မသိဘူးလား ချိုရာ"

ချိုနွံသာက ဟက်ဟက်ပက်ပက် ရယ်ချလိုက်၏။ ဩော်. . .



www.burmeseclassic.com

www.burmeseclassic.com



လ. . . ဖိုးလ. . . သူ့ရင်ခုန်ခဲ့ဖူးတဲ့ မိန်းကလေးကိုများ အသနားတွေ ပို နေလိုက်တာ။ အနံ့တိုတို့ပြောထား၍သာ သူ့ကို ဘာမှပြန်မပြောဖြစ်တော့ ဘဲ ငြိမ်နေလိုက်သည်။ အင်း. . . ဒီကောင် ဘာဆက်လုပ်မလဲဆိုတာသာ စောင့်ကြည့်ရဦးမှာပါပဲ။

သူအိမ်ပြန်ရောက်တော့ ချိုပေးလိုက်သည့်အရုပ်လေးကို ဗီရိုထဲ ထည့်သိမ်းလိုက်စဉ် ပရုတ်နံ့သင်းနေသည့် Sweater အဖြူလေးကိုမြင် လိုက်ရ၏။ ကတ်ပြားဖြူဖြူလေးမှာ ရေးသားထားသည့် လက်ရေးဝိုင်းဝိုင်း လေးများကို တွေ့ရပြန်သည်။

'သက်ဆိုင်သူအတွက်

မွေးနေ့လက်ဆောင်' ဆိုပါလား။

ဒါ ဘယ်သူလာပေးသွားတာပါလိမ့်။ သူ အင်္ကျီကိုင်၍ ထွက်ခဲ့စဉ် မာမီက လှေကားမှ တက်လာ၏။

"မာမီ. . . ဒါ ဘယ်သူလာပေးသွားတာလဲဟင်"

"လူကြုံနဲ့လာပေးတာပဲ သား့ရဲ့။ မာမီလည်း ဘယ်သိမှာလဲ"

"ကျွန်တော့်မှာ ဒီလက်ရေးနဲ့ ပစ္စည်းနှစ်ခုရှိနေပြီ မာမီ"

"ဟုတ်လား. . . သားအသိထဲကပဲ ဖြစ်မှာပေါ့။ ကဲကဲ. . . ရေမြန် မြန်ချိုးလေ။ သားဒယ်ဒီပြန်လာရင် ဆေးခန်းကို အဆင်သင့်ဖွင့်ပြီးသား ဖြစ်ပါစေ"

"ဟုတ်ကဲ့ပါ မာမီ"

သူ ရေချိုး၍ အဝတ်အစားလဲပြီး ဆေးခန်းတံခါးတွေကို ဖွင့်လိုက် စဉ် ပါးကွက်ကျားနှင့် ကလေးမလေးကို မြုန်းစားကြီးတွေ့လိုက်ရလေ၏။

"ဟောဗျာ! အစောကြီးရောက်နေတာလား။ ဘာဖြစ်ပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ခေါင်းညိတ်ပြပြီး သူမခြေထောက်ကို လက်ညှိုး ထိုးပြလိုက်လေ၏။ ကြည့်စမ်း! ခြေခေါက်လဲထားတာနဲ့ တူပါရဲ့။ တော်တော် ရောင်နေတာပါလား။

"လာလာ. . . ဆေးလိမ်းပြီး စည်းပေးလိုက်မယ်"

သူ အတွင်းခန်းလိုက်ကာကို မ၍ သူမကိုခေါ်ကာ ကုတင်ထက် ထိုင်စေလိုက်သည်။ ဒဏ်ကြေလိမ်းဆေးကို အသားထဲစိမ့်ဝင်အောင် ဆေ ချာလူးပေးပြီး ပတ်တီးဖြူဖြင့် သေချာကျစ်ကျစ်လေး စည်းပေးလိုက် သည်။ ဗေစင်မှာ လက်ဆေးနေစဉ် သူမက ကုတင်ထက်မှ အောက် လျှောဆင်းလိုက်လေ၏။

"အာ. . . လိမ့်ကျတော့မှာပဲ။ ဖြည်းဖြည်းဆင်း"

သူအနီးသို့ရောက်သွားစဉ် နာနေသည့်ညာခြေကို ထောက်လိုက် သဖြင့် သူမက သူ့ကိုလှမ်းဆွဲလျက် ရင်ခွင်ထဲ ထွေးခနဲ လဲကျလေ အဆမတန်ခုန်ပေါက်လာသည့် ရင်ခုန်သံတို့နှင့်အတူ သူမကို သူငုံ့ကြ နေမိသည်။ ထူးဆန်းလိုက်တာ။ ဒီမိန်းကလေးဟာ သူ့ကိုရင်ခုန်သံ မြန်လာစေပါလား။

ရှေ့စားပွဲမှာထိုင်၍ အရောင်ကျစေရန်နှင့် အကိုက်အခဲပျောက်ဆေး ကို တွဲပေးစဉ် သူမလက်ထဲမှ ပိုက်ဆံလိပ်လေး ရောက်လာပြန်သည်။

"မယူတော့ဘူးနော်၊ မင်း ဆေးခန်းလာပြတာ ဘာမှကုန်ကျ မဟုတ်ဘူး။ ဟိုနေ့ကတည်းက ကိုယ်ပြန်လိုက်ပေးဖို့ကြည့်တာ မင်း မတွေ့တော့လို့။ ကဲ! ရော့. . . ပြန်ယူသွားလိုက်ပါ"

သူက ကောင်မလေးငွေကိုပါမကာ အိတ်ထဲမှ ငွေငါးတန်နှင့် တန်ကိုပါ ပြန်ပေးလိုက်တော့ ကောင်မလေး၏ အင်္ကျီတန်လှပလွန်းသည်

www.burmeseclassic.com



မျက်ဝန်းများထဲမှ မျက်ရည်တို့ ပြည့်လျှံကျလာလေတော့သည်။

"ဟာ! မငိုရဘူးလေ၊ ခုက္ခပါပဲ"

သူအမြန်ထရပ်လိုက်ပြီး လက်တို့က မရည်ရွယ်ပါဘဲ သူမ၏မျက်ရည်တို့ကို သုတ်ပေးမိလျက်သား ဖြစ်နေ၏။

"မငိုနဲ့လေ၊ ကိုယ်က စေတနာနဲ့ပြောတာပါ မိန်းကလေးရယ်။ ခုလို မင်းငိုတော့ ကိုယ် ဘယ်စိတ်ကောင်းမှာလဲ. . . တိတ်တိတ်"

သူချော့လေ ကောင်မလေးက ပိုငိုလေဖြစ်နေသဖြင့် ဘာလုပ်ရမယ်မှန်းမသိဖြစ်နေစဉ် ဆေးခန်းထဲသို့ မာမီဝင်လာလေ၏။

"ဟယ်! သမီးလေးက ဘယ်နှယ့် ငိုနေတာတုန်း။ သားက ဘာပြောလိုက်လို့လဲ"

"ဘာမှမပြောပါဘူး မာမီ၊ ဆေးဖိုးငွေပြန်ပေးတာကို ဝမ်းနည်းပက်လက်ငိုချလိုက်လို့. . . အဲဒါ"

"လာလာ. . . သမီး။ အန်တီနဲ့ အိမ်ထဲလိုက်ခဲ့။ အပြင်မှာ လူတွေရောက်လာပြီ။ မြင်ကုန်ရင် ရှက်စရာကြီး။ ကြည့်ပါဦး. . . သနပ်ခါးတွေလည်း ပျက်ကုန်ပါပြီ"

"မြန်မြန်ခေါ်ပါ မာမီ၊ သူ့ခြေထောက် နာနေတယ်"

နောက်ပေါက်မှထွက်သွားသည့်မာမီက သူ့ကိုအကဲပိုရန်ကောဟုမျက်စောင်းလှည့်ထိုးလိုက်သဖြင့် သူငြိမ်နေလိုက်ရ၏။ ခုက္ခပါပဲ. . . မာမီကလည်း ခုတလော သူ့ကိုတော်တော်ကြည့်မရဖြစ်နေပါလား။

ဒယ်ဒီရောက်လာတော့ ဆေးခန်းမှာ အလုပ်ရှုပ်သွားသဖြင့် သူအားတော့။ ဆေးခန်းရှေ့မှာ ရပ်လာသည့်ကားပေါ်မှ လူတစ်ယောက်ဆင်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီ"

"ဗျာ"

"ကိုယ့်ညီမလေး ပြန်သွားပြီလား"

"ညီမလေး"

သူ့ရင်ထဲ ဒိန်းခနဲမြည်ဟီးလျက် ညီမလေးဟူသည့်အမည်ကို ထပ်ခါထပ်ခါ ရေရွတ်နေမိသည်။ ထိုလူက သူ့ကိုပြုံးပြလေ၏။

"ကိုယ့်ညီမလေး ခေါ်ခါက်သွားလို့ ဒီဆေးခန်းမှာ လာပြတာလေ နာမည်က ရွှေအဆင်းတဲ့"

"ဪ. . . အိမ်ထဲဝင်သွားလိုက်ပါ အစ်ကို။ သူငိုနေလို့ မာမီခေါ် သွားတယ်။ အထဲမှာရှိမှာပါ"

"ကျေးဇူးပဲနော်"

"ရပါတယ် ခင်ဗျာ"

လူနာနည်းနည်းပဲရှိတော့တာမို့ သူ အိမ်ထဲသို့အမြန်လိုက်ဝင်ခဲ့တော့ သူမတို့က ဧည့်ခန်းထဲမှာ ထိုင်နေကြလေ၏။

"မာမီ. . . သူ့ကိုမပြန်ခိုင်းနဲ့ဦးနော်၊ ကျွန်တော်ပေးစရာရှိလို့"

သူ အပေါ်ထပ်ကိုပြေးတက်လိုက်ပြီး အရုပ်ဘူးလေးကိုယူ၍ ပြန် ဆင်းလာခဲ့သည်။

"မနက်ဖြန် ဘုန်းကြီးဆွမ်းကပ်မှာလေ၊ အဲဒါ သားတို့လာခဲ့နော် သမီးမေမေတို့ကိုပါ ဖိတ်လိုက်တယ်လို့ ပြောပေးပါ"

"ဘာအတွက်လုပ်တာလဲ အန်တီ"

"သားမွေးနေ့အတွက်ပါ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ဦး ထရပ်လိုက်စဉ် သူက သူမထံသို့ အရုပ်ဘူးကို ကမ်းပေးလိုက်ပါ၏။ သူမက မျက်လုံးလေးဝိုင်းလျက် သူ့ကိုပြန်မော့ကြည့်နေလေသည်။

"ယူလေ. . . မင်းဖို့ ကိုယ်လက်ဆောင်ပေးတာပါ"

သူမ ခေါင်းခါပြလိုက်တော့ သူက သူမ၏လက်ကလေးကိုဆွဲယူ၍ ထည့်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုလေးရယ်"

"ဟင်"

"ကျွန်တော်တို့ကို ခွင့်ပြုပါဦး အန်တီ"

"အေးကွယ်"

သူ့ရှေ့မှထွက်သွားသည့်မိန်းကလေးကို သူငေးကြည့်နေမိ၏။ ကြည့်စမ်း! သူ. . . သူ. . . စကားပြောတတ်သားပဲ။

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြောင့် ...
ရှုံ့ခံစားနေရသည့်
ဝေဒနာအားလုံးတို့သည်
အခြားသောအရာများထက်
ပို၍ချိုမြိန်စေ၏

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဆရာတော်တွေ အရုဏ်ဆွမ်းဘုန်းပေးပြီး ပြန်ကြွသွားအပြီးမှာ ညသည်တွေ တစ်သုတ်ပြီးတစ်သုတ် ရောက်လာလေ၏။ ဒယ်ဒီနှင့်မာမိက ခေါးရုံအုပ်ကြီးနှင့်ဆရာဝန်တွေကို ဧည့်ခံနေသည်။ ချိုတို့သားအမိတွေ ပါ အိမ်မှုရှင်လုပ်၍ ဧည့်ခံနေရ၏။ သူက ကျောင်းမှာ သူငယ်ချင်းအုပ်စု ပြန်တာကိုနှုတ်ဆက်စဉ် အိမ်ဝသို့ အရိပ်လေးတစ်ခု ရောက်လာလေသည်။

"ဟော! သမီးလေးတို့ ရောက်လာပြီလား။ သားရေ. . . ညီမလေး တို့ကို နေရာချပေးလိုက်ပါကွယ်"

လာပြန်ပြီ။ ဒီညီမလေးဆိုတဲ့ စကားလုံးလေး။ သူ သူမတို့မိသားစု ကို ပြုံးပြနှုတ်ဆက်၍ စားပွဲဝိုင်းတစ်ခုမှာ ထိုင်ခိုင်းလိုက်ပါသည်။

"သုံးဆောင်ကြပါနော်၊ အားမနာပါနဲ့။ ကျွန်မက နေမြင့်နေပြီဆို တော့ မလာတော့ဘူးလို့ထင်နေတာ။ သမီးလေးက လှလိုက်တာကွယ်။ အရောင့်ပဲဝတ်ဝတ်. . . သိပ်လိုက်ဖက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ရှက်ပြုံးလေးပြုံးလိုက်ပြီး၊ ခေါင်းကိုငုံ့ချလိုက်လေ၏။ ဘယ်သို့လေးမှန်းကို မသိတော့ပါဘူး။

"သားရေ. . . ဟင်းရည်ပူပူလေး ထည့်ပေးကွယ်"

"ဟုတ်ကဲ့ပါ မာမီ"

ကြာဆံချက်ကျွေးတာမို့ ပူပူနွေးနွေးစားစေရန် မီးဖိုခန်းထဲဝင်၍ အသစ်ထည့်ကာ သူပြန်ထွက်ခဲ့၏။ အန်ကယ်နှင့်အန်တီကို အရင်ထည့်ပေးပြီးမှ ကိုမြင့်မြတ်နှင့်သူမကို ထည့်ပေးလိုက်၏။

"ရွှေလေးကို ငုံးဥထည့်ပေးနော် ကိုလေး"

သူခေါင်းညိတ်ပြလိုက်ပြီး ငုံးဥသုံးလုံး ဆယ်ထည့်ပေးတော့ သူမမျက်နှာမှာ အပြုံးနွမ်းနွမ်းလေးကို မြင်လိုက်ရလေ၏။

"ကိုလေးရော စားပြီးပြီလားဟင်"

"ဟင့်အင်း. . . မောလို့ မစားအားသေးဘူး ရွှေအဆင်းရဲ့"

နာမည်တပ်ခေါ်လိုက်တော့ လှုကြီးနှစ်ယောက်ကပါ သူ့ကိုမော့ကြည့်လိုက်၏။ အဓိပ္ပာယ်တို့ပျော်ဝင်နေသည့် မျက်လုံးတွေကို သူ ဘာသာမပြန်တတ်ဘဲ ပြန်ကြည့်နေမိသည်။

"သားရေ. . . ညီမလေးကို အချဉ်ထည့်ပေးလိုက်ပါဦး"

မာမီ့လက်ထဲမှ အချဉ်ပန်းကန်ကိုလှမ်းယူ၍ စားပွဲပေါ်တင်လိုက်ပြီး ဒီအရာတွေက သူနှင့်ရင်းနှီးနေသလိုလို။ အို. . . ရင်ထဲမှာ တကယ့်ကို တစ်မျိုးကြီးပါပဲလား။

"သမီး. . . လူတွေရှိနေတယ်လေ"

သူမမေမေ၏ တီးတိုးအသံအကြားမှာ ကျိတ်ရှိုက်လိုက်သည့်ငိုသံကြောင့် နံဘေးမှာ သူထိုင်ချလိုက်၏။ ရော့! ခက်နေပါပြီး ဘယ်အဝိုလွယ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကလေးမလေးပဲ။

"ဘာဖြစ်လို့လဲ. . . မငိုရဘူးလေ"

"ရွှေလေး. . . ရွှေလေး ပြန်တော့မယ် မေမေ"

"ဟယ်! သမီးရယ်၊ ရောက်တာမှ ဘာကြာသေးလို့လဲ။ မကောင်းဘူးထင်တယ်"

"ရွှေလေး မခံစားနိုင်တော့ဘူး မေမေရဲ့"

ဗလုံးဗထွေးပြော၍ ငိုလိုက်သံကြောင့် သူတို့အနီး မာမီပါ ရောက်လာ၏။ သူမက အသံကျယ်ကျယ်မထွက်စေရန် ပါးစပ်ကိုပိတ်ငိုနေသဖြင့် ပို၍ပင်ပန်းစေလေသည်။

"သမီးလေးရယ်. . . ကဲ! သားရေ၊ ညီမလေးကို ခြံထဲ ခဏခေါ်သွားချေ. . . သွားသွား"

"လာ"

သူ လက်ကမ်းပေးလိုက်တော့ သူမက လက်ကလေးကို အသာထည့်၍ ထရပ်လိုက်ပါသည်။ ခြံထဲမှာ လမ်းလျှောက်နေစဉ် သူမက မျက်ရည်တို့ကို ကျိတ်သုတ်နေလေ၏။ သူ ဘာစကားမှမပြောမိဘဲ အသာငေးကြည့်နေမိသည်။ သူမ သစ်ပင်ထက်ရှိ ငှက်ကလေးတွေအော်သံကြောင့် ခေါင်းမော့ကြည့်လိုက်လေ၏။

"ငှက်ကလေးတို့ရယ်. . . မင်းတို့ဘဝတွေပဲ လွတ်လပ်တယ်နော်။ တောင်ပံလေးခတ်ပြီး သွားချင်ရာကို သွားနိုင်တယ်။ ငါ့မှာတော့. . . ငါ့မှာတော့ ခြေထောက်တွေရှိပေမယ့်"

သူမ မျက်ရည်တွေ ထပ်ကျလာပြန်၏။ ကြည့်စမ်း! ဘာအဓိပ္ပာယ်တွေမှန်းမသိ။ ပြောချင်ရာပြောပြီး ငိုနေပြန်ပြီ။ သူ သူမအနီးသို့ ရွေ့သွား



www.burmeseclassic.com

www.burmeseclassic.com


လိုက်မိသည်။

"ရွှေအသင်း. . . မင်းမှာ ထိခိုက်ကြေကွဲစရာအဖြစ်အပျက်တစ်ခုခု ရှိနေသလိုပဲ။ ဟုတ်လား"

"ကိုလေးက သိချင်လို့လား"

"အင်း. . . ဘယ်လိုပြောရမလဲ၊ ဒီလိုကျိတ်ခံစားနေတာထက်စာရင် တစ်ယောက်ယောက်ကို ဖွင့်ပြောလိုက်တာက ပိုပြီးရင်ပေါ့စေတာပေါ့။ မဟုတ်ဘူးလား"

သူမ တစ်ချက်တွေဝေသွား၏။ ရှည်လျားလှသည့် အနက်ရောင်မျက်ခမ်းကော့မှာ တွဲခိုနေပါသည့် မျက်ရည်ဥလေးတွေကအစ လှရက်လွန်းပါသည့် ရွှေစင်ရုပ်လေးပါလား။

"ကိုလေးသိချင်ရင် ရွှေလေးပြောပြပါ့မယ်။ ရွှေလေးမှာလေ၊ လွန်ခဲ့တဲ့တစ်နှစ်က အခင်တွယ်ရဆုံး လူတစ်ယောက်ရှိခဲ့ဖူးတယ်။ သူကလေ ရွှေလေးကိုသိပ်အလိုလိုက်တာပဲ။ ရွှေလေး ဖြစ်ချင်တာမှန်သမျှကို လိုက်လျောပေးတဲ့အထိ ရွှေလေးကို အလိုက်သိတာပါ"

သူဘာမှမပြောဘဲ ငြိမ်သက်စွာ နားထောင်နေမိ၏။ သူမက ခဏမျှ နားလိုက်ပြီး အကြည့်တို့က လွန်ခဲ့သည့်အတိတ်ကို လွင့်သွားသယောင်။

"သူ့ကို ရွှေလေးသိပ်ချစ်ခဲ့တာပါ။ အခုလည်း ချစ်နေဆဲပါပဲ။ နောင်ကိုလည်း ချစ်သွားမှာပါ။ အို. . . ရွှေလေးရဲ့အသက်နဲ့ထပ်တူ သူ့ကိုချစ်နေမှာပါပဲ"

"သူကရော ရွှေလေးကို တော်တော်ချစ်မှာပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ ရွှေလေးက ချစ်စရာကောင်းတာကိုး"

"ဟင့်အင်း. . . သူက ရွှေလေးကို သနားကရုဏာသက်ပြီး ကြင်နာ


www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့တာပါ။ အဲဒီတုန်းက. . . အဲဒီတုန်းက ရွှေလေးက နေမကောင်း ဖြစ်နေတာကိုး"

"ဟုတ်လား။ ရွှေလေးက ရောဂါကြီးကြီးမားမားဖြစ်ခဲ့တယ်ပေါ့လေ"

"ဟုတ်တယ်. . . နှစ်ရှည်လများ ဝေဒနာခံစားနေရတဲ့ရွှေလေးကို သူ ခင်တွယ်ရုံ ခင်တွယ်ခဲ့တာပါ။ ဒါကို ရွှေလေးသိတယ်။ ရွှေလေးလေး သူ ရွှေလေးအပေါ် ဘယ်လိုပဲသဘောထားစေဦးတော့ သူ့ကို ရွှေလေး အသက်ထက်မက ချစ်မြတ်နိုးနေမိတာပါ"

"အခု သူက ဘယ်ရောက်သွားလို့လဲ ရွှေလေးရဲ့"

"သူက. . . သူက ရွှေလေးရဲ့ဘဝထဲကနေ ထွက်သွားပါပြီ ကိုလေး ရယ်။ ရွှေလေးဆီ ဘယ်တော့မှ ပြန်မလာတော့မှာ မဟုတ်ပါဘူး"

"ဟင်! သူက ဆုံးသွားလို့လား"

"ဟင့်အင်း. . . မဟုတ်ပါဘူး"

"ဒါဆို ရွှေလေးကို စွန့်ပစ်သွားခဲ့တာပေါ့နော်။ တော်တော် လူမဆန် တဲ့ပုဂ္ဂိုလ်ပဲ။ ရွှေလေးလို မိန်းကလေးကို အပျော်သဘောထားခဲ့တာ တော် တော်ယုတ်မာတာပေါ့"

"အဲဒီလိုတော့ မပြောပါနဲ့ ကိုလေးရယ်။ သူလည်း သူ့အကြောင်း နဲ့သူ ရှိလို့ဖြစ်မှာပါ"

"အခု သူ့ကို ရွှေလေးပြန်တွေ့ရင် ဘာလုပ်ချင်လဲ။ ဘာပြောမှာ လဲဟင်"

သူမ ခေါင်းကိုခါယမ်းလျက် မျက်နှာကိုငုံ့ချလိုက်သည်။ အားငယ် ငိုသန်းနေသည့် မိန်းကလေးကိုကြည့်ရင်း သူ့ရင်ထဲမှာ ကရုဏာငိုတွေ က တသွန်းသွန်းဖြိုးနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေလေးတို့ဇာတ်လမ်းက ပြီးခဲ့ပါပြီ ကိုလေးရယ်။ ဘယ်တော့မှ ဲနှဲ့ဆက်ခွင့်ရတော့မှာမဟုတ်ပါဘူး။ တစ်ခါတလေ သူ့ကို ဖျတ်ခနဲတွေ့ ခဲ့ရင်တောင် လှမ်းကြည့်ရုံကလွဲပြီး ရွှေလေးမှာ ဘာအခွင့်အရေးမှ မရှိ ပါဘူး။ ရွှေလေးလေ. . . ညစဉ် ညစဉ် ဖုန်းထဲကနေ နားထောင်ခွင့်ရခဲ့ တဲ့ သူ့ရင်ခုန်သံလေးကို လွမ်းလို့မဆုံးတော့ဘူး။ ရွှေလေးက အဲဒီအသံ လေးကို အမြဲနားထောင်ပြီးမှအိပ်ခဲ့တော့ အခုဆိုရင် ရွှေလေး အိပ်မပျော် ခဲ့တဲ့ညတွေ တော်တော်များနေပြီ"

"ရွှေလေးရယ်"

- သူမလက်ဖျားလေးကို ဖျတ်ခနဲဆုပ်ကိုင်လိုက်စဉ် သူမက သူ့လက် မောင်းကို ခေါင်းမှီလျက် ကျိတ်ရှိုက်လိုက်လေ၏။

"ညဘက်ကြီး ရွှေလေးခြံရှေ့မှာ ကားဖြတ်သွားသံကြားရတိုင်း သူ့လေချွန်သံလေးများ တစ်ခွန်းတလေ ကြားရနိုးနဲ့ ရွှေလေး ညညမျှော် နေခဲ့မိတာ။ မနက်သာ မိုးလင်းသွားတယ်။ ဘာကိုမှ မကြားရတော့ဘူး။ ရွှေလေးက. . . ရွှေလေးက သူပေးတဲ့အသက်နဲ့ ရှင်သန်နေတာပါ။ သူ့ ကြောင့် ရှင်သန်နေတဲ့ရွှေလေးရဲ့ဘဝမှာ သူကတော့. . . သူကတော့ ပျောက်ကွယ်သွားခဲ့ပါပြီ ကိုလေးရယ်"

သူ ကောင်မလေး၏ဆံနွယ်လေးများကို သပ်တင်ပေးလိုက်မိသည်။ ဩော်. . . အသက်ငယ်ငယ်လေးနဲ့မမျှအောင် ခံစားနေရရှာတဲ့ အလွမ်း ဝေဒနာက ပြည့်သိပ်နေတာပါပဲလား ကလေးရယ်။

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဟာ ...

အုံးတစ်ချောင်းဆိုရင်

အဲဒီအုံးကို အရှုံးခံပြီး

ကိုယ် ရင်ဖွင့်ပေးထားတယ်...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

စာမေးပွဲဖြေရတော့မှာမို့ ဒယ်ဒီ့ဆေးခန်းမှာပင် ဝိုင်းမကူနိုင်တော့ဘဲ အခန်းထဲ အောင်းနေမိသည်။ စားပွဲပေါ်တင်ထားသည့် လွှအရိုးခေါင်းကို သေချာလေ့လာအပြီး ပိတ်စဖြင့် အုပ်ထားလိုက်သည်။ ညဉ့်နက်လာပြီမို့ အိပ်ရန်အချိန်တန်လေပြီ။ ဖက်ကို ဟိုဒီလှည့်ချိုးလိုက်ပြီး ပြဒ္ဒါန်းစာအုပ်ကိုပိတ်လိုက်စဉ် စာရွက်အပိုင်းလေးတစ်ခု လွင့်ကျလာလေသည်။

သူကောက်ယူကြည့်လိုက်တော့ ဂဏန်း (၆)လုံး။ ဘယ်အိမ်က ဖုန်းနံပါတ်ပါလိမ့်။ သူ စာရွက်ပိုင်းလေးကို စာရွက်ဖိ ဖန်လုံးလေးအောက် အသာညှပ်ထားလိုက်ပြီး အိပ်ရာဝင်ခဲ့၏။

မေးခနဲအိပ်ပျော်သွားစဉ် မှောင်မှောင်မည်းမည်းအရာတွေက သူ့ ထံပြေးလာနေ၏။ တရွေ့ရွေ့သွားနေသည်က ကားလိုတာလိုလို။ လင်းတစ်ခု၏အဆုံးထိ ခပ်ဖြည်းဖြည်းသွားအပြီးမှာ ညင်သာစွာ ပြန်ရွေ့လိုက်၏။ မီးရောင်မှိန်မှိန်ထွန်းထားသည့်တိုက်ကြီးကိုကြည့်၍ သူ ရေချွန်လိုက်မိ၏။

www.burmeseclassic.com



"ရှိ. . . ရှိုး. . . ရှိ. . ."
"ရှိ. . . ရှိုး. . . ရှိ. . ."

လေချွန်သံ မရှေးမနှောင်းမှာ လသာဆောင်တံခါးကြီးပွင့်သွားပြီး Wheel Chair စီးထားသည့်လူတစ်ယောက် လသာဆောင်မှာ ပေါ်လာလေ၏။ ရှည်လျားလှသည့်ဆံနွယ်တွေက လေအဝှေ့မှာ တလူလူလွင့်နေလေသည်။ သူလက်လှမ်းပြလိုက်စဉ် မိန်းကလေးကလည်း လက်တစ်ဖက်ထောင်ပြလိုက်လေ၏။

"ညီမလေးပိုင်တဲ့အရာလေးကို နားထောင်ချင်တယ်"

သူ ဟာက်ခနဲရယ်၍ အကျီရင်ဘတ်ကိုဖွင့်ပေးလိုက်စဉ် စိမ့်ခနဲအေးသွားပြီး၊ လူက လန့်နိုးသွား၏။ ဘုရား. . . ဘုရား. . . ဖုန်းက သူ့ရင်ဘတ်ပေါ်မှာ ရောက်နေတာပါလား။ ရင်ခုန်သံ တဒိန်းဒိန်းမြည်သံတို့နှင့်အတူ ဖုန်းကို သူ မယူလိုက်သည်။ တစ်ဖက်က ရှိုက်သံတီးတိုးထွက်လာရင်း ဂလောက်ခနဲ ဖုန်းချလိုက်သံကို ကြားလိုက်ရ၏။ သူ အထိတ်တလန့်ဖြင့် ဖုန်းကို နေရာတကျပြန်ထားလိုက်မိသည်။

ဘုရားရေ! အိပ်မက်ထဲမှာ သူ့ချစ်သူနှင့် ပြန်ဆုံနေရပါလား။ မှုန်ဝါးဝါးအလင်းရောင်အောက်မှာ မျက်နှာကို ပီပီပြင်ပြင်မမြင်ရသဖြင့် သူ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်မိစဉ် ရုတ်တရက် ဖုန်းသံက မြည်လာလေ၏။

"ဟဲလို"

"ဟဲ့! နိုးပြီလား"

"ချိုလား"

"အေးလေ. . . နင်ပဲ ငါ့ကို လေးနာရီခေါ်နှိုးဆို။ မှာတုန်းက မှာ

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး အခုမှ ဘာချိုလားလဲ"

"အေး. . . ငါ အိပ်တောင်မအိပ်လိုက်ရဘူး"

"ဟယ်! နင် ညဥ့်နက်တဲ့အထိ ကျက်နေလို့လား။ အဲဒီလိုမလုပ်
ဘူးလေ။ စာမေးပွဲဖြေရင် ခေါင်းနောက်တော့မှာပဲ ဖိုးလရာ"

"ငါ. . . ငါ အိပ်မက်မက်နေတာဟ"

"ဟဲ့! စာမေးပွဲအတွင်း အရူးမထစမ်းနဲ့"

"ခဏာပါ ချိုရာ၊ အိပ်မက်ထဲမှာလေ၊ ငါ. . . ငါ. . . ငါ့ချစ်သူ
သွားတွေ့တယ်တဲ့"

"တွေ့ခဲ့လား"

"အေး"

"ချောလား"

"ဟင့်အင်း. . . မျက်နှာကို ကောင်းကောင်းမမြင်ရဘူးဟ။ သူ
လေ. . . သူက အောက်ပိုင်းမသန်ဘူးနဲ့တူတယ်။ Wheel Chair
နဲ့ကွာ၊ သနားစရာလေး"

"အရူးရေ. . . ရောဂါထမနေနဲ့၊ စာမေးပွဲက အရေးကြီးတယ်"

"ချို. . . နင် သူ့ကိုအပြင်မှာ မြင်ဖူးလားဟင်"

"ဩော်. . . ငါက ဘယ်လိုလုပ်ပြီး သိမှာလဲ ဖိုးလရယ်။ ဒုက္ခ
ပဲ။ နင်တစ်ခါပြောဖူးတာတော့ ဟုတ်တယ်။ သူ့ကို ဒုက္ခိတလေးမို့
အသနားပိုခဲ့တာတဲ့"

"ဟုတ်လား. . . ဒါဆို ငါတွေ့တာ ငါ့ချစ်သူအစစ်ဖြစ်မှာနော်"

"အေး. . . အဲဒါ အသာထား။ နင်စာကျက်ရော့"

"အေးပါ၊ ကျေးဇူးပါပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



သူ ရေချိုးခန်းဝင် မျက်နှာသစ်၊ သွားတိုက်၍ စာကြည့်စားပွဲမှာ ပြန်ထိုင်လိုက်၏။ မိုးလင်းတော့ Breakfast စားပြီး၊ ချိုလာကြိုသည့် ကားပေါ်တက်လိုက်ခဲ့သည်။ စာမေးပွဲဖြေအပြီးမှာ အခန်းထဲမှထွက်ခဲ့စဉ် တီချယ်ဒေါက်တာခင်လေးဆွေနှင့် Corridor ထောင့်ချိုးမှာ ဆုံ၍ နှုတ်ဆက်လိုက်ပါ၏။

]]w Ds f. . ဆေးခန်းထိုင်ဖြစ်သေးလား”

“အေး. . . သား၊ အချိန်ရသလောက်ပေါ့ကွယ်။ နေတော်တော်ကောင်းသွားပြီပေါ့။ ဟုတ်လား သား”

“ဟုတ်ကဲ့”

“သားဒယ်ဒီ Duty ဝင်နေပြီလား”

“ဟုတ်ကဲ့၊ ဝင်နေပါပြီ တီချယ်”

“အေးအေး. . . ဝမ်းသာပါတယ်ကွယ်၊ ညီမလေးဆီကိုရော မှန်မှန်ရောက်တယ်မဟုတ်လား”

“ဗျာ”

“သူ့ကိုဂရုစိုက်ဦးနော်၊ ကလေးက ကျန်းမာရေးသိပ်ကောင်းတာမဟုတ်ဘူး”

တီချယ်က ပြောပြောဆိုဆို ကားပေါ်မောင်းတက်သွားသဖြင့် သူငိုင်၍ ကျန်ခဲ့သည်။ ကြည့်စမ်း! သူ့ညီမလေးကို တီချယ် သိနေပါလား။ လိပ်စာတွေ နာမည်တွေ မမေးလိုက်မိသဖြင့် သူ့ကိုယ်သူ ဒေါပွလာမိသည်။ မဟုတ်သေးပါဘူး။ သူမေးတော့ရော တီချယ်က ယုံမှာတဲ့လား။ ကိုယ့်ချစ်သူကို ကိုယ်ပြန်မသိတဲ့လူလောက် ရယ်စရာကောင်းတာ မရှိပြီ။

သြော်. . . လမင်းသာ. . . လမင်းသာ. . . မှေးမှိန်မှုတဲ့ အတိတ်



www.burmeseclassic.com

www.burmeseclassic.com



က ချစ်သူရခဲ့တဲ့ အပိုင်းအခြားကာလလေးပါလား။

အိမ်ကိုပြန်ရောက်တော့ မာမီက ဧည့်ခန်းရှိဖုန်းဖြင့် စကားပြောနေ၏။ သူ လှေကားမှ တဖြည်းဖြည်းတက်လာခဲ့သည်။

"ဟုတ်လား. . . အင်း. . . နောက်ဆို ပြန်ကောင်းလာမှာပေါ့ သမီး ရယ်။ ဝမ်းနည်းမနေပါနဲ့။ ဒီလောက်ဆို သူ့မသိစိတ်ထဲမှာ သမီးကို သိနေ တာ သေချာပါတယ်။ ဘယ်လို! ဟုတ်လား။ သမီးက အသံမပေးလိုက် ဘူးလား။ စိတ်ကို ရှည်ရှည်ထားပေါ့ကွယ်။ သိပ်မကြာတော့ပါဘူး။ အေး အေး. . . ဒါပဲနော် သမီး"

"မာမီ ဘယ်သူနဲ့ဖုန်းပြောနေတာလဲ"

"ဟဲ့! စပ်စုစရာလား။ မာမီ့အသိပေါ့ သားရဲ့"

"ဒီနေ့ တီချယ်ကပြောလိုက်တယ် မာမီ။ ညီမလေးဆီ မှန်မှန်ရောက် ရဲ့လားတဲ့။ ကျွန်တော်က ဘာကိုမှမမှတ်မိတော့ ဘာမှပြန်မပြောလိုက်ရ ဘူး။ ကျွန်တော့်ညီမလေးတော့ နေမကောင်းဘူးထင်ပါရဲ့"

"ဟောတော်. . . သားနဲ့ပတ်သက်တာမှန်သမျှ သားပဲ သိတာလေ။ မာမီက ဘယ်လိုလုပ်သိနိုင်မှာလဲ သားရဲ့။ ကဲကဲ. . . ရေချိုး။ ထမင်းစား ကြမယ်"

"ဒယ်ဒီ့ကိုမစောင့်တော့ဘူးလား"

"သားဒယ်ဒီ ဒီညနေ Dinner ရှိလို့ ညမှောင်လိမ့်မယ်"

"ဪ"

သူ လှေကားမှဆက်တက်ခဲ့ပြီး အခန်းထဲဝင်၍ ရေချိုး အဝတ်အစား လဲကာ ကုတင်ပေါ်မှာ ခဏနားလိုက်၏။ မျက်လုံးအစုံကို မှိတ်ထားလိုက် စဉ် ပါးချိုင့်လေးနှစ်ဖက်ပါသည့် မျက်နှာလေးကို မြင်ယောင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်း. . . မဟုတ်သေးပါဘူး။ သူ့မှာ ချစ်သူကိုရှာဖွေရမယ့်ဟာ၊ အခုတော့ သနားစရာမိန်းကလေးက ဘယ်ကနေ ဘယ်လို အာရုံထဲရောက်လာတာပါလိမ့်။ ခေါင်းကို ခပ်ပြင်းပြင်းလေး ခါလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ...

ရင်ခုန်သံကို အခြေပြုပြီး

စတင်ပေါ်ပေါက်လာခဲ့ပါ

အရာတစ်ခုပါ..။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

"သားရေ. . . မာမို့မိတ်ဆွေရဲ့သမီးလေး နေမကောင်းဖြစ်နေတာ ကူညီပါဦးကွယ်"

"ဟာ! မာမီကလည်း ကျွန်တော်က ဆေးကုခွင့်မရသေးဘူးလေ"

"ရောဂါဆိုတာ ဆေးဝါးနဲ့ပဲ ကုသလို့ ပျောက်တာမှမဟုတ်တာဘဲ သားရယ်။ စိတ်နဲ့ကုသလို့ ပျောက်သွားတဲ့ရောဂါရှင်တွေ တစ်ပုံကြီး။ ကူညီလိုက်ပါ"

"ကျွန်တော် ဘာလုပ်ပေးရမလဲ မာမီ"

"ဖုန်းလက်ခံပြောရုံပါပဲ၊ မာမီ လိုင်းချိန်းပေးလိုက်မယ်။ သားအခန်းထဲကပဲ ကိုင်လိုက်ပါ. . . နော်"

"ဟုတ်ကဲ့"

သူ ဖုန်းကိုကိုင်လိုက်စဉ် ဖုန်းထဲမှ တိုးလျလျအသံလေး ထွက်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးလားဟင်"

"ဟုတ်တယ်၊ ခုပြောနေတာ ရွှေလေးလား"

"ဟုတ်ပါတယ်"

"ရွှေလေး ဘာဖြစ်လို့လဲဟင်"

"ရွှေလေး. . . ရွှေလေး. . . နေမကောင်းဘူး ကိုလေးရဲ့။ အသက်ရှူလို့လည်း မဝဘူး။ ရင်ဘတ်ထဲကလည်း အောင့်တယ်"

"အဲဒါ နှလုံးရောဂါဖြစ်ချင်တာ ရွှေလေးရဲ့။ ဂရုစိုက်မှပေါ့။ သိပ်အမောမခံနဲ့လေ။ ပြီးတော့ စိတ်ညစ်စရာတွေလည်း မတွေးရဘူး။ ဆေးကိုပုံမှန်သောက်ရတယ်"

"ရွှေလေးမှာ. . . ရွှေလေးမှာ စိတ်ညစ်စရာတွေကလွဲလို့ ဘာမှရှိမနေဘူး ကိုလေးရဲ့။ ဘယ်လိုလုပ် စိတ်ချမ်းသာမှာလဲ"

သူတော်တော်လေး စိတ်မကောင်းဖြစ်သွားမိ၏။ ဪ. . . ကလေးရယ်။ မင်းမှာလည်း ချစ်သူထားပစ်ခြင်းခံရသလို ကိုယ့်မှာလည်း လုံးဝသတိမရနိုင်တဲ့ ချစ်သူပျောက်ကို စမ်းတဝါးဝါး ရှာဖွေနေမိတာပါ။ မင်းနဲ့ကိုယ်က ဘဝတူတွေပါကွယ်။

"ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင်မေ့တဲ့။ မဖြစ်နိုင်တော့တဲ့အရာတစ်ခုကို ပြန်တမ်းတနေလို့ အပိုပဲဖြစ်နေမှာပေါ့။ ရွှေလေးရယ်. . . စိတ်ကိုကျိတ်ဖြေပါ"

"ကိုလေးရယ်. . . ရွှေလေးတို့အဖြစ်အပျက်ကြီးက လွယ်လွယ်နဲ့မေ့ဖျောက်ပစ်လို့ ရနိုင်တာမှမဟုတ်တာဘဲ။ သူ့ကိုမေ့ဖို့ ရွှေလေးကို ကျေးဇူးပြု၍ မပြောပါနဲ့ ကိုလေးရယ်။ ရွှေလေး. . . ရွှေလေး သူ့ကိုမေ့လို့မရဘူး။ ဘယ်တော့မှလည်း မေ့သွားမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရွှေလေးကလည်းကွာ၊ ရွှေလေးမှာ ရောဂါရှိနေတယ်ဆိုတာလည်း သတိထားဦးမှပေါ့။ ဒီလိုမှမဟုတ်ရင် ရွှေလေးပဲ ဝေဒနာတွေ ထပ်တိုးပြီး ခံစားနေရမှာလေ"

"ကိုလေးရယ်. . . ဒီဝေဒနာတွေခံစားပြီး မြန်မြန်သေသွားလည်း အေးတာပါပဲ။ ဒါပေမဲ့ ရွှေလေးမှာ ဆန္ဒတစ်ခုတော့ ရှိတယ်။ အဲဒါကတော့ ရွှေလေးမသေခင် နောက်ဆုံးအချိန်လေးမှာ သူ့ရင်ခုန်သံလေးကိုတော့ ကြားသွားချင်ပါတယ်။ အဲဒါ အမှန်ပါ"

"အဲဒီလိုမပြောရဘူးလေ ရွှေလေးရဲ့။ ရွှေလေးက အခုမှ အသက် ငယ်ငယ်လေးရှိသေးတာ. . . လောကရဲ့ပျော်စရာတွေကို ပျော်မွေ့ခံစားဖို့ အချိန်တွေ အများကြီးကျန်ပါသေးတယ်။ လူ့ဘဝရခိုက်လေးမှာ လူ့လောက ရည်းစိမ်ကို အပြည့်အဝခံစားတတ်ရတယ်တဲ့။ ဒါကို ရွှေလေး နားလည်ပါ"

"ကိုလေးက ရွှေလေးကိုစိတ်ချမ်းသာအောင် သိပ်ပြောတတ်တာ ပဲနော်။ ကိုလေးသာ ရွှေလေးရဲ့အစ်ကိုဖြစ်ရင် သိပ်ကောင်းမှာပဲ။ ဒါမှ ရွှေလေးပြောချင်တာမှန်သမျှ ကိုလေးက နားထောင်မှာလေ"

"အခုလည်း ကိုယ်က ရွှေလေးအစ်ကိုပါပဲကွယ်"

"ဒါဆို ရွှေလေးကို ညီမလေးလို့ခေါ်ပါနော်"

"ညီမလေး. . . ဟုတ်လား"

"အင်း"

သူ့ရင်ထဲမှာ ဒိန်းခနဲမြည်ဟည်းသံက ကျယ်လောင်သွား၏။ ညီမ လေးတဲ့. . . ညီမလေးဆိုပါလား။

"ကိုလေး. . . ကိုလေး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ. . . ကိုလေးမခေါ်ချင်လည်း ရပါတယ်။ ဘာမှမဖြစ်ပါဘူး"

"မဟုတ်ပါဘူး၊ ကိုယ်ခေါ်မှာပါ ရွှေလေးရဲ့"

"ဒါဆို ရွှေလေးကို အလိုလိုက်ရမှာနော်"

"လိုက်မှာပေါ့"

"ရွှေလေးတောင်းဆိုတာကိုလည်း လိုက်လျောရမှာနော်"

"အင်းပါ"

"တကယ်နော် ကိုလေး"

"တကယ်ပါ"

"မညာရဘူးနော်"

"မညာပါဘူး. . . ကတိ. . . ကတိ"

ကြည့်စမ်း၊ ဒီစကားလုံးတွေနဲ့ သူ ဘယ်တုန်းကများ ရင်းနှီးနေခဲ့ပါလိမ့်။ ပါးစပ်ထဲကနေ ရှောရှောရှူရှူ အဆင်တပြေထွက်နေသဖြင့် တအံ့တသြဖြစ်နေမိသည်။

"ကိုလေး. . . ညီမလေးလို့ ခေါ်ကြည့်ပါလားဟင်"

သူအသံတိတ်သွားသည်။ ရင်ထဲမှာ တစ်မျိုးကြီးမှ တကယ့်တစ်မျိုးကြီးပါပဲ။ အိုလေ. . . ကလေးမလေးဘက်က ရှိသားမှုကို သူ တလွဲထင်နေတာ မကောင်းပါဘူး။ သက်ပြင်းတစ်ချက်ကို တိုးတိုးချလိုက်မိရင်း ပ်တိုးတိုးလေး ခေါ်လိုက်မိသည်။

"ညီမလေး"

သူမထံမှ ရှိုက်သံတစ်ချက် ထွက်လာ၏။ စိုးရိမ်တကြီးဖြင့် သူ့ခန္ဓာကိုယ် တောင့်ခနဲ မတ်သွားသည်။

"ညီမလေး. . . မငိုရဘူးလေ၊ ဒီလိုငိုနေတော့ ကိုယ် စိတ်ဘယ်



www.burmeseclassic.com

www.burmeseclassic.com


ကောင်းပါ့မလဲ။ တိတ်ပါကွာ"

"ကိုလေး. . . ကိုလေး. . . ရွှေလေးကို အထင်မသေးပါနဲ့နော်။ ပြီးတော့. . . ပြီးတော့ အထင်လည်း မလွဲစေချင်ဘူး။ ရွှေလေးကိုလေ လေချွန်ပြပါလားဟင်"

သူ တွေခနဲ့ တစ်ချက်ဖြစ်သွားရင်း အိပ်မက်ထဲမှ လေချွန်သံကို ပြန်ကြားယောင်မိ၏။ ဟုတ်တယ်. . . အိပ်မက်ထဲကလို ချွန်ကြည့်ဦးမှပါပဲ။

"ရှီ. . . ရှီး. . . ရှီ. . ."

"ရှီ. . . ရှီး. . . ရှီ. . ."

"ရှီ. . . ရှီး. . . ရှီ. . ."

"ဟုတ်လား"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ကိုလေးက သိပ်တော်တာပဲ"

သူ မျက်လုံးအစုံကို မှိတ်ချလိုက်မိသည်။ အတိုင်းအဆမဲ့ ရင်ခုန်သာသဖြင့် ခဏရပ်လိုက်စဉ် ဖုန်းက သူ့ရင်ဘတ်နေရာနားကို ရောက်သွားလေသည်။ နောက်မှ ဖျတ်ခနဲ သတိဝင်လာပြီး ဖုန်းကိုပြန်ခွာလိုက်မိ၏။

"ကိုလေးကို ရွှေလေး. . . ကျေးဇူးအများကြီးတင်ပါတယ်"

တစ်ဖက်မှ ဖုန်းချသွားလေပြီ။ သူ ဖုန်းကိုကိုင်လျက် ငိုင်နေမိသည်။ ဪ. . . ရွှေလေးရယ်။

💘💘💘


www.burmeseclassic.com

www.burmeseclassic.com



အချစ်ဟာ ...
    ပဟေဠိတစ်ပုဒ် ဖြစ်နေရင်
        ဒါကို ဖြေနိုင်ဖို့
            သော့တစ်စုတော့ ရှိနေမှာပါ ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ညနေဘက် ဒယ်ဒီ့ခေါင်းခန်းမှာ ဝိုင်းကူပေးနေမိ၏။ ညရှစ်နာရီမှာ ဘုရားကိုးဆူပွဲ ဖိတ်ထားတာမို့ ခေါင်းခန်းမှာ လူနာကုန်သည်နှင့် ပိတ်လိုက်၏။ အင်း. . . ဘုရားပွဲဆိုတော့ ရှပ်အဖြူနဲ့ ယောပုဆိုးအနက်လေး ဝတ်မှပါပဲ။ ရှပ်အဖြူထပ်ကို ယူလိုက်စဉ် Plastic အိတ်ထဲထည့်ထားသည့် ရှပ်အဖြူတစ်ထည်ကို တွေ့လိုက်ရ၏။

ဒီအင်္ကျီက ဘာဖြစ်လို့ အိတ်ထဲရောက်နေရတာပါလိမ့်။ ပြဲနေလို့လား။ စွန်းနေလို့လား။ သေချာသိစေရန် အိတ်ထဲမှဆွဲထုတ်ကြည့်လိုက်တော့လည်း ဘာမှဖြစ်မနေပါ။ ထူးဆန်းတာပဲ။ ဘယ်လိုဖြစ်ပြီး ဒီအင်္ကျီကို အိတ်ထဲထည့်ထားမိပါလိမ့်။

အင်္ကျီကိုပြန်ခေါက်စဉ် ဘယ်ဘက်အင်္ကျီအိတ်ကပ်အဖုံးမှ လစ်ဟနေသည်ကို သူမြင်လိုက်ရ၏။ ကြယ်သီး. . . ဟာ! အလှကြယ်သီးလေး ပြုတ်နေတာကိုး။ မဟုတ်သေးဘူးထင်တယ်။ ကြယ်သီးပြုတ်ရင် ပြန်တပ်

www.burmeseclassic.com



လို့ရတာပဲဟာ။ ဒီလို ဘာကြောင့်သိမ်းထားရမှာလဲ။ စဉ်းစားစမ်း!

အို. . . ဟုတ်ပါပြီ။ ဒါ. . . . . . . ဒါ သူ့ချစ်သူနှင့် ချစ်သူဖြစ်ခွင့် ရခဲ့တုန်းက အမှတ်တရသိမ်းထားတဲ့အင်္ကျီပဲဖြစ်မှာ သေချာတယ်။ ဟုတ်တယ်. . . ကြယ်သီးလေးကို သူမထံ လက်ဆောင်ပေးလိုက်တာလေ။

သူ အင်္ကျီကို ရင်ခွင်ထဲထည့်ပိုက်လျက် ကြည်ကြည်နူးနူးလေး ပြုံးလိုက်မိသည်။ အင်း. . . သူ့ချစ်သူကိုမှတ်မိဖို့ အချိန်တော်တော်နီးကပ်လာပြီပဲ။ တံခါးဖွင့်သံနှင့်အတူ မာမီ့မျက်နှာ ပေါ်လာလေ၏။

"ဟယ်! အင်္ကျီကြီးပိုက်ပြီး ဘာလုပ်နေတာလဲ သား။ စွပ်ကျယ်လက်ပြတ်လေးနဲ့ အအေးမိတော့မှာပဲ။ မြန်မြန်လုပ်လေ၊ ဒယ်ဒီတောင် အောက်ကိုရောက်နေပြီ"

"ဟုတ်ကဲ့ မာမီ"

သူ မီးပူတိုက်ထားသည့်ရှပ်အင်္ကျီတစ်ထည်ကို အမြန်ကောက်ဝတ်၍ ဆံပင်တစ်ချက်နှစ်ချက်ဖြီးကာ အောက်ကိုဆင်းလာခဲ့၏။

"အေး. . . အမေလုပ်တဲ့သူက ဖြီးလိမ်းပြင်ဆင်တာ မစောင့်ရဘူး။ သူက လူငယ်ဖြစ်ပြီး ကြာသကွာ"

သူ ကျိတ်ပြုံးလိုက်သည်ကို မာမီက တွေ့သွားလေ၏။

"ဟော! ပြုံးပြန်ပြီ ဒီအပြုံးလေး"

"အာ. . . မာမီကလည်း ပြုံးတာတောင် မပြုံးရတော့ဘူးလား"

"ပြုံးတာတော့ ပြုံးပေါ့ သားရဲ့။ သားမျက်နှာက အပြုံးက မဟုတ်တာလုပ်မယ့်ကလေးလို ကျိတ်ပြုံးတာကိုး"

"မာမီကလည်းနော်၊ ကျွန်တော်က ကလေးပီစီလေးမှ မဟုတ်တော့တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမဟုတ်လို့ ပူရတာပေါ့တော်။ ဘယ့်နှယ်. . . တော်ကြာ မဟုတ်တာရုတ်တွေနဲ့ သွားကြုံက်တော့ ဘယ်လိုလုပ်မလဲ"

သူနှာခေါင်းရှုံ့ပြလိုက်ပြီး ခေါင်းကိုခါလိုက်မိ၏။ ကားမောင်းသည့်နေရာမှာ တက်ထိုင်၍ မောင်းထွက်လာခဲ့သည်။ ဒယ်ဒီညွှန်သည့်ခြံကျယ်ကြီးထဲသို့ ကွေ့ချလိုက်ပြီး၊ အိမ်ထဲသို့ဝင်ခဲ့၏။ ဧည့်သည်သိပ်မများလှတာမို့ အပေါ်ထပ်ဘုရားခန်းမှာ ဘုရားကန်တော့ပြီး အောက်ထပ်ဝိုင်းမှာ စုထိုင်လိုက်ကြသည်။

သူတို့စားသောက်နေကြစဉ် လူကြီးတစ်ဦးက လှမ်းပြုံးပြ၍ နှုတ်ဆက်လိုက်လေ၏။

"သား အခုအဲဒါဆင်ပြေနေပြီလား"

'ဟုတ်ကဲ့"

"ဒါဖြင့် Taxi တမမောင်းရတော့ဘူးပေါ့"

"ဗျာ! "

Taxi ဆိုပါလား။ ပျောက်ဆုံးနေသည့်ကွင်းဆက်ကို ရတော့မှာမို့ သူ ထရပ်လိုက်သည်။

"ဦးက ဘယ်သူပါလဲခင်ဗျာ"

"ဦးနာမည်တောင် မေ့သွားပြီလား သားရဲ့။ ဦးက ကုမ္ပဏီကိစ္စနဲ့ သားတို့ကုမ္ပဏီကိုလာရင်း သား Taxi ပေါ်မှာ အိတ်ကျန်ခဲ့လို့ သားပြန်ပေးခဲ့တာလေ။ ဦးနာမည်က ထက်မြက်ပါ"

"ဟုတ်ကဲ့. . . စိတ်မရှိပါနဲ့ ဦးရယ်။ ဦးလာခဲ့တဲ့ကုမ္ပဏီက နာမည် ဘယ်လိုခေါ်ပါသလဲဗျာ"

"ဟော! "



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက လူကြီးကိုပြုံးပြနှုတ်ဆက်လိုက်ပြီး သူ့အကြောင်းကို ရှင်းပြလိုက်ပါသည်။

"ဪ. . . ဒီလိုကိုး။ သားက အားလုံးကိုမေ့လျော့သွားတာမျိုးလား။ ကျောင်းမပြီးသေးဘူးဆို"

"အဲဒီလိုမဟုတ်ဘူးဗျ။ သားက ကျွန်တော်အမှုဖြစ်ခဲ့တဲ့ကာလတစ်ခုလုံးကိုပဲ ကွက်ပြီးမေ့သွားတာ။ ကျွန်တော် ဒယ်ဒီ Coma ဖြစ်တာကအစ ဘာကိုမှ မမှတ်မိတော့ဘူး။ အဲဒီလိုဖြစ်သွားတာ"

"ဪ. . . တော်တော်ထူးဆန်းတာပဲ၊ ကျွန်တော် ကြားဖူးတာက အတိတ်ကို လုံးဝမေ့သွားတာမျိုးပဲရှိတာ။ အင်း. . . ဟုတ်တာပေါ့။ ဒီလို သားရဲ့. . . သားပြောပြလို့ပဲ ဦးက သားအကြောင်းတွေကိုသိခဲ့ရတာပဲ။ သား အဖေ ရောဂါဖြစ်ပြီး ခြံရောင်းပစ်တာတွေ၊ ဆေးကုဖို့ ဘဏ်မှာအပ်ထား တဲ့ငွေတွေ တစ်ရစ်ပြီးတစ်ရစ် ထုတ်သုံးခဲ့ရတာတွေကအစ၊ နေ့စဉ်ဝင်ငွေ ရအောင် သား အလုပ်နှစ်ခုလုပ်ပြီး ပင်ပန်းတာတွေအကုန်လုံး ဦးသိခဲ့ ရတာ"

"အလုပ်နှစ်ခု. . . ဟုတ်လား"

"ဟုတ်တယ်၊ တစ်ခုက သား. . . နှင်းဆီရိပ်ဆေးခန်းမှာ လုပ်တယ်၊ နောက်တစ်ခုက တော်ဝင်ကုမ္ပဏီက Taxi ကို အချိန်ပိုင်းမောင်းတယ်လေ ဒါပဲ"

"နှင်းဆီရိပ်က ကျွန်မသူငယ်ချင်းရဲ့ဆေးခန်းမို့ သိပါတယ်။ သား Taxi မောင်းတဲ့ကုမ္ပဏီကိုတော့ ကျွန်မလည်း မသိဘူး"

"ဒါဖြင့်ရင် တော်ဝင်ကုမ္ပဏီကို ကျွန်တော်သွားရင် ကိစ္စတွေ အကုန်သိရမှာပေါ့နော်။ အဲဒီလူက ကျွန်တော့်အခက်အခဲရှိနေသမျှကို ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပေးခဲ့တာကိုး"

"သွားလိုက်ပါ သား။ ဒါမှ သားသိချင်တာကို အကုန်သိရမှာ။ လိပ်စာက. . ."

သူ လိပ်စာကို သေချာမှတ်ထားလိုက်ပြီး အိမ်ကိုပြန်ခဲ့လေ၏။

ဩော်. . . အတိတ်ရဲ့လမ်းစကို ခြေရာခံမိပြီကော။

www.burmeseclassic.com

www.burmeseclassic.com



၊

## အခန်း (၁၈)

သုံးထပ်အဆောက်အဦထဲကို ဝင်လိုက်စဉ် သူ့မှာ မရင်းနှီးဘူးထင်ရသည့် မျက်နှာများစွာ၏ နှုတ်ဆက်ခြင်းကိုခံရလေ၏။ အလိုက်သင့် ပြန်နှုတ်ဆက်လိုက်ပြီး MD ရုံးခန်းရှိရာသို့ လျှောက်လာခဲ့သည်။ Bell ကိုနှိပ်လိုက်စဉ် Remode Control ဖြင့် ဖွင့်ပေးသည့်တံခါးက လျှောခနဲပွင့်သွားလေ၏။ သူ တစ်လှမ်းချင်းဝင်ခဲ့စဉ် ဖုန်းသုံးလေးလုံးဖြင့် အလုပ်ရှုပ်နေသည့်လူက သူ့ကို ဖျတ်ခနဲမော့ကြည့်လိုက်လေသည်။

"ညီ"

"အစ်ကို. . . အစ်ကိုက"

"ကိုယ်. . . မြင့်မြတ်လေ၊ မင်းမှတ်မိလို့လား"

"မြင့်မြတ်တော်ဝင်ဆိုတာ အစ်ကို့နာမည်ပေါ့နော်"

"ဟုတ်တယ်. . . ထိုင်ပါ"

သူ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပါ၏။ ရင်ထဲမှာ တအုံနွေးနွေးခံစားမှုက အဆန်းတကြယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်. . . ကျွန်တော်. . . ညကမှ ကုမ္ပဏီလိပ်စာကို ရခဲ့တာ၊ ကျွန်တော် ပျောက်ဆုံးနေတဲ့အတိတ်ကာလအပိုင်းအခြားလေးကို ဘယ်လိုမှအစဖော်လို့ မရလို့ပါ အစ်ကို"

မြင့်မြတ် ခေါင်းညိတ်ပြလိုက်၏။ နားထဲမှာ ရွှေလေး၏အသံလေးကို ကြားယောင်လိုက်မိသည်။

"အမှုအခင်းဖြစ်ပြီး လျော်ကြေးအဖြစ် အိမ်ပြန်ဝယ်ပေးခဲ့တဲ့ကိစ္စကို လုံးဝမသိပါစေနဲ့နော်။ သူ့ဘဝကို ကပြောင်းကပြန်ဖြစ်စေခဲ့တဲ့ ရွှေလေးတို့မိသားစုအကြောင်းကို သူသိသွားမှာစိုးတယ်။ ရွှေလေးကို သနားကရုဏာထားပြီး ကြင်နာခဲ့တာ ရွှေလေးက ဒုက္ခိတမလေးဖြစ်နေလို့ပါ။ သူ့ကို ဒီဘဝရောက်အောင် ဖြစ်ပျက်စေခဲ့တဲ့အရိပ်ဆိုးကြီးကြောင့် ရွှေလေးကို သူ မုန်းလိုက်မှာကို ရွှေလေး အကြောက်ဆုံးပဲ။ ဒါကြောင့် ရွှေလေးရဲ့အကြောင်းမှန်သမျှ ဘာဆိုဘာမှ မပြောပြပါနဲ့ ကိုကိုမြတ်ရယ်. . . နော်"

မြင့်မြတ် စစ်လက်စဖိုင်တွဲတွေကို အသာပိတ်လိုက်ပြီး ဘေးမှာ ပုံလိုက်သည်။ လမင်းသာ၏မျက်နှာမှာ မျှော်လင့်ချက်တွေ ပြည့်ဝလျက်။

"ညီ. . . ကိုယ့်ဆီက ဘာသိချင်တာလဲ"

"ကျွန်တော် အခုလက်ရှိနေနေတဲ့အိမ်ကို ဘယ်သူပြန်ဝယ်ပေးတာလဲဆိုတာပါ အစ်ကို"

"ဒီကိစ္စကို ညီ့မိဘတွေ မပြောပြဘူးလား"

"ဟင့်အင်း. . . အစ်ကို"

"ညီ့မိဘတွေတောင် မပြောချင်တာ၊ ကိုယ်က ဘယ်လိုလုပ်ပြီးပြောလို့ဖြစ်မလဲ။ ညီ ပင်ပန်းခဲ့တဲ့ကာလတွေကို အစပြန်မဖော်ချင်ပါနဲ့တော့ ညီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ထပ်သိချင်သေးတာ။ ကျွန်တော် လုံးဝမသိနိုင်တဲ့လူ တစ်ယောက်အကြောင်းကိုပါ"

"ကိုယ်ဘာယ်သိမှာလဲ ညီ၊ ညီ့ကို အမှုကိစ္စနဲ့ပတ်သက်ပြီး ကူညီပေး ခဲ့တာကလွဲလို့ Personal ကိစ္စတွေ ကိုယ်မသိတာ အမှန်ပါ"

သူ ငိုင်သွားမိသည်။ ခုက္ခပါပဲ။ သိချင်ပါတယ်ဆိုတဲ့အကြောင်းတွေ တစ်ခုမှသိခွင့်မရပါလား။ သူ အစ်ကို့ကိုနှုတ်ဆက်ပြီး ခေါင်းငိုက်စိုက်ချ၍ ပြန်ခဲ့ရလေသည်။

ဩော်. . . မျှော်လင့်ချက်တွေ တဖြည်းဖြည်းနဲ့ ဝေးခဲ့ရပြီပေါ့ ညီမ လေးရယ်။

*♡*♡*♡



www.burmeseclassic.com

www.burmeseclassic.com



စစ်မှန်တဲ့ချစ်ခြင်းနဲ့
ချစ်တတ်ကြတဲ့သူတွေဟာ
တစ်ယောက်ကိုတစ်ယောက်
အသက်ပေးချစ်ကြတာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

စာရွက်ပိုင်းလေးမှ ဖုန်းနံပါတ်လေးကို သူငေးကြည့်နေမိပါသည်။ ဒီနံပါတ်လေးက သူ့အာရုံကိုဖွင့်ပေးရင် သိပ်ကောင်းမှာပဲ။ သူ တစ်ချက် ပြုံးလိုက်ပြီး နှိပ်လိုက်၏။ တတူတူအသံတွေမြည်ပြီး ဖုန်းကိုကိုင်မည့်သူ မရှိချေ။ သူစိတ်ရှည်ရှည်ထား၍ ခေါ်ပါသော်လည်း မရသဖြင့် ပြန်ချထား လိုက်စဉ် ဖုန်းက ထမြည်လာလေ၏။

"တူ!. . . တူ!. . . "

"ဟဲလို"

"သားလား. . . ဒယ်ဒီပါ"

"ဟုတ်ပါတယ် ဒယ်ဒီ"

"သားမာမီကိုပါခေါ်ပြီး လိုက်လာခဲ့ပါ သား။ အရေးကြီးတယ်လို့ ပြောလိုက်"

"ဘယ်ကိုလာခဲ့ရမှာလဲ ဒယ်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီသိတယ် သား။ အေးရိပ်ငြိမ်လို့သာ ပြောလိုက်"

"ဟုတ်ကဲ့"

သူ ဖုန်းကိုချလိုက်ပြီး မာမီရှိရာ မီးဖိုဘက် ဝင်လာခဲ့သည်။

"မာမီ. . . ဒယ်ဒီက အရေးကြီးလို့ လိုက်လာခဲ့ပါတဲ့"

"ဟဲ့! ဘယ်ကိုလဲ"

"အေးရိပ်ငြိမ်လို့ပြောတာပဲ"

"ဟယ်! ဘုရား. . . ဘုရား. . . ဒုက္ခပါပဲ၊ အေးအေး. . . လာ၊ အခု ပဲသွားကြစို့. . . သား" -

မာမီက မီးဖိုခလုတ်ကိုပိတ်လိုက်ပြီး လက်ကို ဖေစင်မှာဆေးကာ အိမ်နေအဝတ်အစားနှင့်ပင် လိုက်ခဲ့လေ၏။ လမ်းထိပ်မှာ Taxi ငှားလိုက်ပြီး မာမီညွှန်းသည့်အတိုင်း အေးရိပ်ငြိမ်ကိုထွက်လာခဲ့သည်။

လမ်းချိုးကိုကွေ့ဝင်လိုက်စဉ် သူ မျက်မှောင်ကြုတ်သွား၏။ ကုန်းတက်ကို လီဗာမြှင့်၍ တက်လိုက်သဖြင့် သူ့ရင်ခုန်သံက တဒုတ်ဒုတ်နှင့် အခုန်မြန်လာလေသည်။ ဒါ. . . ဒါ. . . သူ အိပ်မက်ထဲမှာ လာခဲ့တဲ့လမ်း ပါလား။ ဒီလမ်းကို အဆုံးအထိ သွားခဲ့တာလေ။ အဲဒီလမ်းထောင့်ချိုးမှာ လသာဆောင်အကြီးကြီးဆောက်ထားတဲ့ တိုက်ကြီးကိုတွေ့ရမယ်။

ကားက သူ့အာရုံထဲကအတိုင်းပင် လမ်းထောင့်ဆုံးရှိ ခြံထဲသို့ကွေ့ဝင်ကာ သဝင်ဝင်အောက် ထိုးရပ်လိုက်သည်။ သူ Taxi ဖိုးရှင်းနေစဉ်မှာပင် မာမီက အိမ်ထဲအပြေးဝင်သွားလေ၏။ သူ အိမ်ထဲသို့ တဖြည်းဖြည်း ဝင်လာခဲ့သည်။ ဒီအိမ်ထဲမှာ အောက်ပိုင်းမသန်တဲ့ သူ့ညီမလေး ရှိနေလိမ့်မယ်။ ဟုတ်တယ်. . . သူ့ချစ်သူလေး ရှိနေတဲ့အိမ်ပါ။

အပေါ်ထပ်လှေကားကို တစ်ထစ်ချင်း သူတက်လာ၏။ လှေကား



www.burmeseclassic.com

www.burmeseclassic.com



ထိပ်အခန်းထဲမှ ပျာယာခတ်နေသည့်လူတွေကိုကြည့်၍ အခန်းဝမှာ ရပ်လိုက်သည်။ လူတွေကွယ်နေသဖြင့် ကုတင်ထက် လှဲနေသည့်လူနာကို မမြင်ရပေ။ ဒယ်ဒီက နားကျပ်ကိုဖြုတ်၍ နောက်ကိုဆုတ်လိုက်ပြီး သူ့ကို လှည့်ကြည့်လိုက်သည်။

]]ဝ m; . . လာလေ"

သူ့အနီးသို့လျှောက်သွားစဉ် ကုတင်ဘေး ပြုနေသည့်လူများ ဘေးသို့ရှဲသွားလေ၏။ ကုတင်ထက်မှာတော့ သူ့ကို ကိုလေးဟု တဖွဖွခေါ်ခဲ့သည့် ရွှေအဆင်းမည်သော မိန်းကလေးက ငြိမ်သက်စွာ လဲလျောင်းနေလေသည်။

"သားရယ် . . . သမီးလေးကို ညီမလေးလို့ တစ်ခွန်းပဲဖြစ်ဖြစ် ခေါ်ပေးလိုက်ပါကွယ်"

သူ အံ့ဩမှုများစွာဖြင့် ကုတင်ထက်မှ မိန်းကလေးကို ငေးကြောင်ကြည့်နေမိသည်။ ညီမလေးတဲ့ . . . သူ့ညီမလေးဟာ ရွှေအဆင်း ဖြစ်နေပါရောလား။

"သား . . . သူ့ရဲ့နောက်ဆုံးအချိန်လေးမှာ သူသိပ်ကြားချင်နေတဲ့ နာမည်လေးတစ်ခွန်းကို ကြားခွင့်ပေးလိုက်ပါကွယ်"

ဒယ်ဒီက သူ့ပခုံးကိုတစ်ချက်ပုတ်၍ ပြောလိုက်သဖြင့် ကုတင်အနီးသို့ သူရောက်သွား၏။ သူမရင်ဘတ်ပေါ်မှာရှိနေသည်က သူလက်ဆောင်ပေးလိုက်သည့် အရုပ်မလေး။ ရင်ထဲမှာ ဆို့နင့်လာသည့်ခံစားမှုတစ်ပြုတစ်မကြီးကြောင့် လည်ချောင်းဝမှာ အသံတို့ တိုးထွက်မလာအောင် ပိတ်ထားသည့်နှယ်။ သူ . . . ညီမလေး၏ခန္ဓာကိုယ်လေးကို ပွေ့ဖက်လိုက်မိသည်။

ကြည့်ပါဦး . . . ဖြူဖတ်ဖြူရော်နှင့် မျက်ကွင်းညိုနေသည့် မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာ သူ့ကို အင်မတန်ချစ်မြတ်နိုးသည့် ချစ်သူလေးပေါ့။ သူ့ကို သူ့ကို. . . အသက်ထက်မက ချစ်မြတ်နိုးရှာသည့် မိန်းကလေးပေါ့။ နှုတ်ဖျားမှ အသံတီးတိုးထွက်လာ၏။

"ညီမလေး"

သူမက မလှုပ်မယှက်ငြိမ်သက်နေဆဲ။ အနံ့တီနှင့် မာမို့ထံမှ ငိုရှိုက်သံတွေ ဖြိုင်တွေထွက်လာစဉ် သူ့မျက်ရည်တစ်ပေါက်က သူမပါးပြင်ပေါ် ကျသွားလေတော့သည်။

"ညီမလေး. . . ကိုလေး ရောက်လာပြီလေ။ ညီမလေးသိပ်ချစ်တယ်ဆိုတဲ့ ကိုလေး ရောက်လာပြီလေ။ ကိုလေးကိုသိပ်ချစ်တယ်ဆို၊ ကိုလေးရဲ့ရင်ခုန်သံကို နားထောင်ချင်တယ်ဆို။ ညီမလေးပိုင်တဲ့အရာလေးကို နားထောင်မယ်ဆို. . . ညီမလေး. . . ညီမလေးရေ"

သူ့အသံတိုးရာမှ ကျယ်လာပြီး တစ်ခန်းလုံးကို လွှမ်းခြုံသွားတော့သည်။ တင်းကျပ်စွာဖက်ထားသည့် ညီမလေး၏ဦးခေါင်းက သူ့ရင်ခွင်ထဲမှာ နစ်ဝင်နေလေ၏။ မျက်စိတွေ ပြာဝေလာကာ လူကြီးတွေ တစ်ယောက်တစ်ပေါက် ခေါ်လိုက်သံကိုပင် မကြားမိတော့။

ညီမလေးရယ်. . . ပျောက်ကွယ်နေတဲ့ ကိုယ့်အတိတ်လေးကို အခုမှ ပြန်မြင်တွေ့ရတာ။ အခုပဲ ညီမလေးက ကိုယ့်ကိုစွန့်ခွာပြီး ကိုယ့်ဘဝထဲက သွားတော့မှာလား။ ကိုယ်ပေးတဲ့အသက်နဲ့ ညီမလေး ရှင်သန်နေတာဆို။ အခု ကိုယ်ရောက်လာတာကိုတောင် မသိနိုင်တော့ဘူးလား။ ညီမလေးရဲ့ နောက်ဆုံးအချိန်လေးမှာ ညီမလေးပိုင်တဲ့အရာလေးကို နောက်ဆုံး နားထောင်သွားချင်တယ်ဆို။ အဲဒီဆန္ဒကိုဖြည့်ဆည်းပေးခွင့်တောင် ကိုယ် မရနိုင်တော့ပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးရယ်. . . ကိုယ် ညီမလေးကို သနားကရုဏာသက်ပြီး ကြင်နာခဲ့မိရုံတင်မကပါဘူး။ ညီမလေးကိုမြင်မြင်ချင်း ချစ်မြတ်နိုးခဲ့တဲ့သူပါ။ ညီမလေးကို ကိုယ့်အသက်လို မြတ်မြတ်နိုးနိုးနဲ့ ချစ်နေတဲ့သူပါကွယ်။ ညီမလေးအတွက်ဆိုရင် ညီမလေး ဘာကိုပဲတောင်းတောင်း ကိုယ်ပေးစွံ့ပါတယ်။ ညီမလေး. . . ညီမလေးရေ"

တဒုတ်ဒုတ် နှလုံးခုန်သံကြောင့် အဝေးတစ်နေရာမှ သူမ ပြေးလာမိသည်။ အာရုံမှာ ကြားနေရတာက အနီးကပ်မို့ လူက ဆတ်ခနဲဖြစ်သွားသည်။ မျက်လုံးကို ခပ်ဖြည်းဖြည်းဖွင့်မိစဉ် ရင်ခွင်တစ်ခုမှာ နှစ်မြုပ်နေပါသည့်သူမ။

ရှိုက်သံတွေကြားမှာ သူမကို တင်းတင်းကျပ်ကျပ်ပွေ့ဖက်ထားသည့် သူ့ကို မော့ကြည့်လိုက်မိသည်။ အို. . . ကိုလေးရယ်၊ ရွှေလေး လိုချင်တဲ့ ဆန္ဒတွေ တကယ်ကို ပြည့်ခဲ့ရပြီပေါ့။

ဖျတ်ခနဲငုံ့ကြည့်လိုက်သည့် သူ့မျက်ဝန်းမှ ဝမ်းသာရိပ်ကို မြင်လိုက်ရသည်။ အနိုင်နိုင်ပြုံးပြလိုက်ရင်း လက်ထဲမှာ တင်းတင်းဆုပ်ကိုင်ထားသည့်အရာလေးကို လှမ်းပေးလိုက်သည်။ သူ့လက်ဝါးထဲမှာ ပေါ်လာသည်က မည်းနက်နေသည့် ကြယ်သီးလေးတစ်လုံး။

အို. . . ညီမလေးရယ်၊ ဒီလောက်သေးမွှားတဲ့အရာလေးကိုတောင် မပျောက်ပျက်အောင် ထိန်းသိမ်းထားပေးနိုင်တာ ကိုယ့်အပေါ်မှာ အပေါ်ယံမဟုတ်ဘဲ အလေးအနက်ထားတယ်ဆိုတဲ့သဘောပေါ့နော်။

"ကို. . . ကိုလေး"

"ညီမလေး"

"ကိုလေး မှတ်မိသွားပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းကိုအနိုင်နိုင်ညိတ်လိုက်ရ၏။ သူမမျက်နှာထက်မှ ပါးချိုင့်လေးနှစ်ခု ခွက်ဝင်သွားလေသည်။

"ရွှေလေးလေ. . . ကိုလေးကိုသိပ်ချစ်ခဲ့တာပါ"

"ကိုယ်ယုံပါတယ် ညီမလေးရယ်၊ ကိုယ်ယုံပါတယ်"

"ရွှေလေးကို. . . ရွှေလေးကို. . . ဘယ်တော့မှ ခွဲမသွားပါဘူးလို့ ကတိပေးပါနော်"

"ပေးပါတယ် ညီမလေးရယ်"

"တကယ်နော်"

"တကယ်ပါ"

"မညာရဘူးနော်"

"မညာပါဘူး။ ကတိပါကွာ. . . ကတိပါ"

လူကြီးများထံမှ ခပ်သဲ့သဲ့ရယ်သံကို ကြားလိုက်ရသည်။ သူ မပြုံးဘဲ မနေနိုင်တော့ပေ။ ခွက်ခနဲ ချိုင့်ဝင်သွားသည့် ပါးချိုင့်လေးကို အမြတ်တနိုး ငုံ့မွှေးလိုက်မိသည်။ သူမမျက်နှာလေး ရဲခနဲဖြစ်သွားပြီး သူ့နားရွက်ကို ဆွဲလိမ်လိုက်လေသည်။

သြော်. . . ကိုယ်. . . အသက်လို ချစ်မြတ်နိုးတာကို ညီမလေးလည်း နှလုံးသားနဲ့ထပ်တူ နားလည်မှာပါလေ။ ။

www.burmeseclassic.com

www.burmeseclassic.com

လေးစားလျက်. . .



7th Nov. 2007
PM 10:45

www.burmeseclassic.com